www.burmeseclassic.com

WoCats PUBLICATION

မောင်မျိုး စီစဉ်သည်

# မဇနော်ဟာရီ

ရေတံခွန်အာတု



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၁၉၁/ ၂၀၀၄ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၂၅၈/ ၂၀၀၄ (၃)

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၄ ခုနှစ် အောက်တိုဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



# [ က ]

"တီ...တီ...တီ...တီ"

မနက်စောစောစီးစီးမြည်လာသည့် ဖုန်းသံကြောင့် မေဦး စိတ်တို သွားရသည်။ အိပ်ရာဘေး Bedside Table ပေါ်တွင် ချထားသော Cordless ကို အိပ်ချင်မူးတူးနှင့် လှမ်းဆွဲလိုက်ရ၏။ မဆွဲလျှင် ဆက် လက် နားညည်းနေမှာ သေချာသောကြောင့် ဖြစ်သည်။

"ဟဲလို"

"မေဦးလား"

"အင်း...အာ...စောစောစီးစီး ဘာရှပ်တာလဲ"

အသံကြားတာနှင့် 'ရေချမ်း'အသံမှန်း သေချာသွားရသည်မို့ မေဦး စိတ်တိုတိုနှင့် အော်ပစ်လိုက်သည်။ 'ရေချမ်း'ကလည်း [illegible]

"အောင်မယ် ရှပ်တာကနင်..."

နင်ပဲ ဒီအချိန်ဖုန်းဆက်တာ၊ ငါရှပ်တာ ဖြစ်ရဦးမလား"

"ဟင်...နင်မှ မရှုပ်ရင် ဒီအချိန် စောစောစီးစီး အိပ်ရေးပျက် ခံပြီး နင့်ဆီ ဖုန်းဆက်ရလောက်အောင်ကလည်း နင်က နံနက်ချိန်ခါ တေးသံသာ မဟုတ်"

ရေချမ်းစကားကြောင့် မေဦး ဒေါသပိုထွက်လာရသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



# [က]

BURMESE CLASSIC

"တီ...တီ...တီ...တီ"

မနက်စောစောစီးစီးမြည်လာသည့် ဖုန်းသံကြောင့် မေဦး စိတ်တို သွားရသည်။ အိပ်ရာဘေး Bedside Table ပေါ်တွင် ချထားသော Cordless ကို အိပ်ချင်မူးတူးနှင့် လှမ်းဆွဲလိုက်ရ၏။ မဆွဲလျှင် ဆက် လက် နားညည်းနေမှာ သေချာသောကြောင့် ဖြစ်သည်။

"ဟဲလို"

"မေဦးလား"

"အင်း...အာ...စောစောစီးစီး ဘာရှုပ်တာလဲ"

အသံကြားတာနှင့် 'ရေချမ်း'အသံမှန်း သေချာသွားရသည်မို့ မေဦး စိတ်တိုတိုနှင့် အော်ပစ်လိုက်သည်။ 'ရေချမ်း'ကလည်း [illegible]

"အောင်မယ် ရှုပ်တာကနင်..."

"နင်ပဲ ဒီအချိန်ဖုန်းဆက်တာ၊ ငါရှုပ်တာ ဖြစ်ရဦးမလား"

"ဟင်...နင်မှ မရှုပ်ရင် ဒီအချိန် စောစောစီးစီး အိပ်ရေးပျက် [illegible] ခံပြီး နင့်ဆီ ဖုန်းဆက်ရလောက်အောင်ကလည်း နင်က [illegible] ပေးသံသာ မဟုတ်"

ရေချမ်းစကားကြောင့် မေဦး ဒေါသပိုထွက်လာရသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ကိုစွဖြစ်နေနိုင်တာမို့ စိတ်ကို အသာလေးလျှော့ချကာ ပြန်မေးလိုက်ရ၏။

"ကဲကဲ...ဘာလဲ...လိုရင်းပြော..."

"နင် ရှာခိုင်းထားတဲ့ အဆောင်လေ..."

ရေချမ်း စကားမဆုံးသေး မေဦး ခုတင်ပေါ်မှ ခုန်ထကာ ဝမ်းသာအားရနှင့် မေးလိုက်မိသည်။

"အေး...ဘာလဲ...ရပြီလား၊ အခန်းကျယ်လား၊ နေရာကောင်းလား၊ ဖုန်းရှိလား"

"ဖြည်းဖြည်းမေးပါ မေဦးရာ၊ အဲဒါတွေက နင်တွေ့မှ ကြည့်ရမှာ၊ ငါ ဆယ့်ငါးမိနစ်အတွင်း လာခေါ်မယ် စောင့်နေ"

ဘာမှ စောဒကတက်ချိန်မရလိုက်သဖြင့် ဆယ့်ငါးမိနစ်နှင့် အကုန်အပြီးအစီး လုပ်ရတော့မည်။ အန်တီအေးကတော့ မေဦးကို ကြည့်ကာ ခေါင်းခါ၏။ မတတ်နိုင်ပါ။ မေဦးကလည်း ဒီအိမ်မှာ ဆက်မနေချင်သလို အန်တီအေးသည်လည်း မေဦး၏ ဆွေမျိုးရင်းချာ အုပ်ထိန်းသူ မဟုတ်ပါ၍ တားပိုင်ခွင့်မရှိ။ မေဦးက အန်တီအေးကို မမြင်ချင်ယောင်ဆောင်ကာ ရေချိုးခန်းထဲ တန်းဝင်လိုက်သည်။

ကမန်းကတန်း မျက်နှာသစ်ပြီး ရေပါချိုးရသည်။ ပြီးတာနှင့် မှန်တင်ခုံရှေ့ထိုင်ကာ day cream တစ်မျိုးလိမ်းကာ ပေါင်ဒါဖို့သည်။ ခေါင်းဖြီးသည်။ အဝတ်အစားလဲသည်။ မေဦးအတွက်က အချိန်တောင် ပိုနေသေးတာမို့ အန်တီအေး ဖျော်ထားသော ကော်ဖီကို မော့ချလိုက်သေးသည်။

"သမီး...မေဦး"

"ရှင်...အန်တီအေး"

"အဆောင်သွားကြည့်ဦးမလို့လား"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်..."

"အိမ်မှာ သမီးမရှိရင် အန်တီအေးတို့လည်း မနေချင်ပါဘူး ကွယ်"

"ဒီတော့..."

"အန်တီအေးမှာက ပြန်စရာလမ်းလည်း မရှိဘူး၊ သမီးကလည်း မရှိတော့ အန်တီအေး ဒီအပြင်က အဆောင်လေးမှာပဲ အန်တီအေးဖူနဲ့ နေမယ်လေ"

"သဘောပဲ အန်တီအေးရေ၊ အိမ်စောင့်ရှိတော့ တော်သေးတာပေါ့၊ မဟုတ်ရင် အိမ်ကို ပိတ်ထားရမှာ၊ စိတ်ချပါ အန်တီအေးရော အန်တီအေးတူကိုကော မေဦးက လစာပေးထားမှာပါ"

"အေးပါကွယ်"

တော်ပါသေးသည်။ အိမ်ရှေ့က ကားဟွန်းသံကြားရ၍ ရေချမ်း ရောက်ပြီဟုဆိုကာ အန်တီအေးရှေ့မှ ပြေးထွက်လာခဲ့တော့သည်။ ကား ပေါ်ရောက်တော့ မောနေပြီ။ ရေချမ်းက...

"ဘာဖြစ်တာလဲ၊ အလှပြင်မပြီးဘူးလား"

"ထပ်...ဝေးသေး၊ ခုဟာက အန်တီအေးရှေ့က ပြေးထွက်လာ တာမို့"

"အေး...ဟုတ်တယ်၊ နင်က အဆောင်မှာ သွားနေတော့ အန်တီအေးတို့က ဘယ်လိုနေမှာလဲ"

"ခုလည်း ဒါပဲ ပြောနေတာ၊ ငါမရှိရင် အန်တီအေးက အိမ်ကြီး ပေါ်မှာ မနေချင်ဘူးတဲ့"

"အေးလေ...ကြောက်ရှာမှာပေါ့"

ရေချမ်းက ပခုံးလေးတွန့်ကာ ပြုံးစစပြောသဖြင့် အကျင့်ပါနေ သော လက်က ရေချမ်းကို ဆွဲဆိတ်ပစ်လိုက်သည်။ ရေချမ်းက မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အစွမ်းကုန်ရှုံ့မဲ့ပြသည်။ အော်တော့ မအော်ချေ။

"အဲဒါ အန်တီအေးနဲ့ သူ့တူအုန်းရွှေနဲ့ ဂိုထောင်အပေါ်က အခန်းမှာပဲ နေမယ်လို့ ပြောတယ်"

"ကောင်းတာပေါ့၊ အိမ်စောင့်ရတာပေါ့"

"အေးလေ၊ ကောင်းပါတယ်၊ သူတို့ကို လခပေးထားရတာက လည်း သိပ်တော့ အပမ်းမကြီးပါဘူး၊ အရင်ကလည်း ပေးထားရတာပဲ"

ရေချမ်းက မေဦးဘက်ကို မသက်မသာတစ်ချက် နိုးငဲ့ကြည့်ရင်း...

"နင်လည်း ပြောမရလို့သာ၊ နင်ကကော အိမ်မှာနေရမှာ ကြောက်လို့လား၊ ကိုယ့်အိမ်ကိုယ်နေတာပဲ ကောင်းပါတယ်ဟာ"

"ဘာကြောက်စရာရှိလဲ၊ ဘာမှ မကြောက်ဘူး၊ ခုဟာက ငါ ကိုကို့ကို အရမ်းလွမ်းတဲ့ ဒဏ်မခံနိုင်လို့၊ ပြီးတော့ ဘေးမှာ အဖော်တွေ ရှိနေတော့ မေ့ထားချင်ခိုင်လည်း ရတာပေါ့၊ အိမ်မှာကျ စကားပြောဖော်က [illegible]ညာ၊ သူတို့က ငါ့ကို စကားမပြောရဲနဲ့ စိတ်ညစ်စရာကြီး"

"အင်းနော်...ခက်တာက ငါကလည်း နင့်ကို အဖော်ရပါစေ တော့ဆိုပြီး အနှစ်နာခံပြီး မယူခဲ့[illegible]"

"သေပစ်လိုက် ရေချမ်း၊ ရေပူပူထဲ ခုန်ချပြီးသေ၊ ငါကလည်း နင့်ကို မစဉ်းစားပါဘူး"

"ငါကလည်း နင့်ကို မကြိုက်ပါဘူး"

"မကြိုက်ရင် နေပေါ့၊ ဘယ်သူကမှ မကြိုက်နိုင်ဘူး"

"မကြိုက်ကြောင်း ကြိုပြောထားတာပါ၊ တော်ကြာ..."

ရေချမ်းစကား မဆုံးလိုက်ပါ။ စတီးရာရင်ကို ကိုင်ထားသော ရေချမ်းလက်ကို ဆွဲချဖို့ ကြိုးစားလာသဖြင့် ရေချမ်း ပါးစပ်ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတော့သည်။

မွှာရုံလမ်းလေးထဲဝင်ပြီး အတော်လေးရောက်တော့ ခြံတစ်ခြံထဲကို ကွေ့ဝင်လိုက်သည်။ ခြံဂိတ်မှာ ထွင်းထားသည်က "ပျိုးဥယျာဉ် အမျိုးသမီး (သီးသန့်)ဆောင်"တဲ့။ ခြံဝန်းက အတော်လေးကျယ်ကာ အိမ်မကြီးက သပ်သပ်။ အဆောင်ခန်းများရှိရာ သုံးထပ်ဆောင်ကြီးက သပ်သပ်၊ ခြံထောင့်မှာတော့ သစ်လုံးအိမ်လှလှလေးတစ်လုံး။ အဆောင်မှူးက ရေချမ်းကို ထွက်ကြို၏။

"လာ...မောင်ရေချမ်း"

"အထဲမဝင်တော့ဘူး အန်တီ၊ အခန်းကြည့်ရအောင်"

"ကြည့်လေ...လာလာ"

အန်တီဆိုသူက မေဦးကိုပါ ယှည့်ခေါ်ရင်း အကဲခတ်သည့် အကြည့်များနှင့် ကြည့်နေသဖြင့် ရိပ်မိအကင်းပါးသော ရေချမ်းက...

"အန်တီ...ဒါ မေဦးမိုးစက်တဲ့၊ ကျွန်တော့်သူငယ်ချင်းပဲ၊ ကျောင်းမှာကတည်းက အရမ်းခင်ကြတယ်၊ မေဦး ဒါက အန်တီလေးရဲ့ သူငယ်ချင်း အန်တီမြတ်မွန်တဲ့"

"ဟုတ်ကဲ့"

အန်တီမြတ်မွန်တို့ အဆောင်က သုံးထပ်ရှိကာ တစ်ထပ်တွင် အခန်းကျယ် တစ်ခန်း၊ အခန်းငယ် ငါးခန်းနှင့် စုစုပေါင်း (၁၈)ခန်းရှိသည်။ လွတ်သည့်အခန်းက အခန်းငယ် တစ်ခန်းတည်း။

"အခန်းကျယ် မရှိဘူးလား အန်တီ"

"အေးကွယ်၊ ညကပဲ မိတ္ထီလာက အန်တီ့တူမရောက်လာတာနဲ့"

အန်တီမြတ်မွန်က အားတုံ့အားနာဟန်ဖြင့် စကားကို မ[illegible] ရပ်ထားသဖြင့် မေဦးနှင့် ရေချမ်း တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ် ပါစွာ ကြည့်ဖြစ်ကြသည်။ ကြည့်ရတာတော့ ရေချမ်းကို မနေ[illegible]

www.burmeseclassic.com



ခြောက်နှစ်ကတော့ အခန်းကျယ်ဟု ပြောပေလိမ့်မည်။ ခုကျကာမှ တူမ အရုပ်ခေါက်ခေါက်ကို ဦးစားပေးလိုက်ရပုံပေါ်သည်။ နေရာက ကောင်းကာ ကျဉ်းပြီး မေဦး ကားယူလာလျှင်ပင် ကားထားရန် နေရာရှိသည့်အတွက် စိတ်တော့မကောင်းပါ။ သို့သော် ဘာမှ မတတ်နိုင်။

"ဒါဆိုလည်း ငါတို့ သွားရအောင် ရေချမ်း"

ရေချမ်းက မေဦး ပြောနေတာကို စိတ်မဝင်စား။ သစ်လုံး အိမ်ကလေးဆီ အကြည့်ရောက်သွားသည်။ မေဦးပါ ရေချမ်းနှင့်အတူ လိုက်ကြည့်မိတော့ သစ်လုံးအိမ်လေးက သော့တန်းလန်းနှင့်။ အတော် လေးပင် အရောင်လွင့်ချင်ချင်။

"အန်တီ အဲဒီအိမ်က..."

"အန်တို့သား ဆောက်ထားတာလေ၊ ခု သူက UN project တစ်ခုမှာ အလုပ်ရတော့ နိုင်ငံခြားရောက်နေတယ်"

"လှတယ်နော်"

"ဟုတ်တယ်၊ သားက သိပ်စိတ်ကူးယဉ်တာ"

သူ့သား စိတ်ကူးယဉ်တာ မယဉ်တာ မေဦးတို့နှင့် မဆိုင်ပါ။ မေဦးကတော့ ဆိုင်သောစကားကိုပဲ မေးချင်မိသည်။ သို့သော် ရေချမ်းက...

"အဲဒီအိမ်လေးရော မငှားဘူးလား အန်တီ"

တစ်ခါမှ မစဉ်းစားဖူးထားသော အကြောင်းအရာကို အမေးခံ လိုက်ရသဖြင့် အန်တီမြတ်မွန် တွေဝေသွားသည်။ ထို တွေဝေမှုကို အခွင့်ကောင်းယူကာ အရာရာအကင်းပါးလှသော ရေချမ်းကပင်ဆက်၍...

"ငှားပါလား အန်တီ၊ အိမ်လခပေးသလိုပဲ ပေးမှာပေါ့၊ အန်တီ လေးကလည်း မေဦးကို စိတ်မချဖြစ်နေတာ၊ အန်တီ့အခြေအနေမှာမို့ စိတ်ချလက်ချလွှတ်လိုက်တာ၊ မဟုတ်ရင် ပေးနေမှာ မဟုတ်ဘူး။

www.burmeseclassic.com



ကျွန်တော်လည်း တာဝန်ကင်း၊ အန့်တီလေးလည်း စိတ်ချ၊ အန့်တီလည်း အလကားထားရမယ့်တူတူ လူနေ့နေတော့ အိမ်က မပျက်စီးဘူးပေါ့၊ မေဦးလည်း လုံခြုံတာပေါ့''

''အမယ်လေး...ရေချမ်းရယ်၊ ဖြည်းဖြည်းပြောပါ၊ အန့်တီ စဉ်းစားပါရစေဦး''

''သားနဲ့ တိုင်ပင်ကြည့်ရဦးမယ်''

''တိုင်ပင်မနေပါနဲ့၊ သူလည်း နိုင်ငံခြားမှာ ကြာဦးမှာပဲ၊ မေဦး က အခိုက်အတန့်ပဲနေမှာပါ''

''အေးပါကွယ်''

''ဒါဆို မေဦး ဘယ်တော့ပြောင်းလာမလဲ''

ရေချမ်းက အန့်တီ၏ 'အေးပါကွယ်'ကို အကုန်လုံးအတွက် ခြုံငုံသတ်မှတ်လိုက်ကာ သူကပင် ဘယ်တော့ပြောင်းလာမလဲဟု ဝင်မေး နေ၍ မေဦး ရယ်ချင်ရသေးသည်။ သို့သော် မရယ်ရဲပါ။ မေဦး ကိုယ်၌ ကလည်း ဒီနေရာလေးကို လက်လွတ်မခံချင်သဖြင့် ငြိမ်နေလိုက်ရသည်။

''မနက်ဖြန်ပေါ့''

''မနက်ဖြန်တဲ့...အန့်တီ ရမလား''

''အန့်တီက အိမ်ကို ရှင်းလင်းရဦးမှာ''

''ဒါဆို သန်ဘက်ခါမနက် လုပ်လိုက်နော်...မေဦး''

ရေချမ်းက အန့်တီမမြင်အောင် မျက်စိမှိတ်ပြကာ ရွှန်းရွှန်းဝေ အောင် သူကချည်း ဦးဆောင် စီစဉ်လေတော့သည်။

''အိမ်လခကရော အန့်တီ''

မေဦးက လိုရင်းကို မေးရသေးၐ်။

အန့်တီက တစ်ချက်စဉ်းစားကာ...

''သုံးသောင်းဆို များမလား သမီး''

www.burmeseclassic.com

www.burmeseclassic.com



"အာ...မများဘူး အန်တီ၊ မများဘူး"

အဖြေပေးလိုက်သူက မေဦး မဟုတ်ပါ။ ထုံးစံအတိုင်း မောင်ရေချမ်းသာ ဖြစ်၏။ မေဦးအတွက်ကတော့ အီဆိမ့်ချင်သွားရသည်။ ကိုယ့်မှာ ကိုယ့်အိမ်ကိုယ့်ယာရှိလျက်နှင့် သုံးသောင်းပေးနေရတာ တန်တော့မတန်။ သို့သော် မေဦးမှာကလည်း ကိုယ့်စိတ္တဇနှင့်ကိုယ်လေ...။

"ဖုန်းရော အန်တီ"

"ဖုန်းက အများသုံးပေါ့ကွယ်၊ Extention လုပ်ပေးထားရမလား"

"နေပါစေ အန်တီ၊ သီးသန့်မှ မဟုတ်တာ၊ ငါ့ CDMA ခြင်းဖုန်း နှင်ယူထားလေ မေဦး"

ရေချမ်း ရက်ရက်ရောရောပေးသည့် ပစ္စည်းဆိုတာက ရခဲသည်။ အမှန်ကတော့ ရေချမ်းလည်း ထပ်ဦးနှောက်စားခံပြီး အဆောင်ရှာမပေးချင်တာက အဓိကဖြစ်မည်။ ငါ့လက်ကလွတ် ပြီးရောဆိုပြီး ဒီမှာကို အရမ်းကာရော အဆင်ပြေစေချင်ပုံရနေသည်။ ဘာပဲပြောပြော အဆင်ပြေခဲ့ပါသည်။ တစ်လကို သုံးသောင်းနှင့် ကိုယ်ပိုင်သီးသန့် ကျယ်ကျယ်ဝန်းဝန်းလေးလည်း နေရမည်။ ရွယ်တူ အဆောင်သူ အဖော်တွေလည်း ရှိမည်။ ကားထားစရာ နေရာလည်းရှိသည်။ ရေမီးလည်း စုံသည်။ အလုပ်သွားရမှာ တစ်ခုပဲ ဝေးသည်။ မေဦးက ကားကြာကြာမောင်းချင်သူ မဟုတ်ပေ။

လောလောဆယ်တော့ 'ပျိုးဥယျာဉ်' ကလေးကို တွေ့ရှိနိုင်ခဲ့လိုက်သည်။ နောက်တစ်ရက်ဆိုလျှင်တော့ မေဦးလည်း ပျိုးဥယျာဉ်ဝင် ပျိုးပင်ကလေးတစ်ပင် ဖြစ်လာတော့မည်။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



# [ခ]

မေဦး အဆောင်အိမ်ကလေးကို ရောက်သည့်မနက်က အားလုံး မေဦးကို တစေ့တစောင်း လှမ်းအကဲခတ်ကြတာ မေဦး သတိထားမိသည်။ မေဦးကတော့ မြင်မြင်သမျှ မျက်ဝန်းအစုံတွေကို ခပ်တည်တည်နဲ့ ရှှန်းရွှန်း ဝေအောင် ပြုံးပြကာ နှုတ်ဆက်ပစ်လိုက်သည်။ မေဦးမှာက ဘာမှ ကြီးကြီးကျယ်ကျယ် မပါပါ။ အဝတ်ထည့်ရန် ပလတ်စတစ်ပီရှိတစ်ခု၊ အဝတ်အိတ်သုံးအိတ်၊ စာအုပ်စာတမ်းများပါသော အိတ်နှစ်အိတ်၊ ဖန်ခွက် ခွက်ယောက်များပါသော ခြင်းနှစ်ခြင်းနှင့် အိပ်ယာလိပ်တစ်ခုပါသည်။

သူတို့ စိတ်ဝင်စားကြသည်က မေဦး ကိုယ်တိုင်မောင်းဝင်လာသော ကားပင်။ ဘယ်အဆောင်သူမှ ကားယူမလာကြပါ။ မေဦးကလည်း အလုပ်ကို အဝေးကြီးသွားရမှာမို့သာ။ အန်တီအေးနှင့် အုန်းရွှေက ပစ္စည်းများကို ချကာ နေရာတကျနေရာပေးကာ သန့်ရှင်းရေး ထပ်လုပ်ကြသည်။ အန်တီမြတ်မွန်ရိုသား ဆောက်ထားတာမို့လား မသိ။ အထဲမှာက ပရိဘောဂ အပြည့်နှင့်။ ဒါတွေကို အန်တီက ဖယ်မထား။ ဖယ်မထားပေမဲ့လည်း မေဦးတို့က သိတတ်ရမည်။

ပစ္စည်းတွေ နေရာကျပြီးစမှာ ခြင်းဖုန်းတစ်လုံးနှင့် ရေချမ်း ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေဦး"

"ဘာလဲ"

"အန်တီက ပြောစရာရှိလို့တဲ့၊ ခဏလောက်လာဦးတဲ့"

ကိုယ်က ပရိဘောဂအသစ်စက်စက်တွေ အကြောင်းတွေးနေသူမို့ ဒါပဲ ပြောလိမ့်မည်ဟု ထင်ပြီး ရင်ထဲက ပေးရန် အသင့်ဖြစ်နေသော ကတိနှင့် ထလိုက်သွားမိသည်။ သို့သော်...

"လာ...ထိုင်သမီး"

"ဟုတ်ကဲ့ အန်တီ"

"သမီးရယ်၊ အန်တီ့အဆောင်မလည်း မေဦးက Lucky girl များလား မသိပါဘူးကွယ်"

အစချီလာသော စကားက ဘယ်လိုမှ နားမလည်နိုင်သော စကားမို့ ရေချမ်းကို မျက်လုံးပြူးကြည့်မိတော့ အန်တီ့နောက်က ရေချမ်းက ခေါင်းကို မသိမသာ ခါပြ၏။ သူလည်း ဘာမှ မသိဘူးဆိုသော သဘော...။

"ပြောပါ အန်တီ၊ မေဦး နားမလည်ဘူး"

"ဩော်...မေဦးလာမယ်ဆိုကတည်းက အဆောင်ခန်းတွေက အကုန်ပြည့်၊ အိမ်လေးပါ ငှားရတဲ့ပြင် ခု တစ်ယောက်ကလည်း အဖွင့်အမမှ နေချင်ရပြန်သတဲ့"

ခုထိ ဇာတ်ရည်က မလည်သေး။ ကိုယ်ကပဲ နေရာချပြီးသော ပစ္စည်းများကို ပြန်သိမ်းသွားရတော့မလိုလို၊ ခုတစ်ယောက်ကကော ဘူမဝမ်းကွဲများလား...။

"အဲဒီတော့ အန်တီပြောချင်တာက..."

မေဦး တမင်ပင် စကားကို မဆုံးဘဲ ရပ်ထားလိုက်၏။

"မေဦးလည်း အဖော်ရ၊ လခလည်း သက်သာအောင် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာ ကောင်မလေးတစ်ယောက် ထပ်သွင်းချင်လို့ မေဦး လက်ခံမှပါ''

''လခသက်သာတာ မသက်သာတာက အရေးမကြီးပါဘူး အန်တီရဲ့၊ အရေးကြီးတာက မေဦး မလွတ်လပ်မှာ စိုးတာ''

ရေချမ်းက နောက်ကနေ ခပ်တည်တည်ဝင်ပြောဏ်။ သူကတော့ ပြောရဲမှာပေါ့။ မျက်နှာမှ မမြင်ရဘဲ၊ မျက်နှာပူစရာ မလိုဘူးပေါ့။ မေဦး မှာသာ ကြီးကြီးကျယ်ကျယ်လေးဟု အထင်ခံရမှာစိုးတာနဲ့ပဲ ကပျာကယာ ဝင်ပြောရဏ်။

''အာ...အဲလိုတော့ မပြောနဲ့လေ ရေချမ်းရဲ့၊ မေဦးလည်း ဒီလိုနေရာလေးရဖို့ အတော်ရှာခဲ့ရတာ၊ ခု တစ်ယောက်လည်း မေဦး လိုပဲ နေမှာပေါ့၊ ပေးနေလိုက်ပါ၊ မေဦးလည်း အဖော်ရတာပေါ့''

''အေးကွယ်၊ အဆင်ပြေတော့ ကောင်းတာပေါ့၊ တစ်ဖက်က လည်း ရေချမ်းအန်တီလိုပဲ မျက်နှာနာရမယ့် သူငယ်ချင်းရဲ့တူမ ဖြစ်နေလို့''

''ရပါတယ် အန်တီ၊ ဩော်...အန်တီ၊ အိမ်ထဲက Furniture တွေကရော အန်တီ မသိမ်းတော့ဘူးလား''

''မသိမ်းတော့ပါဘူးကွယ်၊ သမီးတို့လည်း ဖြစ်ကတတ်ဆန်း နေမယ့် သူတွေမှ မဟုတ်ဘဲ''

''ကျေးဇူးတင်ပါတယ် အန်တီ၊ အဲဒီလာနေမယ့် တစ်ယောက် ကကော ဘယ်တော့ ရောက်မှာလဲဟင်''

''ညနေ ရောက်မယ်ထင်တယ် သမီးရဲ့၊ အန်တီ ခု အကြောင်း ပြန်လိုက်မှာလေ''

ပြန်ထွက်လာတော့ အန်တီအေးနဲ့ အုန်းရွှေက အပြုံးညှိခံများ မှာ ဇုတ်တုတ်။ ထိုအခါကျမှ အဆောင်စည်းကမ်းကို သတိရကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ရေချမ်း၊ နင်လည်း ဟိုမှာသွားထိုင်"

"ဘာလို့ ထိုင်ရမှာလဲ"

"ဒါ မိန်းကလေးဆောင်လေ၊ တွေ့လား စာရေးထားတာ၊ ဒီ ပုဏ္ဏရိပ်စည်းကို ကျော်၍ အမျိုးသားညှော်သည်များ မဝင်ရတဲ့"

"ဟာဟ...ငါက ရေချမ်းလေ"

"ဘာဆိုင်လဲ"

"ဆိုင်တယ်၊ အန်တီမြတ်မွန်က ငါ တစ်ခွန်းပြောရုံပဲ၊ ဒါပေမဲ့ သိပ်မကြီးကျယ်ပါနဲ့၊ နင့်ဆီတော့ ငါက ကျော်မဝင်ပါဘူး၊ ဟိုဘက် အဆောင်က ၁၈ ယောက်ကိုတော့ အာမမခံဘူး ဟား ဟား ဟား"

"အလကား...ခွေးကောင်၊ နှာဘူး"

"သွားပြီ တော့တာ၊ ညနေကျမှ နင်နဲ့နေမယ့် ကောင်မလေး ချောမချော လာကြည့်မယ်သိလား"

ပြောပြောဆိုဆို ထ,ထွက်သွားသဖြင့်...

"ဟဲ့...နေဦး၊ အန်တီအေးတို့ကို ပြန်ပို့ပေးခဲ့ဦး"

...ဟုဆိုကာ သူ့ကားပေါ် အတင်းအဓမ္မတင်ပေးလိုက်ရသည်။ ရေချမ်းက အသာတကြည်မဟုတ်ဘဲ စူပုပ်ပုပ်မျက်နှာပေးဖြင့် ခေါ်တင် သွားပေးရှာသည်။ မေဦး ဘဝမှာကလည်း ကိုကို မရှိတော့ကတည်းက ရေချမ်းတစ်ယောက်သာ အဖော်ရှိတော့တာ မဟုတ်လား။ ရေချမ်းက အကင်းပါးသည်။ အရိပ်သုံးပါး နားလည်သည်။ ဉာဏ်ကောင်းသည်။ ထက်မြက်သွက်လက်သည်။ သူ့ ကြည့်ရသည်မှာ အမြဲတမ်း ပေါ့ပါးနေ တတ်သည်။ ကိုကိုကတော့ သူ့ Manager လေး ရေချမ်းကို တဖွဖွ ချီးကျူးမဆုံး။ ဖြစ်နိုင်ရင် သူ့ညီမ မေဦးကိုပင် ရက်ရက်ရောရော ပေးလိုက် ချင်ပုံရသည်။ ခက်တာက မေဦးက ရေချမ်းကို တစ်စက်ကလေးမှ ပြစ်မှားကြည့်၍ မရခြင်းပင်။ ရေချမ်းဘက်ကလည်း ထို့အတူတူပင်ဖြစ်လိမ့်

www.burmeseclassic.com



မည်ဟု မေဦး ထင်သည်။ ခင်မင်မှုသံယောဇဉ်ကတော့ တော်တော်လေး ကြီးကြတာ ဝန်ခံပါသည်။ ရေချမ်းက မေဦးထက် တစ်နှစ်လားပဲ ကြီးပါသည်။ သို့သော် ရေချမ်းက ပိုပြီး ရင့်ကျက်သည်။ မေဦးကသာ ကိုကို မရှိတော့မှ မြုန်းခနဲ နတ်ရေကန်ထဲ ကိုယ့်ဘာသာကိုယ် ခုန်ချကာ လူကြီး အတင်းလပ်ရတော့မှာမို့ စိတ်တွေအရမ်းကြီးကို လေးနေရတော့သည်။

"ဒေါက်...ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံလေးချက်တိတိ ကြားရသည်။ နာရီလှမ်းကြည့်တော့ ညနေလေးနာရီတိတိ။ မေဦး တံခါးကို ထဖွင့်တော့ တံခါးဝမှာ မေဦးကို ကြည့်ကြည်စင်စင်ကလေး ရယ်ပြနေသည့် ကောင်မလေး တစ်ယောက်။ သွေးမရှိသကဲ့သို့ ဖြူရော်နုဖတ်နေသော မျက်နှာလေးတွင် ဘာမှ လိမ်းမထား။ အသားရောင်နှုတ်ခမ်းဆိုးဆေးကိုသာ ပါးပါးလေး ဆိုးထားသည်။ အဖြူရောင်ဇာနားတပ်ဂါဝန်ရှည်ကြီးနှင့်...

"ဒီမှာ မေဦးနဲ့ နေမယ့်သူလား"

"ဟုတ်တယ်"

"လာလာ...အထဲလာ၊ မေဦး ဘာကူသယ်ရမလဲ"

"ဟင့်အင်း...မလိုဘူး၊ သယ်မယ့်သူတွေ ပါတယ်"

ထူးထူးဆန်းဆန်း သူမမှာလည်း မေဦးလိုပင် အန်တီအေးအေးရွှယ်ခန့် အဒေါ်ကြီးတစ်ယောက်နှင့် ကောင်လေးတစ်ယောက် ပါလာသည်။ တစ်ခုပဲ ကွာသည်။ သူမ အဒေါ်ကြီးကတော့ အင်မတန်မှ ဂုဏ်မောက်ပုံရသည်။ မျက်နှာက တင်းထန်နေကာ မေဦးကိုပင် အဖက်မတန်ချင်သလိုလို။ အိပ်ခန်းက နှစ်ခန်းမို့ တခြားအခန်းတွင် သူတို့ နေရာချကာ ဖြစ်ခင်ကြသည်။ အိပ်ရာခင်းပေး၊ မေဦးလိုပင် ပလတ်စတစ်ဗီရိုလေး ဆင်ကာ အဝတ်အစားများ ချိတ်ပေး၊ သေတ္တာနှစ်လုံးနှင့်ကို ကုတင်

www.burmeseclassic.com



အောက် သွင်းပေးသည်။ ကုတင်ဘေးရှိ စားပွဲပေါ်တွင် ဆေးပုလင်း ပေါင်းစုံနှင့် ဓာတ်ဘူး၊ ခွက်၊ မုန့်ပုံးများ နေရာယူထားကာ ကုတင်ပေါ်တွင် တော့ အရုပ်များက နေရာယူလိုက်ကြသည်။

အိုးအိုး...အရုပ်တွေမှ မနည်းမနော။ ဝက်ဝံအကြီး၊ အသေး၊ Pooh ဝက်ဝံ Tweety ရုပ်၊ Bunny ရုပ်၊ ကြောင်ရုပ်၊ ခွေးရုပ် စုံနေသည်။ သူမလေးက ဝက်ဝံဖြူကြီးတစ်ကောင်ကို ကောက်ကိုင်ကာ အိပ်ရာပေါ် ဝင်လှဲနေလိုက်၏။ မေဦးကတော့ ညှော်ခန်းမှ တစေ့တစောင်း လှမ်း အကဲခတ်နေမိသည်။

အားလုံးပြီးသွားတော့ အဒေါ်ကြီးက လက်ပွေ့အိတ်ထဲမှ ငွေစက္ကူ တချို့နှင့်အတူ ပစ္စည်းတစ်ခုကို သူမအားပေးသည်။ သူမက စိတ်မပါသလို လှမ်းယူရင်း စားပွဲပေါ် တင်ထားလိုက်၏။

"ဆေးမှန်မှန်သောက်၊ ဆေးခန်းသွားရမယ့်နေ့ကျ လာခေါ်မယ်၊ ရောဂါဖောက်လာရင် ချက်ချင်းဖုန်းဆက်၊ ဖုန်းကို ဘက်ထရီအားသွင်းဖို့ လည်း မမေ့နဲ့ဦး ဟုတ်ပြီလား"

"ဟုတ်"

"ကဲ...ဒါဆို သွားပြီ"

ပြောပြောဆိုဆို အဒေါ်ကြီးက ပြန်ရန် ပြင်၏။ မပြန်ခင် မေဦး အခန်းဘက် လှည့်ကြည့်သွားသေးသည်။ အဝင်ဝနားမှာ ထိုင်နေသော မေဦးကို နှုတ်ဆက်ဖော်မရဘဲ ခြေဆုံးခေါင်းဆုံးတော့ အကဲခတ်သွား ဖော်ရ၏။

ကားသံကြားရပြီး ဝေးဝေးရောက်ပြီဟု ထင်ရသော အချိန် လောက်ကျမှ ကုတင်ပေါ်က ကောင်မလေး ခုန်ထလာသည်။

"ဟေ့ ခုမှ လွတ်လပ်တော့တယ် သိလား"

"အင်း..."

www.burmeseclassic.com

www.burmeseclassic.com



"နာမည် ဘယ်လိုခေါ်လဲ"

"မေဦးမိုးစက်"

"ဟာ...လှလိုက်တာ၊ ကိုယ့်နာမည်နဲ့များ တခြားစီ"

"ဟင်...နာမည်က ဘယ်လိုခေါ်လို့လဲ"

"နှင်းခက်ညို့ တဲ့"

"ဟာ...လှပါတယ်"

"လှပါဘူး၊ လှူပဲလှတာ...ဟဲ ဟဲ"

ညိုက ပြောပြီး သူ့ဘာသာသူ သဘောကျကာ ရယ်နေ၏။ ဆံပင်လှိုင်းကြီးခွေခွေများက ရင်ညွန့်ပေါ်ထိ ဝဲကျနေသည့် ညို့မျက်နှာနုနုကလေး တကယ်လှပါသည်။

"ဟုတ်တယ်၊ လူက လှတယ်"

"အာ...နောက်တဲ့ဟာကို မေဦးကလည်း"

"တကယ်ပါ၊ နှင်းခက်ညိုက တကယ်လှတယ်"

"ညို...လို့ပဲ ခေါ်ပါ"

"အင်း အင်း...ညိုကလှတယ်၊ တစ်ခုပဲ..."

"ဘာလဲဟင်"

"လူမမာလေးနဲ့ တူတာ"

"ဟင်...ညိုက လူမမာပဲဟာ၊ ရောဂါသည်"

"အဲဒီလို အမြဲတမ်း တွေးမနေရဘူးလေ၊ လူမမာနဲ့ တူအောင် မနေရင် ပိုလှမှာ"

"ဟင်...တကယ်လား"

"တကယ်ပေါ့"

"ဒါဆို ညို့ကို ဘယ်လိုနေရမလဲ သင်ပေးဦး"

"စိတ်ချ သင်ပေးမှာ...သင်ပေးမှာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ညို အဆောင်မှာ လာနေချင်တာပေါ့၊ အိမ်မှာဆို အားလုံးက ညို့ကို ရောဂါသည်လို ဆက်ဆံကြတာ၊ ညိုက မွေးရာပါ နှလုံးရောဂါလေ၊ အဆောင်မှာကျ ညို အဖော်လည်းရှိ ညိုနဲ့ရွယ်တူတွေ ဘာတွေလုပ်နေကြလည်း သိရအောင် အဆောင်မှာ လာနေတာ၊ မေဦးကရော နယ်ကလား"

"မဟုတ်ဘူး ဒီကပဲ"

ဘာလို့လာနေတာလဲဟု ဆက်မမေး၍ မေဦး မဖြေဖြစ်တော့ပါ။ ဖြေဖြစ်ခဲ့လျှင်လည်း ကိုကို့ကို သတိရခြင်းနှင့် မေဦး နွမ်းခွေသွားပေလိမ့်မည်။

"မေဦး ဘယ်လိုစားသောက်ဖို့ စီစဉ်ထားလဲ"

"အပြင်မှာပဲ စားမယ်လေ"

"ညိုလည်း ချက်မစားချင်ဘူး၊ အတူထွက်စားကြမယ်နော်၊ ဒီညနေစာကို ညိုက မေဦးကို ကျွေးမယ်"

"ဟင့်အင်း မကျွေးနဲ့ဦး၊ ဒီညနေ မေဦးတို့ကို ကျွေးမယ့်လူ ရှိတယ်"

"ဟုတ်လား..."

"ဟုတ်တယ်၊ ကျွေးမှာပါ၊ သူ ကျွေးမှာ သေချာပါတယ်"

မေဦးကတော့ အတွေးနှင့်ကိုယ် ခိုင်ခိုင်လုံလုံပြုံးကာ ပြောမိခြင်းဖြစ်သည်။ ညိုကတော့ နားမလည်နိုင်သော မျက်နှာလေးနှင့်။ ရေချမ်းတစ်ယောက်တော့ မေဦးကို ကျေးဇူးတင်ကောင်းပါရဲ့...။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



# [၈]

ထင်ထားသည့်အတိုင်းပါပဲ။ ညနေ ငါးနာရီခွဲသာသာမှာ ရေချမ်း ရောက်လာသည်။

"မေဦးမိုးစက် ညှော်သည်"

အဆောင်စောင့်၏ အော်သံက ဟိန်းထွက်လာသည်။ မေဦးတို့ ပြင်ဆင်ပြီးသားမို့ တော်သေးသည်။ ညိုကလည်း စကဒ်နက်ပြာရောင် အင်္ကျီနက်ပြာရောင်နှင့် လှပနေသည်။

"ညို တံခါးပိတ်ပြီး လိုက်လာခဲ့နော်၊ မေဦး သွားနှင့်မယ် ဖြည်းဖြည်းလည်း လာဦး၊ မောနေဦးမယ်"

"ကြည့် မေဦးကပါ လူမမာလို ဆက်ဆံပြန်ပြီ"

ညိုက ခြေလေးဆောင့်ကာ စူပုပ်ပြသဖြင့် မေဦး ဘွားပြန်ခေါ် ရသည်။

"ဘွား...ဘွား..."

ညှော်ထိုင်သော ခုံလေးများမှာ တခြားသော အမဲတင်သူတချို့ နှင့် ညှော်သည်များလည်း ရှိနေသည်။ ရေချမ်းက ငုတ်တုတ်

"ဟဲ့...ရေချမ်း..."

"သြော်...ရောက်လာသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ဘယ်လောက်ကြာလို့လဲ၊ ချက်ချင်း ထွက်လာတာကိုး"

"ဩော်...ခုက ခါတိုင်းနဲ့ မတူဘူးလေ၊ မိန်းကလေးတွေက အများကြီး၊ ငါ့ကို ဝိုင်းကြည့်နေကြတာ၊ ငါ...ငါကြောက်တယ်ဟ"

ရေချမ်း၏ သရုပ်ပါသော နောက်ပြောင်မှုကြောင့် မျက်စောင်း လှလှလေးများ ဝဲပျံရောက်လာကြသည်။ တစ်ယောက်ကတော့ ခပ်တည် တည်နှင့် ကျောပေးကာ...

"မကြောက်ပါနဲ့၊ လူမျိုးရည့် မပျက်စေရပါဘူး"

...ဟု ပြောသဖြင့် ဝါးခနဲ ဝိုင်းရယ်ကြတော့သည်။

"ကောင်းတယ်၊ ရေချမ်းစုတ်၊ ခံရတာတောင် နည်းသေးတယ်၊ ငါ့လို မနိုင်ရင် ဆွဲဆိတ်မယ့်လူချည်း ရှိတာ မဟုတ်ဘူးနော်၊ နင့်ကို စကားလုံးဓွေနဲ့တင် ဖွဲ့ကြမှာ"

"ငါ...ငါယုံပါတယ် မေဦးရယ်၊ ထားပါတော့၊ နင့်အခန်းဖော် ချော လှလား"

ရေချမ်းမျက်နှာက ချက်ချင်းပြောင်းလဲသွား၏။ မေဦး မျက်နှာ လှလှလေးကို တမင်မဲ့ရွဲ့ပြလိုက်ရင်းက တံခါးပိတ်ကာ ထွက်လာသော ညီ့ဘက်ကို မေးဆတ်ပြလိုက်သည်။

"ဟာ...ကံဇာတာကတော့ တက်လာပြီ"

ရေချမ်းက ခပ်တိုးတိုး ရေရွတ်၏။ ညီ့က အနားရောက်လာ ပြီကိုး။

"မေဦး သွားရအောင်လေ၊ ဩော်....ညှော်သည်ရှိတာ မေ့လို့ မေ့လို့"

ညီ့ပုံစံလေးက တကယ့်ကို ပကတိအကြည်ဓာတ်ကလေးနှင့် ရိုးရှင်းကာ ယုံကြည်စိတ်ချချင်စရာလေး။

"ညီ့...လာ ထိုင်ဦး၊ ဒါ ဒီညနေ မေဦးကို ထမင်းကျွေးမယ့် အကာ"



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်း မျက်လုံးကြီးပြူးတက်လာပြီးမှ မကျေမနပ် ပြန်လျှော့ချလိုက်ရသည်။ မေဦးကိုလည်း လုပ်ထားဦးပေါ့ဆိုသည့် မျက်နှာပေးနှင့် ကြည့်သည်။

"ရေချမ်းတဲ့၊ မေဦးတို့ အလုပ်က မန်နေဂျာလေ"

"ဟုတ်ကဲ့ ခင်ဗျ"

ရေချမ်းက ထိုင်ရာမှ ထ,ကိုင်းညွှတ်ပြကာ နှုတ်ဆက်၏။ အမြင်ကတ်ကတ်ရှိလာသော မေဦးက ပြုံးစစနှင့် မိတ်ဆက်ခြင်းကို တမင်လိုလိုဘာလိုလိုနှင့် ရပ်ပစ်လိုက်ကာ ရှေ့မဆက်တော့။ မေဦး တမင်ညစ်ပတ်မှန်း ရိပ်မိသော ရေချမ်းက...

"ဒီက နာမည်က ညိုတဲ့လား"

ဒီလောက်ကတော့ ရေချမ်းတို့က လျှင်ပြီးသား...။

"ဟုတ်...နှင်းခက်ညို...ပါ"

"ဟာ...ဟုတ်လား၊ နာမည်လေးက လှလိုက်တာ"

"ကျေးဇူးတင်ပါတယ်"

ဒီကောင်မလေး စကားပြောတာ ဆက်ဆံတာ စာအုပ်ဆန်နေသည်။ လူတောသူတော သိပ်တိုးဖူးပုံမရဟု ရေချမ်း မှတ်ချက်ချမိသည်။

"ငါ ဗိုက်ဆာပြီ ရေချမ်း"

ညို့ကိုကြည့်ကာ အလကားနေရင်း ပီတိဖြာလာနေသော ရေချမ်းမျက်နှာကြီးကို ကြည့်ကာ မေဦး ကြားဖြတ်ရတော့သည်။ မဟုတ်လျှင် ညို ထွက်ပြေးသွားမှာ စိုးရသည်လေ။

"အေး...သွားရအောင်၊ ဘယ်မှာ စားမလဲ"

"ညို...ဘာစားချင်လဲ"

မေဦးက ညို့ကို လှမ်းမေးတော့ ညိုက...

"မသိဘူးလေ၊ သွားချင်တဲ့ နေရာသွား၊ စားချင်တာစား ညိုအကုန်စားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ရေချမ်း...ဒါဆိုရင် ငါတို့ ကရဝိတ်မှာ ဘူဖေး သွားစားရအောင်"

အချွန်နှင့်မ,မှန်းသိတာမို့ ရေချမ်း တွန့်ခနဲ ဖြစ်သွားရသည်။ ဒီနား ထွက်စားရင်တောင် ထမင်းဆိုင်တွေ အများကြီး။ သုံးလေးထောင်ဆို ကောင်းကောင်းစားရမှာဖြစ်လျက်နဲ့ ကရဝိတ်က ဘူဖေးဆိုစတော့ တစ်ယောက်ကို အနည်းဆုံး လေးထောင်အထက်မှာ၊ သုံးယောက်ဆိုတော့ တစ်သောင်းခွဲနီးပါး။

ရေချမ်း သိသိကြီးနှင့်ပင် ကားပေါ်မတက်ခင် မေဦး ခြေထောက်ကို ဖြတ်နင်းပစ်လိုက်သည်။

"အား...နာလိုက်တာ၊ သေတော့မှာပဲ"

ညိုကြ ပျာပျာသလဲနှင့်...

"ဟာ...မေဦး၊ ဘာဖြစ်လဲ၊ ဘယ်နား နာသွားလဲ"

"ခြေထောက်...ခြေထောက်၊ ရေချမ်း တက်နင်းတာ"

"ဟင်...ရေချမ်းနင်းတာ"

"မတော်တဆပါ"

ရေချမ်းက 'မတော်လို့ တမင်နင်းမိတာ' ဟူသော မျက်နှာပေးနှင့် ဝင်ကာ ဖြေရှင်းချက် ထုတ်၏။

"အာ...ဒါဆို မေဦး ခြေထောက်နာနေရင် ဝေးဝေးမသွားပါနဲ့လား။ ဒီနားမှာပဲ တစ်ခုခုစားရအောင်လေ"

ရေချမ်း၏ အကြံနှင့်ပေးသော အဆိုတင်သွင်းမှုကို ရိပ်သားသော ညိုကြ လက်ခံသည်။

"ဟုတ်သားပဲ၊ ဒါကောင်းတယ်၊ နီးနီးနားနားပဲ သွားကြတာပေါ့"

"ကောင်းသားပဲ ညို၊ နီးနီးနားနား ရွှေရှမ်းကန်ပဲ သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေဦး၏ စကားကြောင့် ရေချမ်းမျက်နှာ မသိမသာ မဲ့ချင်သွားရသည်။ ဘယ်ရမလဲ...ဒီကလည်း မေဦးမိုးစက်ပါ ဟူသော မျက်နှာပေးနှင့် ရေချမ်းကိုကြည့်တော့ ရေချမ်းက 'နေနှင့်ဦးပေါ့' ဆိုသည့် အကြည့်နှင့် တုံ့ပြန်သည်။ ဘာကိုမှ သိပုံမရသော ညိုကတော့ 'ကောင်းသားပဲ' ဟု ဆိုကာ လိုက်ပါလာတော့၏။

ဆိုင်ရောက်တော့ ညိုက ဟုတ္တိပတ္တိမစားနိုင်ပါ။

"ညို စားလေ"

"တော်ပြီ၊ ညိုက ဒီလောက်ပဲ စားတယ်"

"မေဦးလည်း အရင်က အစားနည်းတယ်၊ ညိုလည်း တဖြည်းဖြည်း တိုးစားကြည့်၊ ဒါမှ အာဟာရဖြစ်မှ

"ဟုတ်တယ် ညိုရဲ့"

မေဦး စကားကို ဒီတစ်ခါတော့ ရေချမ်းက စိတ်လိုလက်ရ ထောက်ခံသည်။ အပြန်ကျတော့ (ဧ)မိုင်ဝင်ကာ လိုအပ်သော ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ ကွေကာအုတ်၊ ဘီစကစ်နှင့် အခြောက်အခြမ်းများ ဝယ်ကြသည်။ အဆောင်ပြန်ရောက်တော့ ည ခုနစ်နာရီပင် ရှိနေပြီ။ အဆောင်ပိတ်ချိန်က ည ရှစ်နာရီဖြစ်၏။

မေဦးတို့ အဆောင်မှာက ကျောင်းသူသုံးယောက်သာရှိသည်ဟု အန်တီက ပြောပြသည်။ ကျန်သူများက နယ်မှ အလုပ်လာလုပ်ကြသူများချည်းသာ ဖြစ်သည်။ အားလုံးက ပညာတတ် အလုပ်အကိုင်ကောင်းကောင်းနှင့် သူများချည်းမို့ အန်တီ ထိန်းရ,ကျောင်းရ သက်သာလေသည်။

အိပ်ခန်းများမှာ တံခါးမရှိ။ ထို့ကြောင့် လိုက်ကာတော့ ဆင်ဖို့လိုပေလိမ့်မည်။ အကြောင်းမှာ အခန်းဝများနှင့် ဧည့်ခန်းက [illegible] တည်း ဖြစ်နေသောကြောင့် ဖြစ်သည်။

www.burmeseclassic.com



“ညီ့ရေ”

“ဟင်…ဘာလဲ မေဦး”

“ဘာလုပ်နေလဲ…လာပါဦး၊ ဒီအခန်းဝတွေမှာ လိုက်ကာတပ်ကြ ရအောင် အဝါရောင်လေးဆို လှမလား မသိဘူးနော်”

“အင်း…ဟုတ်တယ်၊ သစ်လုံးအညိုတွေနဲ့ လိုက်မှာက အဝါပဲ ရှိတယ်၊ ဘယ်မှာချုပ်ခိုင်းမလဲ”

“မေဦး…ဆိုင်မှာ ချုပ်ခိုင်းလိုက်မယ်”

“အာ…ဆိုင်မှာ ချုပ်ရင် ပိုက်ဆံကုန်မှာပေါ့၊ ညီ့ အိမ်ကို ချုပ်ခိုင်းမယ်လေ”

“ကုန်ပါဘူး ညီ့ရဲ့၊ ဆိုင်က မေဦး ဆိုင်လေ”

“ဟင်…ဟုတ်လား၊ မေဦးက အပ်ချုပ်ဆိုင်လား”

“မဟုတ်ဘူး အထည်ဆိုင်”

“ဘာထည်တွေရောင်းလဲ”

“အစုံပဲ၊ အဓိကက ပိုးထည်နဲ့ ချိတ်၊ ပြီးတော့ ဇာ”

ညီ့က တအံ့တဩ နားထောင်ရင်းမှ စိတ်ညစ်သွားပုံနှင့်…

“အင်းနော်၊ ဒီအရွယ်ရောက်ပြီး ဘာမှ ဖြစ်မလာတာ ညီ့ပဲ ရှိမှာ”

“အာ…မဟုတ်တာ…ညီ့ကလည်း”

“ဟုတ်ပါတယ်၊ မေဦးရာ ညီ့မှာ ပညာကလည်း ဆယ်တန်း အောင်အောင် မဖြေခဲ့ရ ဘာအလုပ်မှလည်း မရှိနဲ့ စိတ်ပျက်စရာကြီး”

“မပျက်ပါနဲ့ ညီ့ရာ၊ ဒီလိုပေါ့၊ မေဦးလည်း လုပ်မယ့်သူ မရှိ လို့သာ ဒီလုပ်ငန်းကို လုပ်နေရတာ အရင်က မေဦး အစ်ကို လုပ်တာ လေ”

ပြောနေရင်းက ကိုကို ပါလာသဖြင့် လျှာကို အမြန်ဘရိတ်အုပ်

www.burmeseclassic.com


လိုက်ရသည်။ တော်ပါသေးသည်။ ညိုကလည်း သူ့အတွေးနှင့်သူမို့...

"မေဦး..."

"ဟင်...ဘာလဲ ညို ပြောလေ"

"မေဦး ဆိုင်က ကျယ်လား"

"အင်း...ကျယ်ပါတယ်"

"မေဦး တစ်ယောက်တည်း လုပ်ရတာလား"

"အာ...ဘယ်ဟုတ်ပါ့မလဲ၊ အရောင်းဝန်ထမ်းတွေ ရှိတာပေါ့"

"ဘယ်နှစ်ယောက်လဲ"

"သုံးယောက်"

"လောက်လားဟင်"

"အဲ..."

မေဦး ဘာပြန်ဖြေရမှန်း မသိတော့ပါ။ ညို ဘာအဓိပ္ပာယ်နှင့် မေးနေမှန်းလည်း မသိ။

"ဟိုလေ...အလုပ်နဲ့ ခန့်ထားတဲ့လူနဲ့ မျှလားလို့ မေးတာ၊ အလုပ်က တအားများလားလို့..."

"အင်း...တအားများတယ်ရယ်လို့ မဟုတ်ပါဘူး။ လူကျလာရင်တော့ မနိုင်ချင်ဘူးပေါ့"

ညိုက တစ်ချက် ငြိမ်ငြိမ်လေး စဉ်းစားနေပြီးမှ—

"မေဦး..."

"ဟင်..."

"ညို့ကို အလုပ်ခန့်ပါလားဟင်"

"မြတ်စွာဘုရား"

မေဦး ဘုရားတ,မိသည်။ မောက်မာတင်းထန်ဟန်ရှိသော ညို၏ အခေါ်မျက်နှာကို ပြေးမြင်သောကြောင့် ဖြစ်သည်။ ဒါကြောင့် ညိုကလေး


www.burmeseclassic.com

www.burmeseclassic.com



က အစိပ္ပာယ်တစ်မျိုးကောက်ကာ ပျာပျာသလဲနှင့် ဝင်ရှင်း၏။

"မဟုတ်ဘူး မေဦးရဲ့၊ ညို့ကို လစာပေးစရာ မလိုဘူး၊ အလုပ်သင် သဘောနဲ့လေ"

"ဘုရား...ဘုရား ညိုရယ်၊ ကြံကြီးစည်ရာ"

"ညို အလုပ်လုပ်ချင်လို့ပါ၊ ညို အမှားမရှိအောင် လုပ်မှာပါ"

"အာ...မဟုတ်ဘူး ညိုရဲ့၊ ညို့ အဒေါ်ကြီးက မေဦးကို သတ်မှာပေါ့၊ သူ့တူမ နုနုရွရွလေးကို မေဦးက ဆိုင်မှာ ခေါ်ခိုင်းပါတယ် ဆိုပြီးတော့..."

"ဟင့်အင်း...ဒါတော့ မဖြစ်စေရပါဘူး၊ ဒေါ်ကြီး မသိအောင်ပေါ့၊ မေဦးအလုပ်ကို အနှောင့်အယှက် မဖြစ်စေရဘူး၊ ညို ကူမှာပါနော် မေဦး"

မေဦး လက်လျှော့ရတော့သည်။

ဒီနေ့ ညနေမှ တွေ့ဖူးသော်လည်း ရှေးရေစက်ကြောင့် ထင်ဆသည်။ မေဦး ညို့ကို ချစ်ပါသည်။ တစ်ခဏအတွင်း အံ့သြဖွယ်ရာ ကောင်းလောက်အောင် ရင်းနှီးသွားသည့်အတွက် မေဦးဘာသာ မေဦးလည်း အံ့သြမိသည်။ ခုကျတော့လည်း အလုပ်ပင် အတူတွဲလုပ်ဖို့ လက်ခံမိတော့သည်အထိ ဖြစ်သွားရတော့သည်။

"ကဲပါ၊ ညိုလိုက်တော့ မေဦးတောင် အဖော်ရသေးတယ်၊ မေဦးလည်း ဆိုင်ပိတ်ထားတာ သုံးပတ်ကျော်နေပြီ၊ နောက်သုံးရက်လောက်နေရင် ပြန်ဖွင့်တော့မလားလို့၊ မနက်ဖြန်တော့ ဆိုင်ကို သွားစစ်လိုက်ဦးမယ်"

"ညိုလည်း လိုက်မယ်နော်"

"အိုကေ..."

ညို စိတ်တိုင်းကျကာ သူ့အခန်းထဲ သူ ပြန်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


ကုတင်ပေါ်မှ Garfield ရုပ်ကြီးကို ဆွဲကာ...

"ဒါ အလုပ်ရပြီ သိလား၊ နင့်လို ဖျင်းမဟုတ်တော့ဘူး"

...ဟု ဆိုနေသဖြင့် မေဦးမှာ ရယ်ရသေးသည်။

ညကတော့ တဖြည်းဖြည်း ရင့်မှောင်တောက်ပြောင်လာခဲ့ပြီ။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



[၄]

# မြမှုန်စာပေ

ကိုကိုဆုံးပြီးကတည်းက ပိတ်ထားခဲ့သော ဆိုင်လေးကို ဒီနေ့မှ ပြန်ဖွင့်ဖြစ်သည်။ ညိုကတော့ တက်ကြွလို့။ ပစ္စည်းတွေနှင့် ဈေးနှုန်းတွေကို အထူးတလည် မှတ်မိနေဖို့ အပတ်တကုတ် ကြိုးစားရှာသည်။ ဆိုင်မှ ကောင်မလေးများကိုတော့ ညိုသည် အလုပ်သမားမဟုတ်ကြောင်း သေသေချာချာ ရှင်းပြထားရသည်။ မဟုတ်လျှင် ညို့ကို မျက်စိစပါးမွေး စူးမှာ စိုးရသေး၏။ သူ့အဒေါ်လှမ်းဆက်လျှင် အချိန်မရွေး ထွေ့နိုင်အောင် ယူလာရသော ဖုန်းကလေးကလည်း Sale girl တစ်ယောက် မဟုတ်နိုင်ကြောင်း ဖြောင့်ဖြောင့်ကြီး ငြင်းဆန်နေသလိုပင်။

အရေးထဲ အဆောင်က အန်တီမြတ်မွန်ကိုလည်း သူ့သူငယ်ချင်း ညို့ ကြီးဒေါ်ကြီး ပြန်မသိအောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြ၍ နှုတ်ပိတ်ထားရသေးသည်။ အဆောင်သူများကိုတော့ ခပ်တည်တည်ပင် ညိုက 'တော်ဝင်သူ' ပိုးထည်ဆိုင်မှာ အလုပ်လုပ်ကြောင်း လှည့်ပြောထား၏။ ညိုကြည့်ရတာ ခုမှပဲ လူလိုသူလိုနေရတာ ကျွန်မာမဖေမှ ကောင်းလာသလိုလို မြေဦး ထင်မိ၏။

ညိုက ဆိုင်မှ ကောင်မလေးများ၏ ပီယဝါစာများအကြိုက်ချင်း အတုခိုးတတ်မြောက်လေသည်။ ဆိုင်ထဲဝင်လာလို့ကတော့ ညို၏ ဈေး



www.burmeseclassic.com

www.burmeseclassic.com



# [၅]

ကိုကိုဆုံးပြီးကတည်းက ပိတ်ထားခဲ့သော ဆိုင်လေးကို ဒီနေ့မှ ပြန်ဖွင့်ဖြစ်သည်။ ညိုကတော့ တက်ကြွလို့။ ပစ္စည်းတွေနှင့် ဈေးနှုန်းတွေကို အထူးတလည် မှတ်မိနေဖို့ အပတ်တကုတ် ကြိုးစားရှာသည်။ ဆိုင်မှ ကောင်မလေးများကိုတော့ ညိုသည် အလုပ်သမားမဟုတ်ကြောင်း သေသေချာချာ ရှင်းပြထားရသည်။ မဟုတ်လျှင် ညို့ကို မျက်စိစပါးမွေး စူးမှာ စိုးရသေး၏။ သူ့အဒေါ်လှမ်းဆက်လျှင် အချိန်မရွေး ရောက်နိုင်အောင် ယူလာရသော ဖုန်းကလေးကပင် Sale girl တစ်ယောက် မဟုတ်နိုင်ကြောင်း ဖြောင့်ဖြောင့်ကြီး ငြင်းဆန်နေသလိုပင်။

အရေးထဲ အဆောင်က အန်တီမြတ်မွန်ကိုလည်း သူ့သူငယ်ချင်း ညို့ ကြီးဒေါ်ကြီး ပြန်မသိအောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြကာ နှုတ်ပိတ်ထားရသေးသည်။ အဆောင်သူများကိုတော့ ခပ်တည်တည်ပင် ညိုက 'တော်ဝင်သူ' ပိုးထည်ဆိုင်မှာ အလုပ်လုပ်ကြောင်း လှည့်ပြောထား၏။ ညို့ကြည့်ရတာ ခုမှပဲ လူလိုသူလိုနေရကာ ကျွန်းမာရေးပင် ကောင်းလာသလိုလို မေဦး ထင်မိ၏။

ညိုက ဆိုင်မှ ကောင်မလေးများ၏ ပီယဝါစာများကို ချက်ချင်း အတုခိုးတတ်မြောက်လေသည်။ ဆိုင်ထဲဝင်လာလို့ကတော့ ညို၏ ဖျား



www.burmeseclassic.com

www.burmeseclassic.com


ယောင်းသွေးဆောင်မှုဖြင့် လုံးဝ ဝယ်သူ လက်မလွှတ်စေရ။

"အန်တီက လူကြီးဆိုပေမဲ့ အများကြီးနုတော့ ဟောဒီ ဇာနုနု လေးနဲ့ဆို အရမ်းလိုက်မှာပဲ သိလား၊ ဇာကို ပွဲကြီးကြီးဆိုရင်တော့ ဟောဒီကြိုးကြီးချိတ်ကလေးနဲ့ တွဲဝတ်ပေါ့၊ ဟော...ပွဲသေးသေးဆိုရင် ပိုးပြောင်လေးနဲ့ဝတ်၊ ဇာချည်း ဝမ်းဆက်ဝတ်လည်း ရတာပဲ အန်တီရဲ့၊ ညီမလေးကတော့ လူငယ်ဆိုတော့ ချိတ်မဝတ်နဲ့၊ ဇာ ဒါမှမဟုတ် ပိုးပြောင်ကို Sequence လေး စိန်းလေးထိုးပြီး ဖက်ရှင်ထွင်ဝတ်ပေါ့၊ သားအမိ ဆင်တူဖြစ်နေမှာ စိုးရင် အရောင်လေး ခွဲယူလိုက်၊ ဒါလေးက လွင်လွင်နုနုလေးဆိုတော့ ညီမလေး အသားအရည်နဲ့ဆို ဟပ်နေတာပဲ"

မေဦးပင် ညို့အစား မောမိသည်။

ထိုအချိန်မျိုးမှာ မေဦး ညို့အဒေါ်မျက်နှာကြီးကို ပြေးမြင်လျှင်တော့ နေစရာမရှိတော့...။

"ညိုရေ...မေဦးရေ"

ဆိုင်ထဲကို အသံဗြုန်နှင့် ဝင်လာသူက ရေချမ်း။

သူ့ခမျာ ဖုံးမနိုင် ဖိမရနှင့်။ မေဦးရေ ညိုရေပင် မခေါ်နိုင်တော့။ စိတ်ချလက်ချထားသွားသော ကိုကိုသာကြွားလျှင် ရင်နာပေမည့်ဟု တွေးကာ ရယ်ဟဟဖြစ်သွားရ၏။ ဒါကို အကင်းပါး မျက်စိလျင်သော ရေချမ်းက မြင်ဖြစ်အောင် မြင်သည်။ လေသံနိမ့်ကာ...

"မေဦး၊ နှင် ဘာရယ်တာလဲ"

"ရယ်မိလို့လား"

"နှင် ရယ်တယ်"

"မရယ်ပါဘူး၊ နှင် ထင်လို့ပါ"

"ထင်တာ မဟုတ်ဘူး၊ မြင်တာ နှင်နော်..."

"အောင်မယ်၊ နေပါဦး လက်ထဲက ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"Hot Dog..."

"အမယ်...ငါက Hot Dog ကြိုက်လို့လား"

"နင်ကြိုက်လို့ ယူလာတယ်လို့ ငါက ပြောမိလို့လား"

ဒီတစ်ခါတော့ မေဦး တကယ်ပဲ တဟားဟား ထ,ရယ်ပစ်လိုက်တာ၊ ကောင်မလေးတွေရော၊ ညိုရော၊ Customer တွေရော လှည့်ကြည့်ကြသည်။

"ဒီတစ်ခါတော့ ငါ တကယ်ရယ်တာ"

"ငါတွေ့တယ်၊ ကြားတယ်၊ အကန်းမဟုတ်ဘူး"

"ဪ...မကန်းပေမဲ့ ငါ့ကို မမြင်မှာစိုးရတယ်လေ"

"နင်နော်၊ ငါ့ကို သိက္ခာမချနဲ့"

"အာ...မချပါဘူး၊ သိက္ခာထပ်ပေးမှာ၊ ပေးပေး...Hot Dog တွေ၊ အိုး...၅ဘူးတောင်မှပါလား၊ ငါ့သူငယ်ချင်းတော့ တစ်ယောက်ကျွေးချင်တာနဲ့ ၅ယောက်စာ ဝယ်လာရရှာတယ်၊ အင်း...ဆင်ဖြူတော် ဆင်ဖြူတော်"

"ဘာ ဆင်ဖြူတော်လဲဟင်..."

အနားရောက်လာသော ညိုက ရုတ်တရက် ဝင်မေးလိုက်တာကြောင့် မေဦး လန့်ဖျတ်ပြီး သွားကလေး ဖြဲကာ...

"ဟိုလေ...ညိုရဲ့၊ ဆင်ဖြူတော် ငြုပ်သီးမှုန့်ကို ပြောတာ..."

"ဪ...ကောင်းလို့လား မေဦးရဲ့"

"အာ...သိပ်ကောင်းတာပေါ့ ညို၊ ကြော်ငြာတဲ့ မင်းသားဆို ဟင်းစားတာ မဟုတ်ဘူး၊ ငြုပ်သီးမှုန့် စားတာ..."

ရေချမ်းက တစ်ဖက်လှည့်ကာ 'ခွိ'ခနဲ ရယ်၏။ ညိုကတော့ ခေါင်းတညိတ်ညိတ်နှင့် ပိုက်ဆံလာသိမ်းကာ ပြန်အမ်းငွေသွားပေး၏။ ပြီးမှ ပြန်လာသည်။ ဒီတစ်ခါတော့ ရေချမ်းက ဦးအောင် ခုံဆွဲပေးကာ...

www.burmeseclassic.com



"လာ ညို၊ ထိုင်...ကျွန်တော် Hot Dog ဝယ်လာတယ်"

"ညို ကြိုက်တယ် သိလား"

ညိုကတော့ ရိုးရိုးသားသားပင် တုံ့ပြန်ရှာသည်။ ကျန် ကောင်မလေးများကို မုန့်ဘူးများ ဝေပေးလိုက်ရင်း တဆက်တည်း ကော်ဖီပါ ဖျော်ခိုင်းရ၏။ ညို့အတွက်က သီးသန့် အိုဗာတင်း။ အလိုလိုနေရင်း 'တော်ဝင်သူ'ဆိုင်ကိစ္စများကို စိုးရိမ်ပူပန်ပေးတတ်လာသော ရေချမ်းက နေ့ရက်ဆက်နီးပါး ဝင်,ဝင်လာတတ်သည်။ သူလာလျှင်လည်း စားစရာ တစ်ခုခုတော့ ပါလာမြဲ။ အကြောင်းသိနေသော ဆိုင်က နှင်းပွင့်ကပင် 'ကိုရေချမ်းကြီး သဘောကောင်းလာသလိုပဲ'ဟု မျက်မှောင်လေးကြုတ်ကာ မှတ်ချက်ချ၍ အားလုံး ရယ်ကြရသေးသည်။

"ရော့...ကော်ဖီသောက်"

မေဦးက ကော်ဖီခွက်ကို ရေချမ်းရှေ့ချပေးလိုက်တော့ 'ညို'က...

"ဟင်...Hot dog က ရေချမ်းဖို့ မပါဘူးလား"

"မပါဘူး"

"မပါရင် ဒီက စားလေ...ညိုက မကုန်ပါဘူး"

ညိုကတော့ တကယ့်အရိုးခံ။ ရေချမ်းကတော့ ဒီယုန်မြင်လို့ ဒီချုံထွင်လာတာမှန်း မေဦးက သိပြီးသား။ ညိုလေးက ရိုးရိုးအေးအေးလေး။ ခပ်တုံးတုံးလေး။ ရေချမ်းက အကင်းပါးကာ ထက်မြက်သူ။ တော်သေးတာက ရေချမ်းသည် လူလည်လူနပ်တစ်ယောက်တော့ မဟုတ်ခြင်းပင်။

သူ ညို့ကို တကယ်တိမ်းညွတ်သွားတာလည်း ဖြစ်နိုင်ပါသည်။ ရေချမ်းဆိုတာက ကိုကိုက သူ့ညီမနှင့် ရက်ရက်ရောရော သဘောတူချင် လောက်အောင် အနေအထိုင် တည်တံ့ခဲ့သူလေ...။ မေဦးကိုပင် တစ်ခါမှ အကြည့်နှင့်ပင် မပစ်မှားဘူးသူမို့ မေဦး ညို့အတွက် စိတ်ဆင့်တော့

www.burmeseclassic.com



စိတ်အေးရသည်။ သို့သော် ခက်တာက ညှိုသည့် ရောဂါသည်ကလေး။

မေဦးမှာသာ အတွေးတွေ လွန်နေသည်။ ကိုရွှေရေချမ်းကတော့ ညှို့ဘူးထဲမှ အာလူးချောင်းကြော်များကို အရသာရှိရှိ ယူစားကာ စကားတွေ ဖောင်ဖွဲ့နေလေသည်။

"ရယ်ရတယ်...သိလား"

"အင်း..."

"စကားထစ်တဲ့သူကို ခါးကုန်းကြီးက ပြောတယ်၊ မင်းအတွက် အလုပ်ရှာတွေ့ထားတယ်တဲ့၊ အဲဒီတော့ ငထစ်က ဟုတ်...ဟုတ်...လား...ဘယ်...ဘယ်...မှာလဲပေါ့၊ ရုပ်မြင်သံကြားမှာ သတင်းကြေညာတဲ့အလုပ်လို့လည်း ဖြေလိုက်ကော ငထစ်က သူ့ကို လှောင်တာပဲဆိုပြီး တေးထားလိုက်တယ်"

"ဒေါသထွက်မှာပေါ့နော်"

"ဒါပေါ့...ဒါကြောင့်လည်း ငထစ်က ခါးကုန်းကို ခပ်နာနာလေး ပြန်နှက်လိုက်တာ"

"ဘယ်လိုလဲဟင်"

"ဟေ့...ခါး...ခါး...ကုန်း...မှတ်...မှတ်မိလား။ မနှစ်က...မင်း...မင်းနဲ့ငါ ခေတ်...ခေတ်ပုံ...အတူတူ...တွဲ...ရိုက်...ရိုက်ခဲ့တာလေ၊ အဲဒါ...ခေတ်ပုံလာ...ယူ...ယူ၊ ငါ့အယ်လ်ဘမ်...ပိတ်...ပိတ်လို့မရဘူး...တဲ့"

"ဟား ဟား ဟား"

ညှို့ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလေသည်။ ရေချမ်း ပြောပုံကလည်း ရယ်စရာကိုး။ သရုပ်ပါအောင် ပြောသည်လေ။ ရေချမ်းက ညှို့ကို အမြဲလို ဟာသလေးများပြောကာ ရယ်မောစေတတ်သူ ဖြစ်သည်။

"ညှို့ ဇင်ဇင်မြှောင်မြှောင်ဆိုတာ သိလား"

"ဟင့်အင်း...အဲဒါဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကြောင်တစ်ကောင် ဘတ်(စ)ကားစီးလာတာကို ပြောတာတဲ့"

"ဟင်...ဘာဆိုင်လဲ၊ ဘယ်သူက ပြောလဲ"

"ကလေးတစ်ယောက်က ပြောတာ၊ ဖင်ဖင်ဝုတ်ဝုတ်ဆိုတာရော သိလား"

ဒီတစ်ခါတော့ ညို့ကို အရှုံးမပေးဆိုသော မျက်နှာလေးနှင့်...

"အင်း...သိတယ်၊ ခွေးတစ်ကောင် ဘတ်(စ)ကားစီးလာတာ"

"မဟုတ်ဘူး...မှားတယ်"

"ဟင်...ဘာလဲ...ဒါဆို"

"ဟိုမှာ မေဦးလာနေပြီလို့ ပြောတာ"

"ခွေးကောင် ရေချမ်းစုတ်"

မေဦး၏ အကျင့်ပါနေသော လက်က ရေချမ်းလက်မောင်းကို ဆွဲလိမ်မိလျက်သား...

"နင်ဟာလေ...ဂဏန်းမပဲ"

"အဲဒါ ဘာဖြစ်လဲ"

"စောင်းငန်း စောင်းငန်းနဲ့"

"ဘာမှ မဆိုင်ဘူး"

"ဆိုင်တယ်၊ ဒါကြောင့် နင့်ကို ယူမယ့်လူ မရှိတာ..."

"ထင်လို့ပါ ဟစ်ပုံကြီး"

"ဟာ ဟ...မဖြစ်နိုင်တာ၊ သြော်...မှာထားဦးမယ်၊ ငါ့ကိုတော့ စိတ်ကူးမယဉ်နဲ့နော်၊ ငါ့မှာက ရှိနေပြီ သိလား"

ညို့ကို မသိမသာ မျက်စပစ်ပြကာ ပြောသည်။

"အောင်မယ်...နင့်လား ငါက စိတ်ကူးယဉ်ရမှာ၊ အံ့ရော...နင်က ဆိုးရတဲ့ထဲ စိတ်ကပါ ပုပ်သေးတယ်၊ ဘယ်ကောင်မလေးမှ နင့်ကို စိတ်ကူးမယဉ်ဘူး စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ထင်လို့ပါ၊ ငါ့ရဲ့ မေတ္တာမှန်ကို နားလည်တဲ့သူကတော့ စိတ်ကူးမှာပေါ့နော် ညို"

"အင်း..."

ဖော့မလေးညိုက ဘုမသိဘမသိ 'အင်း' လိုက်ကာ ခေါင်းညိတ်သဖြင့် ရေချမ်းမျက်နှာကြီး မျက်နှာပိုးသပ်မရတော့။ သွားဖွေးဖွေးတွေက အတိုင်းသားပေါ်ကာ သွားလေသလပ်သော ရောဂါအသစ်အဆန်းပေါ်လာမှာတောင် စိုးရသည်။

"ဟဲ့...ရေချမ်း ပြန်တော့လေ"

"အံမယ်...ဗိုက်ဝတော့ နှင်ပြီ"

"နင့်မှာ အလုပ်မရှိတော့ဘူးလား"

"အောင်မာ...နင့်အစ်ကိုတောင် ငါ့ကို အာဏာ အဲလိုမပြဖူးဘူး"

"အာဏာပြတာ မဟုတ်ဘူး၊ နင်က ပေါက်ကရပြော၊ ညိုက ရယ်နဲ့ ဟိုမှာ အမောတောင် ဖောက်ချင်နေပြီ တွေ့လား"

ဒီလိုကျတော့လည်း ရေချမ်းက ခြေမကိုင်မိ လက်မကိုင်မိ။

"ညို မောနေလား"

"ဟင့်အင်း...ညိုပျော်ပါတယ်"

"အင်း...ကျွန်တော်က ညိုရယ်ရအောင် လျှောက်ပြောတာ၊ ညိုရယ်ရလို့ မောတယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ"

"မမောပါဘူး ရေချမ်းရဲ့"

"တွေ့လား၊ မေဦး ညိုက မမောဘူးတဲ့"

မေဦး ရေချမ်းကို ဆလံသာ ပြလိုက်တော့သည်။ မနိုင်တော့ပါ။ မေဦးမှာသာ ညို့အပေါ်မျက်နှာကြီး ပြေး့ပြေးမြင်ကာ စိုးရိမ်ကြောင့်ကြနေရသမျှ ညိုကတော့ သတိရပုံပင် မပေါ်။ ခုမှ အတင်းအဓမ္မပြုကြီးလုပ်ကာစမှာပင် မေဦး အတွေးတွေက ပိုလေးလံလာသလို ညို့ မျော်ရှင်

www.burmeseclassic.com



ရယ်မော၊ ကျွန်းမာနေတာကိုတော့ မေဦး ကျေနပ်ပါသည်။ သို့သော် ရေချမ်းနှင့် ရှေ့ဆက်ကြမည့်ကိစ္စကိုတော့ မေဦးက ညို့အဒေါ်ကြီး ပြေး၊ ပြေးမြင်ကာ ကျောချမ်းမိ၏။ အခန့်မသင့်လျှင် မေဦးက တရားခံဖြစ်ဖို့ ရာနှုန်းများသည် မဟုတ်လား။

အင်း...မုန့်ဆီကြော်ကဖြင့် ကြော်ဖြစ်မလား၊ မကြော်ဖြစ်လား မသိ။ ကိုယ့်မှာကလည်း နှုတ်ခမ်းက မနာရပါသေးဘဲ တစမ်းစမ်းနှင့် စိုးရိမ်သောကပွားနေသော မေဦးအဖြစ်က ရယ်စရာ...။

ဒီနေ့ ညို့ ဆေးခန်းသွားရမှာမို့ ဆိုင်စောစောပိတ်ကြရမည်။ ညို့ကတော့ ဆေးခန်းကိုပင် မေ့လျော့ကာ ရေချမ်းနှင့် ရယ်မောပျော် ရွှင်လျက်...။ တရွေ့ရွေ့သွားနေသော ဆိုင်နံရံမှ နာရီလက်တံများကို သိမှတ်မဲ့ ငေးကြည့်နေရင်းက ညို့ကိုယ်စား မေဦး စိတ်စောနေမိသည်။

အချိန်သည် စောင့်သောသူအတွက်ကား ကုန်ခဲလှ၏။

အမှုအမှတ်မဲ့ ပျော်ဖြတ်သွားသူများအတွက်ကား ကုန်မြန်လွန်း လှပေသည်။

✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



# [၄]

ဒီနေ့ ဆိုင်ပိတ်သည်။ ထို့ကြောင့် မေဦးရော ညိုပါ အိပ်ရာထဲ နှပ်နေကြသည်မှာ မနက် ဆယ်နာရီထိုးခါနီးအထိပင်။ နိုးနိုးချင်းပင် အကျင့်ပါနေ၍ ထကာ ရေမိုးချိုးထားလိုက်ကြသည်။

"ဟူး...ဒီနေ့မှပဲ အေးအေးဆေးဆေးရှိတော့တယ်"

မေဦးက ကော်ဖီသောက်ရင်းပြောတော့ ညိုက ယဲ့ယဲ့လေးပြုံးကာ...

"ညိုကတော့ ပျင်းချင်သလိုပဲ"

"အလိုတော်...တစ်ပတ်မှာ တစ်ရက်နားရတာ၊ အပြည့်အဝနားစမ်းပါ ကြီးဒေါ်ညိုရယ်၊ ခါတိုင်းနေ့တွေဆို ဆိုင်သွားရ၊ ပြန်လာရင် အဆောင်ဖော်တွေနဲ့ စကားပြောကြ၊ T.V ကြည့်၊ အိပ်၊ နောက်နေ့မနက်ထနဲ့ အေးအေးကို မနေရဘူး၊ ဒီနေ့ကျ အားလုံး ရုံးသွား၊ ကျောင်းသွားနဲ့ တစ်ဆောင်လုံးကို တိတ်ဆိတ်အေးချမ်းလို့".

"အဲဒါကြောင့် ပျင်းတယ်ပြောတာပေါ့"

"ပျင်းရင် အခွေကြည့်လေ"

"နှစ်ယောက်တည်းကြည့်ရမှာ ပျင်းစရာ..."

"ဒေါ်ညိုတို့ကတော့ ပျက်စီးနေပါပြီ၊ နောက်ညို တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း နေတတ်တော့မှာ မဟုတ်ဘူး ထင်တယ်''

''သေချာတယ်''

အဆောင်ရောက်ပြီး သုံးရက်အတွင်းမှာပဲ မေဦးက T.V နှင့် အောက်စက်၊ VCD စက်များကို သယ်ချလာခဲ့သည်။(အိမ်မှာက ပိတ်ထား ရမည့်အတူတူလေ) ညိုကတော့ CD Player ပါသော ကက်ဆက် တစ်လုံး ပြန်မှာ၏။ ထို့ကြောင့် မေဦးတို့အိမ်ကလေးသည် ညနေဆို အဆောင်ဖော်များနှင့် စည်ကားနေတော့သည်။ အိမ်ကလေးမှာက သီးသန့် မော်တာနှင့် မီတာရှိသည်မို့ ရေချိုးခန်းလုရလျှင်လည်း မေဦးတို့ဆီပဲ ပြေးလာတတ်သည်။ နဂိုကမှ အဖော်တွေနှင့် သိုက်သိုက်ဝန်းဝန်း နေချင် သော မေဦးနှင့် ညိုအတွက်ကတော့ ဘာမှ အနှောင့်အယှက်မရှိလှပါ။

''ညို''

''ဘာလဲ မေဦး''

''ဒီနေ့မှ အေးအေးဆေးဆေးပြောရမှာ မေးရမှာ ညို့အကြောင်း ပြောပါဦး။ ညို့မှာ ဒီနှလုံးရောဂါကြီးနဲ့ ဘာလို့အဆောင်မှာ လာနေချင်ရ တာလဲ။ ညို့အဖေအမေက ခွင့်ပြုတာပဲလား''

ညိုက ဖျော့ဖျော့ကလေး ပြုံးသည်။

''ခွင့်ပြုချက်ဆိုတာ ညို ဘာလုပ်လုပ် ဒေါ်ကြီးကိုပဲ ခွင့်တောင်းရ တာ၊ ဖေဖေနဲ့မေမေကတော့ all pass ပဲ''

''ဟင်...ညို့အဖေနဲ့အမေက ညို့ကို အလိုလိုက်သားပဲ''

''အလိုလိုက်တယ်လည်း မဟုတ်ပါဘူး၊ ညို့ရဲ့တောင်းဆိုချက်ကို သူတို့ ခေါင်းထဲထည့်ပြီး ကြာကြာမစဉ်းစားချင်တာ ဖြစ်ပါလိမ့်မယ်''

''ဘယ်လို ညို မေဦး နားမလည်ဘူး''

''ဒီလို မေဦးရဲ့ ဖေဖေရော မေမေရောက အလုပ်သိမ်များကြ တာ၊ တစ်နိုင်ငံစီမှာ နေကြတယ်၊ ဖေဖေက အမေရိကားမှာ၊ မေမေက



www.burmeseclassic.com

www.burmeseclassic.com


နယူးဇီလန်မှာလေ၊ တစ်ယောက်နဲ့တစ်ယောက် divorce တော့ လုပ်မထားဘူး၊ ဒါပေမဲ့ Separated ပဲ၊ သူတို့က ပြိုင်ဖက်များပြီး စီးပွားရှာနေကြတာ၊ မေမေကတော့ သူ့အလုပ် သူလုပ်တာပါ၊ ဖေဖေက မေမေ့အသိုင်းအဝိုင်းကို မယှဉ်နိုင်မှန်းသိသိကြီးနဲ့ ကြိုးရုန်းရှာနေတယ်လေ၊ လူဆိုတာ ဘဝပေးကုသိုလ်ချင်း မတူဘူးဆိုတာ ဖေဖေက မေ့နေတယ်"

"ရော်...ဒုက္ခပါပဲ"

"ဟုတ်တယ်၊ ညိုက တစ်ဦးတည်းသော သမီး၊ မေမေက ညို့ကို ဘာပေးတယ်ဆိုရင် ဖေဖေက မေမေ့ထက်သာအောင် ပေးတယ်၊ ညို့မှာက အရာရာ အလျှံပယ်ပဲ၊ မိဘမေတ္တာကလွဲရင်ပေါ့"

"ဩော်...ဒါကလည်း ချစ်လို့ပေးတာပေါ့"

"မဟုတ်ဘူး မေဦးရဲ့၊ ချစ်တာက နည်းနည်းပါ၊ ဒါလည်း မေမေက ချစ်တာ၊ ဖေဖေကတော့ အတ္တနဲ့ချစ်ပြနေတာ"

မေဦး သက်ပြင်းချမိသည်။ ညိုက ဆက်ပြောဏ်။

"ညို တစ်ခုခုတောင်းဆိုရင်လည်း ညို့အနာဂတ် ဘာညာသိပ်မစဉ်းစားအားဘူး လိုချင်တာပြော အကုန်ရမယ်၊ ကုန်ကုန်ပြော ညို့ကျန်းမာရေးအတွက်ဆို ညို့အသက်ကို ငွေနဲ့ ဆက်ဝယ်ပေးကြမှာပဲ ဒါပေမဲ့..."

ညိုက သက်ပြင်းလေးရှိုက်ကာ စကားကို ရပ်ထားဏ်။

"ညို ဆက်ပြောလေ...ဘာ ဒါပေမဲ့လဲ"

"ညိုလိုချင်တာ ဒါမဟုတ်ဘူး"

"ဩော်...ညိုရယ်"

"ပြီးတော့...ဒေါ်ကြီးတို့လို ဒီကလေး ငါမှမကြည့်ရင် ဒုက္ခရောက်မှာပဲဆိုပြီး ပိုးမွေးသလိုမွေးပြီး မျက်လုံး ဒေါက်ထောက်ကြည့်နေတာမျိုးကိုလည်း ညိုမကြိုက်ဘူး၊ ဝတ္ထုရားတစ်ခုနဲ့ နှောင်ဖွဲ့ထားတဲ့


www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်မှုမျိုးလေ"

"ခု ညို ဒီမှာနေရတာ ပျော်လား"

"အာ...ဘယ်လိုပြောလိုက်တာလဲ...ပျော်တာပေါ့၊ မေဦးလည်း ရှိတယ်၊ မေဦးက ညို့ကို ဂရုလည်းစိုက်တယ်၊ အလုပ်လည်း ပေးတယ်"

"ဟာ ဟ...ကျေးဇူးရှင်ကြီးပေါ့"

"ဒါပေါ့၊ ဒီနေရာကလည်း မေဦးနေခွင့်ပေးလို့သာ နေရတာကိုး"

"ကျေးဇူးတွေဆပ်မကုန်ရင် ဒီနေ့မနက်စာ ညိုကျွေးတော့"

"ကျွေးမှာပါ၊ ပြီးတော့လေ...ဒီအဆောင်က မမသီတာတို့၊ မဆွေဇင်တို့၊ အိသဲတို့ကိုလည်း ညိုက ချစ်တယ်၊ ညို့မှာက မောင်နှမ အရင်းအချာမှ မရှိတာ"

"သူတို့ကလည်း ညို့ကို ချစ်ပါတယ်"

"ဟုတ်တယ်နော်...ဟိုနေ့က ညို ဆေးခန်းသွားရတယ်ဆိုလို့ ပူနေကြတာ၊ ညိုက နှစ်ပတ်တစ်ခါ ဘာမှမဖြစ်လည်း သွားရတာပဲ"

"အင်း...နောက်ရှိသေးတယ်"

"ဘာလဲဟင်"

မေဦးနောက်ချင်လာ၍ နောက်လိုက်ခြင်းဖြစ်သော်လည်း ညိုက မျက်လုံးလေး ပေကလပ်,ပေကလပ်နှင့် ပြန်မေးနေသည်။

"ရေချမ်းလေ"

"ဪ...ဟုတ်ပ၊ ရေချမ်းက သိပ်ပျော်တတ်တာပဲနော်၊ သူနဲ့ တွေ့ရင် ညို ရယ်နေရတာပဲ...မောလို့ မောမှန်းတောင် မသိဘူး"

"ရေချမ်းလည်း ညို့ကို ဂရုစိုက်တယ်နော်"

"အင်း...ဟုတ်တယ်"

ခုထိ ပျက်လုံးက လိုရင်းမရောက်နိုင်သေး။ မေဦး စိတ်ညစ် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေချမ်းကိုကော မချစ်ဘူးလား"

"ချစ်တာပေါ့၊ အာ...ဟာ...ဘာလဲ မေဦးရဲ့ ရိုးရိုးသားသား ချစ်တာကို ပြောတာ"

"အင်းလေ...မေဦးကရော ဘာပြောလို့လဲ"

တော်သေးတာပေါ့။ ဒီလောက်နဲ့ သဘောပေါက်မြန်ပေလို့။ ဒီလိုကျတော့လည်း ရှက်တတ်သား။ မျက်နှာဖြူဖြူလေး ပန်းရောင်သန်းကာ ဆံပင်ခွေခွေတွေ ဝေ့ဝဲကျလာအောင် ငုံ့ကိုင်းသွားတော့သည်။ ပြီးမှ မကျေမချမ်းနှင့်...

"ဟင်း...ရေချမ်းက မေဦးလူများ"

"မဟုတ်ပေါင်တော်"

"ဟုတ်ပါတယ်...ညီ့မှာက ရှိပြီးသား"

ထင်မှတ်မထားသော စကားကြောင့် မေဦး ကြောင်သွားရသည်။ အံ့လည်း အံ့ဩသွားရပြီး ယုံလည်း မယုံချင်သေး။

"အံမယ်...တကယ်"

"တကယ်ပေါ့"

"ဘယ်မှာလဲ"

"ဘယ်မှာလည်းတော့ မသိပါဘူး"

"ညာတာ"

"မညာဘူး"

"မညာရင် သိရမှာပေါ့၊ ဘယ်သူလဲ"

"နာမည် မသိဘူး"

"မြတ်စွာဘုရား၊ နာမည်မသိဘဲများ ညီ့လူတဲ့၊ အံ့ရော..."

"အံမယ်...နာမည်သိစရာလိုလို့လား၊ ဒါတွေက အရေးမကြီးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အလာလာ...အာဂညီပါလား"

"ဒါပေါ့"

"ခက်တာက မယုံတာ"

"မယုံရင်နေပေါ့၊ အချိန်ကျရင် တွေ့လိမ့်မယ်"

"ထားပါတော့"

"ထားပါတယ်"

စကားမြွားက ပစ်မှတ်ဆီမရောက်ဘဲ လွဲချော်သွားရတော့သည်။ ဒီကောင်မလေး ရှက်ရှက်နှင့် ရေချမ်းစက်ကွင်းက လွတ်ပြီးရော လျှောက်ပြောတာလည်း ဖြစ်နိုင်သည်ပဲ။ ညီ့မိသားစုဘဝလေးက တစ်မျိုးစိတ်မချမ်းသာစရာကောင်းလှသည်။ မေဦးကျတော့ကော...

"မေဦးကရော...ဘာလို့ အဆောင်လာနေတာလဲ"

မေဦး ထိုအမေးကို ဖြေချင်လျက်နှင့် မဖြေချင်ဖြစ်နေရသည်။ သို့သော် ညီ့ကိုတော့ ပြောပြထားရမည်။ ကိုယ်ကတော့ ညီ့ဘဝကို မေးခဲ့ပြီးပြီပဲ။

"မေဦးမှာက မောင်နှမ နှစ်ယောက်တည်းရှိတာ"

"ညီ့ဆိုတစ်ယောက်တည်းပါ မေဦးရယ်"

"မဟုတ်ပါဘူး၊ ညီ့မှာက 'မိဘ'ဆိုတာ အဝေးမှာပေမဲ့ ရှိနေသေးတယ်"

"ဟင်...ဒါဆို မေဦးမှာက မိဘ မရှိဘူးလား"

"ဟုတ်တယ်၊ မေဦးမိဘတွေက မေဦး (၈)နှစ်သမီးတည်းက ဆုံးသွားကြတာ၊ ကားအက်ဆီးဒင့်နဲ့လေ၊ ကိုကိုနဲ့ မေဦးက (၇)နှစ်တောင်ကွာတာဆိုတော့...အဲဒီတုန်းက ကိုကိုက (၁၅)နှစ်ပေါ့"

"မိဘတွေ မရှိတော့ မေဦးတို့ကို ဘယ်သူက ကြည့်လဲ"

"မေမေ့ညီမ ဒေါ်လေးငယ်လေ၊ သူက အပျိုကြီး၊ သူကပဲ



www.burmeseclassic.com

www.burmeseclassic.com



မေဦးတို့ကို သူပဲအဖေ၊ သူပဲအမေလို ပြုစုခဲ့ရတာ"

"ဪ...တော်သေးတာပေါ့နော်"

"မတော်ဘူး ညီုရဲ့"

"ဟင်...ဘာလို့လဲ"

"အဲဒီအချိန်က (၅)နှစ်ပဲ ကြာလိုက်တာ၊ မေဦး (၁၃)နှစ်၊ ကိုကို (၂၀)နှစ်မှာ ဒေါ်လေးငယ် ဆုံးတယ်"

"ဟောတော့..."

ညီုမျက်နှာလေး ဖြူရော်သွားရသည်။

"ဟုတ်တယ်၊ မေဦးတို့ မျိုးရိုးက ကျိန်စာသင့်နေသလား မသိဘူးလို့တောင်မှ တချို့က ပြောကြတယ်"

"ဘာလို့လဲဟင်"

"ဖေဖေနဲ့မေမေကော၊ ဒေါ်လေးကော အသက်သူမှ ၄၀ ကျော်ထိ နေမသွားခဲ့ကြရဘူးလေ"

"ဟော့တော်...ဒုက္ခပဲ၊ ဒါဆို မေဦးပါ လေးဆယ်ထိ မနေရရင် ညီုတော့ ဒုက္ခပဲ၊ အင်းလေ...ညီုလည်း အဲဒီလောက် အသက်ရှည်ချင်မှ ရှည်မှာပါ၊ ကောင်းပါတယ်"

အရေးထဲ ဒေါ်ရွှေညီုက တစ်မျိုး။ သူက မေဦးကို တစ်သက်လုံး အတူနေဖို့များ မှန်းထားလားမသိ၊ အသက်ရှည်, မရှည်ကအစ တွက်နေသေးသည်။ 'လူမှားနေပြီ'ဟု ပြောလျှင်လည်း နားလည်မည့်သူ မဟုတ်။

"အရေးထဲ ညီုရယ်"

"ကဲပါ...ညီုက ညီုစိတ်ပူတာကို ပြောတာ၊ ဆက်ပါဦး မေဦး အဒေါ်ဆုံးတော့..."

"ကိုကိုက ကြည့်တယ်လေ"

"တော်သေးတာပေါ့၊ ခု အဲဒီအစ်ကိုကော..."



www.burmeseclassic.com

www.burmeseclassic.com


"အဲဒါပြောမလို့လေ ကိုကိုဆုံးသွားတာ မကြာသေးဘူး"

"ဘုရားရေ...တကယ်လား"

"တကယ်...ကိုကိုဆုံးပြီးတည်းက မောင်နှမနှစ်ယောက်တည်း ချစ်ချစ်ခင်ခင်နေခဲ့တဲ့အိမ်ကြီးမှာ မနေနိုင်လောက်အောင် လွမ်းဆွတ်နာကျင်လာတတ်လို့ စိတ်သက်သာရာရအောင် အဆောင်မှာ လာနေတာ"

"ဩော်..."

ညို့ တကယ့်ကို စိတ်မကောင်းဖြစ်သွားပုံ ရသည်။ မျက်နှာလေးပင် ညှိုးရော်လို့။ ပြီးမှ...

"မေဦး"

"ဟင်"

"မေဦးအစ်ကိုက ဘာနဲ့ဆုံးတာလဲဟင်"

"နှလုံးရောဂါပဲ"

"ညို့လိုပဲပေါ့နော်"

"တူတော့ မတူဘူးညိုရဲ့၊ ကိုကိုက အသက်(၂၀)ကျော်မှ စဖြစ်တာ..."

"ဟင်...(၂၀)ကျော်မှ စဖြစ်ပြီး ဆုံးတယ်၊ ညိုတော့ ခုထိနေနေရသေးတယ်၊ ညို (၂၂)နှစ်ရှိပြီ သိလား"

"အင်း...မေဦးလည်း (၂၂)နှစ်ပဲ"

ကိုကိုဆုံးတော့ 'ရေချမ်း'ရှိနေ၍ တော်ပါသေးသည်။ ရေချမ်းက ဆယ်တန်းအောင်ပြီးကတည်းက အဝေးသင်တက်ကာ ကိုကိုနှင့်အလုပ်တွဲလုပ်ခဲ့သူဖြစ်သဖြင့် အတော်အတန်မကကို အားကိုးရ၍ ဖြစ်သည်။

"တော်သေးတယ်နော် မေဦး"

"ဘာလဲဟင်"

"ဩော်...မေဦးမှာ ရေချမ်းရှိနေသေးလို့လေ"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟ...ရေချမ်းက အားကိုးရတာ မှန်ပါတယ်၊ ဒါပေမဲ့ ရေချမ်းနဲ့ မေဦးက အရင်တည်းက တကျက်ကျက်ပဲ"

"နောက်တော့ တည့်သွားမှာပါ"

"အလိုတော် ဖြစ်ရတယ်"

အကောင်းမှတ်ပြီး နားထောင်နေပါသည်။ ငတုံးမလေးဟု ထင်ထားသော ညိုက ခပ်တည်တည်နှင့် ရေချမ်းကို ကိုယ့်ဘက် ပြန်တွန်းပို့နေသည်လေ။ ထမင်းထွက်စားကြတော့ ကိုရွှေရေချမ်းက ဘယ်ကနေ ဘယ်လို အနံ့ခံပြီးရောက်လာသည် မသိ။ မေဦးတို့စားရာဆိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်လာတော့သည်။

ထုံးစံအတိုင်း ညို့ကို စကားရောဖွဲ့ရောနှင့် အစာများများ ဝင်အောင်ကျွေး။ ရယ်စရာမောစရာတွေပြော၊ အခြောင်ပြန်ပို့ပေးပြီး ရေချမ်းပြန်သွားသည်။ ရေချမ်းတစ်ယောက်တော့ ဒီကျွတ်ကို မပျက်မကွက် ထမ်းချင်နေပေပြီ။ ထမ်းခွင့်'စည်း'ကလေးကလည်း ခုထိတော့ ရှိနေသေးတာကိုး။ တကယ့် တကယ် တရားဝင်ထမ်းခွင့်လက်မှတ် ရနိုင်မရနိုင်တော့ မေဦးမပင် အကဲမခတ်နိုင်ပါ။

အမယ်...အကဲခတ်နိုင်ရအောင် မေဦးက ဘာမို့လဲဟု မေးလျှင်တော့ ရှက်ရှက်နှင့် ဘာမှမဟုတ်ကြောင်း မေဦး ဝန်ခံရပေလိမ့်မည်။

'အချစ်'ဆိုတာကို မေဦး တကယ် မသိသေးပါ။

✿✿✿✿✿

www.burmeseclassic.com

မြကြာဝင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



# [၅]

"ရော်...ဒီကားက ဘာဖြစ်"

"မေဦး...ဘရိတ်...ဘရိတ်ဖမ်း"

"ကျွီ..."

"ဒုန်း"

မတတ်နိုင်တော့ ကားက တိုက်ပြီးသွားပြီ။ မေဦး ထိုင်ရာမှ မထဘဲ မီးဝင်းဝင်းတောက်နေသော မျက်လုံးများနှင့် ရှေ့ကားအမှိုင်ဘာကို လှမ်းကြည့်လိုက်သည်။ ပုဂ္ဂိုလ်က အေးအေးဆေးဆေးပင်။ တိုက်မိတာ သူ့ကားပင် မဟုတ်သည့်ပုံစံနှင့် ဆင်းလာ၏။ ယောပုဆိုးအနက်၊ အသား ရောင်ရှပ်နှင့် အတော်တော့ သန့်ပြန့်သူ။ ခက်တာက ကားမကောင်းတတ် ခြင်းပင်။ လူရှင်း၊ ကားရှင်းသော လမ်းမကြီးမှာ တိုက်ကြတာခို့ မေဦး ဘဝမှာ တစ်ခါမှ မဖြစ်ဘူး။ ဒီလောက်အရှင်းကြီးကို ဝင်တိုက်မိတာ သူ အသုံးမကျလို့ပေါ့။

"ရှင်...ကားမမောင်းတတ်ဘူးလား"

ကားတံခါးကို သူ့ထက်ပင် အေးဆေးစွာ ဖွင့်ဆင်းလိုက်ရင်း ဆင်းလိုက်၏။ အရေးထဲ ရှားရှားပါးပါး ပါလာသော ရေချမ်းတော ထိန့်သွား သော ညို့ကို ပြုံစုကာ ကားထဲမှာ။ အေးလေ...သူ့အတွက် ညိုက

www.burmeseclassic.com



အရေးကြီး ပုဂ္ဂိုလ်ကို။

"ဟုတ်ကဲ့...မမောင်းတတ်ပါဘူး"

"ဘာရှင့်"

သူ့အသံက အေးတိအေးစက်နှင့် မေဦးကို ရွဲ့နေသလိုမို့ အော်ထည့်လိုက်မိသည်။

"ကောင်းတဲ့ကားပဲ မောင်းတတ်တာပါ၊ အလိုလို စက်ရပ်သွားတဲ့ ကားတော့ မမောင်းတတ်ပါဘူးခင်ဗျာ"

"ရှင် ဘာစကားပြောတာလဲ၊ ရှင့် အချက်ပြမီးတွေ သေကုန်ပြီလား။ ဘယ်မှာလဲ ဘရိတ်မီး၊ ဘရိတ်ဆွဲရင် ဘရိတ်မီးလင်းရမှာပေါ့၊ ခုဟာက...ရှင်က ရှေ့က ဘရိတ်မီးတောင်မလင်းဘဲ တိခနဲ တုံ့သွားတာ...နောက်က တိုက်မိတာဆန်းလား"

"မဆန်းပါဘူးခင်ဗျာ"

"ရှင်...ကျွန်မကို မရွဲ့နဲ့"

"မရွဲ့ပါဘူးဗျာ၊ ကားက သူ့အလိုလို ဘာဖြစ်မှန်းမသိဘဲ ရပ်သွားတာ၊ တုံ့ခနဲပဲ၊ ဒါကြောင့်...ခင်ဗျားလေး ဘရိတ်မီးကို မမြင်တာပေါ့။ ကျွန်တော် ဘရိတ်ဖမ်းလိုက်လို့ ရပ်သွားတာမှ မဟုတ်တာ"

"ခု ရှင်ဘာလုပ်မလဲ"

"ဘာလုပ်ရမှာလဲ"

"ကျွန်မက ဝင်တိုက်တယ်ဆိုပေမဲ့ ရှင်ရှေ့က ကို့ရို့ကားရားလုပ်လို့ တိုက်မိတာ ရှင်လျော်ရမယ်"

"ဟုတ်ကဲ့...လျော်ပါ့မယ်"

"ပြီးရော..."

နောက်မှ ရောက်လာသော ရေချမ်းက မေဦးကို ကြည့်ကာ...

"သူက လျော်မှာပဲ၊ နင်ကလည်း စိတ်လျှော့ဦး"

www.burmeseclassic.com

www.burmeseclassic.com



"နင် ခုမှ ဝင်မပါနဲ့၊ ငါ့ရာဇဝင်မှာ ဒီလောက်အရှင်းကြီးကို တိုက်မိစရာအကြောင်းမရှိဘူး။ ခု သူမဟုတ်လို့ ငါ့ကားက တိုက်ရာနဲ့ကား ဖြစ်ရပြီ"

"အဲဒီကားပါ ကျွန်တော် ပြန်ဝယ်ရဦးမှာလားဟင်"

ထိုပုဂ္ဂိုလ်က အူတူတူနှင့်လာမေးနေပြန်သဖြင့် မေဦး ဒေါသပို ထွက်လာရသည်။

"ရှင် ဘာစကားပြောတာလဲ"

"ဗျာ"

"ဝယ်နိုင်ရင် လာဝယ်သွား၊ အပို လာပြောမနေနဲ့၊ ရှင်မ ဝယ်လည်း ကျွန်မက ရောင်းပစ်မှာပဲ၊ ရှင့်ကားနဲ့ တိုက်ထားတဲ့ကား မစီးဘူး"

"ဟုတ်ကဲ့"

အူတူတူဟန်ဆောင်ထားသည်ဟု မေဦးက ထင်သောပုံနှင့် 'ဟုတ်ကဲ့' လိုက်ပြန်သည်။ ရေချမ်းက သူ့အလုပ်ကဒ်ကို ကပျာကယာထုတ် ပေးတာ...

"ဒီမှာဗျာ...ဒီကားနဲ့ ပတ်သက်တာအားလုံး ကျွန်တော့်ကို ဆက် သွယ်ပါ၊ ကျွန်တော် ရေချမ်းပါ။ နွေဦးမင်းလွင်ကုမ္ပဏီကပါ၊ ခင်ဗျား ရော..."

"ရော့...ဒါ ကျွန်တော့်ကဒ်ပါ"

ရေချမ်းက ကဒ်ကို လှမ်းယူဆဲ...

"ရေချမ်း...အဲဒီကဒ်က အစစ်လို့ နင့်ကို ဘယ်သူကပြောလဲ"

"ကျွတ်...တီတီတီတီနေစမ်း မေဦး"

ရေချမ်း တစ်ဘက်လူကို အားနာဟန်နှင့် မေဦးကို [illegible]

"မနေနိုင်ပါဘူး၊ နင့်ဘကြီးတော်မို့ နင်က ယုံတာလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ပုဂ္ဂိုလ်က ဝင်ပြော၏။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်၊ ဒီက ကြီးတော်လေး မယုံချင် ဖြစ်မယ်ဆို ဖြစ်စရာပါပဲ၊ ရော့ ရော့...ကျွန်တော့်ကားစာအုပ်ပါ ယူထား လိုက်၊ ကျွန်တော် မနက်ဖြန်ဘဲ အကုန်လာရှင်းပါ့မယ်"

"ဟုတ်ကဲ့...အားနာလိုက်တာ"

ရေချမ်းက ခေါက်ရိုးကျိုးနေသော ဆက်ဆံရေးမျိုးဖြင့် တလေး တစားဆက်ဆံလေသည်။ ကားပေါ်ရောက်တော့ မေဦး ကားမမောင်း တော့။

"နှင်ပဲ မောင်းတော့"

ရေချမ်းမောင်းရတော့၏။ ကားလည်းမောင်းရင်း ပါးစပ်ကလည်း သွက်၏။

"နှင်ဟာလေ အရမ်း အရမ်းပဲ၊ တစ်ဖက်လူကိုလည်း ကြည့်ပါဦး၊ လူရဲ့ဥပဓိတို့ အာညာရှိသေးတယ်၊ သူ့ရုပ်က ညာမယ့်ရုပ်လား"

"ညာမယ့်လူက မျက်နှာမှာ လူညာလို့ ရုပ်ဖျက်စာတမ်းထိုးထား လို့လား"

"နှင် စကားမကာပ်နဲ့"

"ကပ်တာမဟုတ်ဘူး၊ ကားငှားစီးတဲ့လူတွေ တစ်ပုံကြီး၊ နှင့်ကို ကဒ်အတုပေးပြီး လစ်တော့ နှင်ဘာတတ်နိုင်မလဲ"

"ကြိုကြီးစည်ရာ"

"မဟုတ်ဘူး မပြောနိုင်ဘူးလေ...ရေချမ်းရဲ့၊ မေဦးက ကြိုတွေး ထားတာ မမှားပါဘူး"

ညီမကပါ မနေနိုင်စွာ ပြောလာသဖြင့် ရေချမ်း အသံတိတ်သွား တော့သည်။ ဒါတောင် မလျှော့ချင်သေး။

"ညီမက အဲဒီလူကို သေချာ မမြင်လိုက်လို့ပါ၊ Personality



www.burmeseclassic.com

www.burmeseclassic.com



အပြည့်ရှိတယ်''

''ဟုတ်လား''

ညိုက ထုံးစံအတိုင်း ထောက်ခံ၏။ မေဦးသာ စိတ်တိုတိုနှင့်...

''ဟဲ့...အဲဒီလောက်ဖြစ်နေရင် နင့်နှမနဲ့ ပေးစားလိုက်''

''အေး...ပေးစားမယ်၊ ငါ့မွေးစားညီမ မေဦးမိုးစက်နဲ့...ဟားဟား ဟား''

နောက်ဆုံးတော့ ကိုယ့်ပါ ပြန်ထိသည်။ ထို့ကြောင့် မေဦး မနိုင်ရင် လုပ်နေကျအတိုင်း ရေချမ်းကို နောက်ကနေ ဆွဲဆိတ်တော့သည်။ တကယ်တော့ မိန်းကလေးတန်မဲ့ ဆိုင်တကာ့ဆိုင် ပတ်စားနေကြသော မေဦးနှင့်ညို့ကို ရေချမ်းအမေက မကြည့်ရက်စွာ ထမင်းကျွေးဖို့ ခေါ်ထား၍ သွားကြခြင်းဖြစ်သည်။ ညို့ကို ပြချင်တာလည်း ပါမှာပေါ့။ အားလုံးထဲမှာ ရေချမ်းက ကံအကောင်းဆုံးပါ။ ရေချမ်းမှာက မိဘနှစ်ပါးလုံးကော၊ အစ်ကိုတစ်ယောက်ပါ ရှိသည်လေ။ သို့သော် အပျင်းကြီးသော အဖေနှင့် ရောဂါသည်အမေ၊ ဘဝင်မြင့်ကာ ဘာအလုပ်မှ သန့်တန်သည် မထင်ဘဲ ထိုင်စားနေသော အစ်ကိုတို့ကို ရေချမ်းက ဆယ်တန်းအောင်ပြီး ကတည်းက လုပ်ကျွေးနေရခြင်း ဖြစ်သည်။ ရေချမ်းမောင်းနေသောကားက ပင် ကိုကို့ကား ဖြစ်၏။ သို့သော် ရေချမ်းက တော်ပါသည်။ ကိုကိုက ရာခိုင်နှုန်းနှင့် ပေးထားသော ငွေများကို စုဆောင်းထားသည်။ မိဘပင် မသိစေရ။

ရေချမ်းတို့အိမ်ရောက်တော့ ရေချမ်းအမေက ဝမ်းသာအားရကြို ၏။

''မေဦးဖြင့် မတွေ့ရတာတောင် ကြာပြီ''

''ဟုတ်တယ်...ဒေါ်ဒေါ်၊ မေဦးက ခု လူကြီး လုပ်နေရပြီ နေကောင်းရဲ့လား ဒေါ်ဒေါ်၊ သမီးတို့စားဖို့ နေမကောင်းတဲ့ကြားက



www.burmeseclassic.com

www.burmeseclassic.com



ချက်ထားရတာ ထင်တယ်''

''ခုရက်ပိုင်း သက်သာပါတယ်ကွယ်၊ သွေးလည်း သိပ်မတိုးဘူး၊ ဒေါ်ဒေါ်က ဟင်းချက်ရတာ ဝါသနာပါတယ်ကွဲ့''

''ကောင်းတာပေါ့၊ မေဦးနဲ့ တခြားစီပဲ''

မေဦးက ကိုယ့်ဂုဏ်ကိုယ်ဖော်ကာရယ်တော့ ညီုကပါ ရယ်ရင်း...

''ညီမလည်း မချက်တတ်ဘူး''

''ညီုက မတတ်တာ မလုပ်သင့်လို့၊ ဟိုကတော့ အလကား... တမင်ကို မချက်ချင်တာ''

ရေချမ်းက မေဦးကို ဝင်ပြောပြန်သည်။ မေဦးကလည်း မခံပါ။

''အေးလေ...ရည်ရွယ်ချက်ကိုက ချက်တတ်ပြုတ်တတ်နေရင် လုပ်ပေးနေရဦးမှာမို့ မတတ်အောင်နေတာ တတ်တဲ့လူ ရှာလို့ရတယ်''

''နင်ကတော့ ဒီတစ်သက် မမြင်ပါဘူး''

''ဘာလဲ''

''စွဲတိန်းလေ''

''ဟင်း...ပြီးမှ chief cook တစ်ယောက် ကောက်ယူထားလိုက်လို့ လာချက်ကျွေးခိုင်းနေဦးမယ်''

''မထင်...''

''နင်ကရော ချက်တတ်လား''

''မချက်တတ်ပါဘူး၊ ငါက ယောကျ်ားပဲ''

မေဦးတို့ရန်ဖြစ်နေစဉ်မှာပဲ ဒေါ်ဒေါ်က ညီုကို ထမင်းစားပွဲဆီ ခေါ်သွားနေပြီ။ နောက်မှာ ကျန်ခဲ့ကြတာမို့ မေဦးက...

''ညီုက မချက်တတ်ဘူးလေ၊ နင် တတ်သင့်တာပေါ့''

မေဦးက အနိုင်စကား ပြောလိုက်ခြင်းဖြစ်သော်လည်း ရွှေရေချမ်းက အရမ်းကာရောကြီးကို လေးနက်သွားရကာ...



www.burmeseclassic.com

www.burmeseclassic.com



"အေး...ဟုတ်တယ်၊ ဒါ စဥ်းစားသင့်တယ်၊ ငါ သင်ရမှာပေါ့"

"မြတ်စွာဘုရား"

လူတစ်ယောက်ကို ဒီလောက်ထိ ပြောင်းလဲစေသော စွမ်းအားမှာ မည်သည့်အရာများဖြစ်မလဲ။ သိပ်တွေးတောမနေအားပါ။ ထမင်းဝိုင်းသို့ ရောက်နှင့်နေသော ဒေါ်ဒေါ်နှင့်ညီ့ကို ထမင်းစားရန် အသင့်စောင့်နေကြပြီ။ ထမင်းဝိုင်းမှာတော့ ညီ့အကြိုက်ဟင်းများနှင့် ညီနှင့်တည့်အောင် အပူလျှော့၊ အစပ်လျှော့ထားသော ဟင်းများချည်းဖြစ်သော်လည်း စားမြိန်လှပါသည်။ စားကောင်းနေရင်းကမှ စောစောက ကားတိုက်ခဲ့တာရော ကားပိုင်ရှင် ပုဂ္ဂိုလ်ကိုရော ပြေးမြင်ကာ ဒေါသက အလိပ်လိုက် ပြန်ထလာသဖြင့် ဆက်ပင်မစားနိုင်တော့။ အသက်ကတော့ (၃၀)ဝန်းကျင်ခန့်ရှိမှာ သေချာပါသည်။ သို့သော် အူတူငူ အတတလား၊ ထမင်းအုပ်ဟန်ဆောင်ထားတာလား မသိသော ထိုပုဂ္ဂိုလ်၏ သွေးအေးအေး မျက်နှာပေးကို မေဦးက တစ်စက်လေးမှ အယုံအကြည်မရှိချင်တာတော့ သေချာသည်။

အရေးထဲ ရေချမ်းက မျိုးကျော့မြိုင်၏ 'ကားတိုက်မိခြင်း' သီချင်းကို ဖွင့်နေသေးသည်။ တမင်လား မတော်တဆလားဆိုတာတော့ သူကလွဲ၍ မည်သူမှ သိနိုင်လိမ့်မည် မဟုတ်ပါ။

✿✿✿✿✿

www.burmeseclassic.com

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



# [၁၀]

မနက်က အိမ်မှ မထွက်ခင်လေးမှာတင် ညို့ကုတင်ပေါ်က အရုပ်ပေါင်းစုံကို ကြည့်ကာ...

"ညိုက အရုပ်ချစ်တာလား"

"အင်း...ဆိုပါတော့"

"အာ...ဆိုပါတော့တဲ့လား၊ ဘာလဲ...ချစ် ချစ်တယ်၊ မချစ် မချစ်ဘူးပေါ့"

"မဟုတ်ဘူး မေဦးရဲ့၊ အရင်က ဒီလောက်မဟုတ်ဘူး၊ နောက်မှ ပိုချစ်လာတာ"

"မြတ်စွာဘုရား...လာပြန်ပြီ၊ အထူးအဆန်း"

"တကယ်ပါ...ညို အရုပ်ချစ်တာ (၅)နှစ်ရှိပြီ"

"အလို...ဖြစ်ရတယ်တော်၊ ချစ်တာတောင် ကာလအပိုင်းအခြားနဲ့"

"အင်း...ညို့မှာ ဒီထက်ချစ်စရာကောင်းတဲ့ [illegible] ရှိသေးတယ်၊ နောက်ကြုံမှ ပြမယ်သိလား၊ ခုတော့ သွားရအောင် ဆိုင်ဖွင့်တာ နောက်ကျနေဦးမယ်"

သူကပဲ ဆိုင်ရှင်ထက်ပိုပြီး တက်ကြွနေတာမို့ [illegible] [illegible] နှင့် သူ့နောက်က လိုက်ခဲ့ရတော့သည်။ ဆိုင်မှ ရောက်ကြသေး သူ့ဖုန်းက

www.burmeseclassic.com

www.burmeseclassic.com



မြည်သည်။

"အယ်...အိမ်က"

ကဗျာကယာ နားထောင်လိုက်ရင်း...

"ဟဲလို...ညီပြပါ၊ဒေါ်ကြီးလား"

"........."

"အင်း...နေကောင်းပါတယ်"

"........."

"သောက်တယ်၊ ဆေးလည်း သောက်တယ်"

"ခုလား...အိမ်မှာပဲလေ"

"........."

"ကားသံကြားရတယ် ဟုတ်လား"

ဆိုင်က ကားလမ်းနှင့် ကပ်နေတာမို့ ကားသံကမပြတ်။ ညို မေဦးကို မျက်လုံးပြူးလေးနှင့် လှမ်းကြည့်ကာ အကူအညီတောင်း၏။

"အဆောင်ထဲ ကားဝင်လာလို့..."

မေဦးစာရွက်မှာ ရေးပြတော့မှ ညို ဆိုင်အတွင်းဖက်ကျကျဆီ ဝင်ကာ...

"ဩော်...အဆောင်ထဲ ကားတစ်စီးဝင်လာတာ မေဦးထင် တယ်"

"........."

"ဟုတ်ကဲ့၊ ဘယ်မှ မသွားပါဘူး၊ တစ်ခါတလေ လိုတာ ထွက်ဝယ်တာလောက်ပဲ"

"........."

"ဟုတ်ကဲ့...အာ...ခုမလာနဲ့ ညို့ကို မေဦး ပြန်လာခေါ်တာ၊ ဒီနားက ဆေးဆိုင်မှာ အားဆေးတစ်မျိုးသွားဝယ်မလို့"

www.burmeseclassic.com

www.burmeseclassic.com



“..........”

“ဟုတ်...ညနေမှ လာနော်...နော်”

“..........”

“ဟူး...တော်ပါသေးရဲ့”

ညိုကြ ဖုန်းလေးကိုပိတ်ကာ ရင်ဘတ်ဖိရင်း ပြော၏။

“ဘာဖြစ်တာလဲ”

“ဘာဖြစ်ရမှာလဲ၊ မေမေ့ဆီက လူကြုံပစ္စည်းတွေရောက်လို့ လာပို့မလို့တဲ့၊ ညနေမှ လာလို့ပြောလိုက်ရတယ်”

“အင်း...ညို့မှာလည်း ဒုက္ခ၊ မေဦးမှာလည်း ဒုက္ခ၊ မေဦးက ညို့အဒေါ်ကြီးကို သိပ်ကြောက်တာ၊ မာမာထန်ထန်ကြီး”

“ဒေါ်ကြီးက အကျင့်ပါနေတာ...ခေါက်စမ်းပါ”

ညိုကြလေးကတော့ ဘာမှ အမှုမထားဟန်နှင့် ရဲဝင့်နေသည်။ အင်းလေ...တရားခံဖြစ်မှာက သူမှ မဟုတ်တာ။ မေဦးပဲ။

ပြောနေဆိုနေစဉ်မှာပဲ ဆိုင်ဖုန်းက ထမြည်ပြန်သည်။

“ဟဲလို...မေဦးပါ”

“ရေချမ်းဟာ...”

“ပြော...”

“နင့်ကားကိစ္စ အားလုံးပြီးပြီ”

“ဘာတွေပြီးတာလဲ”

“ပြင်တာ...ရောင်းတာ...ဝယ်တာ”

“မြတ်စွာဘုရား...ဝယ်လိုက်ပြီ ဟုတ်လား”

“အေး...”

“ဟင်...ငါဖြင့် မကြည့်လိုက်ရဘဲ ဝယ်လိုက်တယ်”

“အင်းလေ...နင်ကြိုက်မှာပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...နင်က ဘာအာမခံနဲ့ ငါကြိုက်မယ် ပြောရတာလဲ"

"ဟိုတစ်ခါ နင်ပြောဖူးတဲ့ metalic ခဲရောင်လေ"

"ဘာကားလဲ...ဘာမော်ဒယ်လ်လဲ"

"supersaloon ပဲ။ 96 model ဟ"

"ဟင်...ဘယ်လောက်တောင် လိုက်,လိုက်ရလဲ"

"ပါးပါးလေးပါ"

"ဟဲ့...ငါ့ကားက 91 model ပဲ၊ ဒီလောက်ကွာတာ...ပါးပါး လေး လိုက်ရတယ်ဆိုတာ ဖြစ်နိုင်လား"

"ဖြစ်နိုင်လို့ ကိစ္စကပြီးနေပြီ၊ နင့်ကိုက ရှည်တယ်"

"နွားမ ရွံ့ပိတ်ပြီး နင့်ညာရောင်းတာ ဖြစ်နေပါဦးမယ်ဟာ"

"ဟာ...ရေချမ်းက ငတုံးလားဟ"

"ရေချမ်းက မတုံးဘူး၊ ဟိုက လည်နေမှာစိုးတာ..."

အချီအချ ရန်ဖြစ်နေတာကို မှန်းပြီး ညိုလည်း အားလုံး သိလောက်ပြီးမို့ ညိုက...

"ထားပါတော့ မေဦးရယ်၊ကြိုက်မကြိုက်ဘဲ ကြည့်ကြရအောင်၊ မေဦးမှ မမြင်ရသေးဘဲ မေဦးမြင်ရင် ဆုံးဖြတ်ပေါ့"

"ဘာမှ ဆုံးဖြတ်လို့မရတော့ဘူး ညို...ကိစ္စက အားလုံးပြီး နေပြီတဲ့"

မေဦး စိတ်ပျက်လက်ပျက်နှင့် ထိုင်ချလိုက်မိသဲ၊ ထိုကိစ္စအားလုံး ၏ ဝင်မတရားခံက ဆိုင်ဝကနေ ဘွားခနဲ ဝင်ချလာပါတော့သည်။ Customer လာလျှင် နှင်းပွင့်တို့ ဝေဝေတို့ထက်ပင် သွက်သော မရွှေသိုက ခပ်သွက်သွက်လှမ်းသွားရင်း...

"ဘာများ အလိုရှိပါသလဲရှင်"

"ကြည့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်က မေဦးကို မြင်သော်လည်း သူ့ဝယ်ခြမ်းရေးကိစ္စ... ဖာကပဲ အရမ်းအရေးကြီးနေသလိုပြုကာ ဇာများ၊ ချိတ်များကို လိုက်ကြည့်နေသည်။ ဆိုင်ကျဉ်းကျဉ်းလေးကို လှည့်ပတ်ကြည့်နေတာ ဆယ်မိနစ်ပင် ပြည့်တော့မည်။ သူ့ဟိတ်ဟန်ကလည်း ဝင်းဝါဝံ့ကြွားနေသည်မို့ ဘယ်သူကမှ စောဒက မတက်ရဲ။

မေဦးကတော့ နဂိုတည်းကမှ ကြည့်မရသူမို့ ထိုင်ရာမှ ထကာ ချဉ်းကပ်သွားလိုက်ပြီး...

"ဘာလိုတာလဲ မသိဘူး။ ဇာတ်ကာဖို့လား၊ မင်္ဂလာဆောင်ဖို့လား မသိဘူး"

မေဦးက ရွဲ့တာပါ။ သို့သော် ထိုပုဂ္ဂိုလ်က အေးအေးဆေးဆေး လေသံနှင့်ပင်...

"မဟုတ်ပါဘူး ခင်ဗျာ၊ လက်ဆောင်ပေးဖို့ပါ"

"လူကြီးလား လူငယ်လား"

"လူငယ်ပါ"

"ဘာပေးချင်တာလဲ...ဘယ်လောက်မှန်းထားလဲ"

"ဈေးက အရေးမကြီးပါဘူးခင်ဗျ၊ ပေးချင်တာက ဇာကောင်းကောင်းလေးပါ"

"ဒါ နောက်ဆုံးပေါ် ဒီဇိုင်းပဲ၊ ရောက်တာ (၅)ရက်ပဲရှိသေးတယ် ဘာအရောင်ယူမလဲ"

ထလာတုန်းကတော့ ရွဲ့ဖို့ပါပဲ။ သူက တကယ့် gentleman ဖြစ်နေလေတော့ ကိုယ်က ဈေးသည်ပီသဖို့ပဲ ကျန်တော့သည် မဟုတ်လား။ ညိုကတော့ တစ်ခါမှ ဈေးထရောင်းလေ့မရှိ (လူကျချိန်မှလွဲလျှင်) သော မေဦးကို ပြုံးစစနှင့် ကြည့်နေသည်။ ဒါတောင် မိမိနှင့် ဘယ်သူဆိုတာ ဟိုနေ့က ကားပေါ်မှာ ကျန်ခဲ့တာမို့ ညိုမသိ။


www.burmeseclassic.com

www.burmeseclassic.com



"အင်း...အရောင်က"

ပုဂ္ဂိုလ်က တစ်ချက်စဉ်းစား၏။ ပြီးမှ စဉ်းစားမရဟန်ဖြင့်...

"ခင်ဗျားအသားနဲ့ လိုက်မယ့်အရောင်မျိုး"

မေဦး သူ့ကို အူကြောင်ကြောင် (တမင်ပင်)ပြန်ကြည့် ပေးလိုက်သည်။ သူ လက်ဆောင်ပေးမယ့်သူကပဲ မေဦးအသားအရည်လို ဝင်းဝါနေပုံမျိုး။ ထို့ကြောင့် မေဦးလည်းကြိုက် တော်ရုံအသားအရည်နှင့်လည်း ဘယ်လိုမှ မလိုက်ဖက်နိုင်သော အရောင်မျိုးကို ရွေးပေးလိုက်သည်။

"ဘယ်လောက်ဖြတ်ပေးရမှာလဲ"

"ခင်ဗျားတို့ ဝမ်းဆက်ချုပ်ရင် ဘယ်လောက်ကုန်လဲ"

လာပြန်ပြီ။ သူ့ကောင်မလေးကဖြင့် ဘယ်လိုခန္ဓာရှိမှန်းမသိ။

"တစ်ယောက်နဲ့တစ်ယောက် မတူဘူးရှင့်"

"တူပါတယ်...ခင်ဗျားအနေအထားအတိုင်းပါပဲ"

စိတ်ကား အတော်မှသက်ာဖြစ်လာ၍ ခပ်စူးစူးလေး ပြန်ကြည့်လိုက်သော်လည်း သူ့မျက်နှာမှာ ဘာသံသယဖြစ်စရာမှ မတွေ့ရ။ သို့သော် စိတ်ပေါက်ပေါက်နှင့် တစ်ကိုက်ကို တစ်သောင်းခွဲတန်သော စကို သုံးကိုက်ခွဲဖြတ်ပေးလိုက်သည်။ ပိုရင်ရှိုက်ကာချုပ်ဟု စိတ်ထဲကလည်း ရွဲ့ပြောလိုက်သေးသည်။

ပိုက်ဆံသိမ်းတော့ ညိုက သိမ်းသည်။ နှင်းမွှင့်က အိတ်ကိုပေးကာ ဝေဝေက အဝထိလိုက်ပို့ပြီး 'နောက်လည်း လာအားပေးနော်'ဟု ဆိုသည်။ ဒါကို ပုဂ္ဂိုလ်က 'စိတ်ချ'ဟု ခပ်ကျယ်ကျယ် ပြောသွားသေးသည်။ တစ်နေ့ကို ငါးသောင်းကျော်လောက်တော့ အလကား လာဖြုန်းနေစရာအကြောင်း သိပ်မရှိပါ။ အလွန်ဆုံးလာနိုင်လှ တစ်လတစ်ခေါက်ပေါ့။ ဒါတောင် သူ့ကောင်မလေးကို အင်မတန်ရက်ရောပါမှ။

အရေးထဲ ဝေဝေက...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကောင်မလေးကတော့ ကံကောင်းတယ်နော်"

နှင်းပွင့်ကတော့...

"အေးဟာ...သူ့ကောင်မလေးက မမေဦးနဲ့တူသတဲ့"

မေဦး မနေသာတော့။

"ဟဲ့...နင့်ကို ဘယ်သူပြောလဲ"

"သူပြောတာလေ...မမေဦးလို အသားအရည်၊ မမေဦးလို အနေအထားအတိုင်းတဲ့"

"ဒါဆိုလည်း မေဦးပဲ ပေးသွားလိုက်၊ ပြီးရော..."

အံ့မယ်။ ဒေါ်နှင်းခက်ညို့တို့က ဒါမျိုးကျ တတ်သည်။

"ပေးမယ်...အားကြီးစောင့်နေ၊ ဟိုနေ့က ငါဝင်တိုက်ခဲ့တာ သူ့ကားလေ၊ ရော့ထားရလို့ စိတ်တိုနေရတဲ့ထဲ"

"သူ့ကြည့်ရတာ စိတ်တိုနေပုံမရပါဘူး။ အဲ...ဟိုနေ့က အကြောင်းလည်း ဘာမှ မပြောဘူးနော်"

ညို့က စာအုံ့တခြလေး ရေရွတ်၏။

"အံ့မလေး...ပြောမလား၊ သူ့ကြည့်ရတာ cool-blooded animal လေ၊ သွေးအေးသတ္တဝါ"

"ဟီ ဟိ...မြွေလား"

"မဟုတ်ဘူး...နှင်းလူ"

ဘာရယ်မဟုတ်ဘဲ တစ်ဆိုင်လုံးက ဗိုင်းအရယ် ကားလာမို့သော ရေချမ်းက ဆိုင်ထဲအဝင်မှ ရေချမ်းပင် အူကြောင်ကြောင် ဖြစ်သွားရသည်။

"ဘာရယ်တာလဲ"

"နင့်ရယ်တာ မဟုတ်ရင် ပြီးရော..."

"ငါ့ရယ်တာ မဟုတ်တာကလည်း ငါဝင်လာမှ ဝါးနေ..."

"ဒါက တိုက်ဆိုင်တာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"တိုက်...တိုက်ဆိုင်နိုင်လွန်း၊ အံ့ရော..."

ရေချမ်းကိုကြည့်ကာ ထပ်ရယ်မိကြပြန်သည်။ ဒီတစ်ခါတော့ ရေချမ်း သံသယက ပိုကြီးလာရတော့သည်။

"ဒါကကော...ဘာရယ်တာလဲ၊ တိုက်ဆိုင်တာလား"

"မဟုတ်ဘူး၊ ခုဟာက နင့်ကို ရယ်တာ..."

ဒီလိုကျပြန်တော့လည်း ရေချမ်းက လက်မခံပြန်။

"ဘာမှ ရယ်စရာမပါလာဘူး၊ အူမြူးမနေနဲ့၊ သွား...ကားသွားကြည့်။ မကြိုက်ရင် နင့်ဟာနင်ပြန်လဲ၊ ဒါမှမဟုတ်ရင် နင့်အစ်ကိုကားနဲ့လဲလိုက်..."

"ဟင်...နင် သိပ် အနစ်နာခံနေရပါဦးမယ်"

ထုံးစံအတိုင်း ညိုကပင် ရန်ပွဲကို စဲစေကာ ကားဆီခေါ်သွားသည်။ ကားက ဘာမှ သဘောမကျစရာ မရှိပါ။ အရောင်ကော၊ ပုံကော၊ စက်ကော အကုန်ကြိုက်ပါသည်။ တစ်ခုလေးပါပဲ။ ပါးပါးလေးပဲ လိုက်ရတယ်ဆိုတာ။ ထိုပါးပါးလေးကို စာရင်းတောင်းကြည့်တော့လည်း ပိုဆိုးသည်။ လုံးဝ မဖြစ်နိုင်သော ပမာဏဖြစ်နေသည်။ ရေချမ်းကတော့ တို့ကို ဒီလောက်ရက်ရက်ရောရော စိုက်ပေးစရာအကြောင်းမရှိ။

ခုထိတော့ မသင်္ကာစရာကောင်းနေသည်က ကားပဲဖြစ်သည်။ ရေချမ်းမဟုတ်ပါ။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



# [၈]

ချိန်းထားသည့်ညနေ ညို့အိမ်မှ ဘယ်သူမှ ရောက်မလာခဲ့ပါ။ မချိန်းထားတော့မှဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့သည်။ ဒါတောင် မေဦးတို့ဘက်တော်သား အန်တီမြတ်မွန်က ကပ္ပာကယာဖုန်း လှမ်းဆက်၍ သိရခြင်းဖြစ်သည်။ လာချိန်ကိုလည်း ကြည့်ပါဦး။ ညနေ သုံးနာရီခွဲ။ အန်တီမြတ်မွန်က...

"ညိုရေ...အမြန်ပြန်ခဲ့တော့၊ ညို့ဒေါ်ကြီး ရောက်နေတယ်၊ အန်တီက မေဦးဆိုင်မှာ ဇာကြည့်ချင်လို့ ခဏထွက်သွားတယ်လို့ ပြောထားတယ်"

ထိုအခါကျမှ ညိုက အိတ်ကို လှမ်းဆွဲကာ ပြန်ပြေးရန် ပြင်တော့၏။

"ဟဲ့...ညို နေဦးလေ"

"အာ...မဖြစ်ဘူး၊ အမြန်ပြန်မှ မေဦးရဲ့"

"ပြန်ပါ၊ အံမလေး...လုပ်ချင်တာ လုပ်တုန်းကတော့ သူ့အပြစ် သတ္တိရှိတာမရှိဘူး၊ ခုကျတော့လည်း ပျာလို့၊ ကြီးတော်...အန်တီပြော စကားနဲ့ညီအောင် ဇာလေးဘာလေး ဖြတ်သွားဦး၊ အင်း...ဒေါ်ငွေချိုတင် ဒီဇိုးမှ ကြုံတော့တယ်၊ မဟုတ်ရင် သူကချည်း သူများကို အတင်းထိုး

www.burmeseclassic.com



ရောင်းနေတော့တာ"

"အင်း...ဟုတ်သားပဲ၊ မေဦးရဲ့...လုပ်ပါဦး၊ ဘာဖြတ်ရမလဲ၊ ဘာအရောင်ယူရင် ကောင်းမလဲဟင်"

"ကြိုက်တာတာဖြတ်...မညီ့အသားနဲ့ဆို အကုန်လိုက်တယ်၊ အရောင်စုံ တစ်စစီဖြတ်ပါလားဟင်"

ဝေဝေကပါ အချွန်နှင့် ဝင်မသဖြင့် ဝိုင်းရယ်ကြရသေးသည်။ နောက်ဆုံးကျတော့လည်း ကြိုးကြိုးချိတ်တစ်ထည်ကို ခပ်တည်တည် ဆွဲထည့်လာခဲ့ကြပြီး နှင်းပွင့်ကို ဆိုင်ပိတ်နိုင်းကာ မေဦးတို့ ပြန်ခဲ့ကြသည်။

အဆောင်ရောက်တော့ ဒေါ်ကြီးက ရင်ဘတ်ဖိကာ မေဦးကို မျက်စောင်း မရွှယ်ရုံကြည့်ရင်း...

"အံမယ်လေး...ဒေါ်ရွှေညို လမ်းသလားနေတယ် ဟုတ်လား"

"မဟုတ်ပါဘူး၊ ဒေါ်ကြီးရာ ဒီမှာ မေဦးဆိုင်မှာ မှာထားတဲ့ကြိုးကြီးချိတ်ရပြီဆိုလို့ သွားယူတာ"

"ဟင်...ကြိုးကြီးချိတ် ညည်းက ဘာလုပ်မှာတုန်း"

"မေမေဆီပို့ဖို့လေ၊ မေမေက ပန်းဆီရောင်အသွေးကျကျလေး လိုချင်တယ်ပြောထားတာရော..."

ဒါမျိုးကျတော့ညီက တတ်ရှာပါသည်။ ခပ်ညံ့ညံ့ မဟုတ်တော့ပါ။ အရေးကြုံလာပြီကိုး။ မေဦးကပါ ဝင်ပြီးပြောရသည်။ ညို့ဒေါ်ကြီးကို အမြင်ကတ်တာလည်း ပါသည်။

"ဒီပန်းဆီသွေးက ဘယ်သူ့နဲ့မှတူတာ မဟုတ်ဘူး၊ အရမ်းရှားတာ၊ ညီ့ လိုချင်တယ်ဆိုလို့သာ၊ အမရပူရကလာတဲ့ ချိတ်တွေထဲမှာ ဘယ်ထည်တစ်ထည် ဒါမျိုးအဆင်အသွေးမရဘူး"

အန်တီမြတ်မွန်ကလည်း...

"ဟယ်...ဟုတ်ပ မေဦးရယ် လှမှလှ၊ စောစောက ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



အန်တီယူတာပေါ့၊ မေဦးက မျက်နှာလိုက်တယ်"

"မျက်နှာလိုက်တာ မဟုတ်ပါဘူး၊ ညီ့က ကြိုပြောထားတဲ့ပြင် လက်ဦးမှုလည်း ရသွားတယ်လေ၊ ဒါကြောင့်ပါ နောက်များမှပေါ့ အန်တီရယ်၊ မေဦးရှိတာပဲ"

အကုန်လုံးက ဝိုင်းပြောမှ ဒေါ်ကြီး၏ မျက်နှာက အနည်းငယ် ပြေလျော့သွားသည်။ ဒရိုင်ဘာကို ခပ်ထည်ထည်လှမ်းခေါ်ကာ ကားပေါ်မှ သေတ္တာနှစ်လုံးကို ချခိုင်း၏။

"ဟင်...လူကြုံက သေတ္တာနှစ်လုံးတောင် သယ်လာပေးတယ်။ ဟုတ်လား"

"တောက်တီးတောက်တဲ့ ညီ့ရယ်၊ unaccompany နဲ့ပါလာတာပါ"

"ခြော်..."

မေဦးကတော့ ညီ့ အပြင်ထွက်သည့်ကိစ္စ ရှင်းသွားပြီမို့ ကိုယ့်အခန်းထဲ ကိုယ်ဝင်ခဲ့လိုက်သည်။ အပြင်မှာ ညီ့တို့ စကားပြောကျန်ခဲ့ကြ၏ အားလုံး ပြန်သွားတော့မှ ညီ့က...

"မေဦးရေ...လာပါဦး"

"လာပြီ...ဘာလုပ်မလဲ"

"လာကူဦး...ဒီမှာ သေတ္တာဖွင့်မယ်"

ညီ့နှင့်ကူကာ သေတ္တာဖွင့်ကြ၏။ အထဲမှာ ပစ္စည်းများက များပြားစုံလင်ကာ လိုချင်စဖွယ်ကောင်းလှတော့သည်။

"ညီ့မေမေက ညီ့ကို ချစ်ပါတယ်"

"အင်း...နည်းနည်းချစ်တယ်"

"နည်းနည်းမဟုတ်ဘူး ညီ့ရဲ့၊ ဒီလို လှပစုံလင်ပြီး ညီ့နဲ့လိုက်ဖက်အသုံးဝင်မယ့် ပစ္စည်းလေးတွေ တိုလီမိုလီကအစ သေတ္တာနှစ်လုံးပြည့်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဝယ်စုဖို့ဆိုတာ တော်ရုံဆန္ဒနဲ့ဖြစ်မှာမှ မဟုတ်တာ''

ထိုအခါကျမှ ညိုက မေဦးကို တွေတွေလေး ပြန်ငေးကြည့်ကာ...

''ဟုတ်တယ်နော်၊ ညိုထင်တာက ညိုကပဲ မေမေတို့ကို ချစ်နေလွမ်းနေရတာ၊ မေမေတို့က ညို့ကို မချစ်လို့ ပစ်ထားတယ်ထင်တာ''

''ခု မဟုတ်မှန်း သိပြီမဟုတ်လား''

''သိပါပြီ...မေဦးရယ်၊ ဒါလေ ညို တမင်မှာလိုက်တာ၊ ညို့မှာ သူငယ်ချင်းတွေ အများကြီးရပြီ၊ သူတို့ကို လက်ဆောင်ပေးချင်တယ်ဆိုပြီး တော့လေ''

''ဩော်...ဖြစ်ရတယ် ညိုရယ်''

''ဟုတ်တယ်...မေဦးရဲ့၊ ဒီမှာဆို အစစအရာရာ ဈေးကြီးပေးဝယ်ရပြီး quality ကျတော့လည်း ဟိုက quality နဲ့ export quality မတူဘူး၊ ညိုက ညို့သူငယ်ချင်းတွေကို ပစ္စည်းစစ်စစ် quality ကောင်း ကောင်း သုံးစေချင်လို့၊ မေဦးရေ ကျေးဇူးပါဦး၊ ညကျ လက်ဆောင်ပေးပွဲ လုပ်ရအောင်နော်''

တစ်ယောက်စီ တစ်ယောက်စီနှင့် လိုက်ဖက်မည့်အရာများကို ရွေးချယ်ကာ သီးသန့်စီထုတ်ထားပေးလိုက်သည်။ ပြီးမှ...

''ဟောတော့...မေဦးရေ''

''ဘာဖြစ်ပြန်ပြီလဲ''

''အရေးအကြီးဆုံး ကျန်နေတယ်''

''ဘာလဲ''

''အန်တီနဲ့ မေဦးလေ''

''ဟီဟိ...ရေချမ်းလည်း ကျန်သေးတယ်''

''ဟယ်...ဟုတ်ပ၊ ဝေဝေတို့နှင်းပွင့်တို့ရောပဲ''

ထပ်အလုပ်ရှုပ်သွားကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဝေသန္တရာမလေးက ဒီလိုစိတ်ကောင်းရှိပုံနှင့် ဘယ်တော့မှ ဆင်းရဲမှာ မဟုတ်တာ သေချာသည်။ တစ်ခုပဲ ကျန်းမာရေးကတော့ ဘယ်လိုဖြစ်လို့များ လာချို့တဲ့နေလဲမသိ။

ရေချမ်းကို ဖုန်းဆက်ခေါ်တော့ ရေချမ်းချက်ချင်းရောက်လာသည်။ ရေချမ်းက ညီုပေးသော T.Shirt လေးနှင့် Body spray ကို ကိုင်ကာ ဝမ်းသာမှုနှင့် တအံ့တသြ။ ညီုကပေးပြီး အထဲပြန်ဝင်သွားသဖြင့် မေဦးက မနေနိုင်စွာ...

"ပါးစပ်စေ့ထားဦး"

"ဘာလဲဟာ"

"နင့်သွားတွေ လေသလပ်ကုန်မှာစိုးလို့"

"နင်ဟာလေ...ကိုယ်ချင်းမစာ"

"ဘာ့စာစရာရှိလဲ၊ ဒီမှာ အဖြစ်မှန်ကို မသိလိုက်ရမှာစိုးလို့ ပြောပြမလို့"

ထိုအခါကျမှ ရေချမ်းက မျက်မှောင်ကြုတ်ကာ...

"ဘာလဲဟာ အတွေးပျက်လိုက်တာ"

"အလို...အဲဒီလို မဟုတ်မဟတ်အတွေးကို တမင်ဖျက်တဲ့ဟာစွတို့"

"ဘာအတွေးလဲ၊ နင်က သိလို့လား"

"သိပ...ညီုက နင့်ကို တခုတ်တရလက်ဆောင်ပေးတာယ်ဆိုပြီး ပျော်နေတာ၊ ဟုတ်တယ် မဟုတ်လား"

"နင် မနာလို မဖြစ်နဲ့လေ"

"မဖြစ်ပါဘူး။ လိုက်မနာလိုနေရရင် တစ်ဆောင်လုံးကော တစ်ဆိုင်လုံးကော ဆိုင်စောင့်အပေါက်စောင့်ကအစ လိုက်မနာလိုနေ ရမှာ...မတတ်နိုင်ပါဘူး"

"ဘာပြောတယ်"

www.burmeseclassic.com



"ကြားတဲ့အတိုင်းပဲ၊ ညီ့ပေးတာ တစ်ဆောင်လုံးကော အနံ့တီက အစ…အပေါက်စောင့် ဘကြီးအသုံး၊ ဆိုင်က ဝေတို့အလယ် ငါအပါအဝင် နင်ကော…၊ဒါကြောင့် နင့်ကို အူမြူးမနေနဲ့၊ ပါးစပ်ထဲ ယင်ဝင်ဥသွားမှာ စိုးလို့ ပြောတာ"

မေဦးစကားဆုံးတော့ အလကားနေ အလကားအတွေးတွေ ချော်ကာ ပီတိတွေဖြာနေသော ရေချမ်း အမ်းတမ်းတမ်း ဖြစ်သွားရသည်။ သို့သော် လေကတော့ မလျှော့သေး။

"မကောင်းတတ်လို့ နင်တို့ပါပေးတာနေမှာပေါ့"

"မှားပြန်ပြီ…မကောင်းတတ်လို့ နင့်ပါပေးတာ"

"နင် ဘာပြောပြော မယုံပါဘူး"

"ငါကလည်း မယုံနိုင်းပါဘူး"

"ဟော…ရန်ဖြစ်နေကြပြန်ပြီ၊ ညီ့က ရေချမ်းအမေအတွက် လက်ဆောင်သွားယူတာ…"

ညီ့က ရေမွှေးလေးတစ်ဗူးလင်းနှင့် ပြန်ရောက်လာ၏။ မေဦးက အောင်နိုင်သူလို 'တွေ့လား'ဟု မေးဆတ်ပြလိုက်သော်လည်း ရေချမ်းက မမြင်ချင်ယောင်ဆောင်နေသည်။ မေဦးလည်း ဘာမှ ထပ်မပြောတော့။ ခင်းထိုက်နဲ့ခင်းကံရှိပါစေတော့လေ…။

ညကျတော့ မေဦးတို့အိမ်ကလေး တော်တော်နှင့်ညည့်မစဲတော့၊ လက်ဆောင်တွေ ဖလှယ်ပြကြ၊ အကြိုက်နှင့်မကိုက်လျှင် လဲကြ၊ မုန့်စုစားကြ၊ T.V ကြည့်ကြ၊ စကားများကြနှင့် ဆူညံနေတော့သည်။ ညီ့က တော့ ပင်ပမ်းလွန်း၍လား မသိ။ ညည့်ခန်းဆိုဖာပေါ်တွင် ခွေခွေလေး အိပ်ပျော်သွားသဖြင့် ညီ့ကို သုံးလေးယောက် ဝိုင်းမကာ အခန်းထဲ၌ ပေး၊ ခြင်ထောင်ချပေးလိုက်ကြကာ ပြန်သွားကြသည်။

အားလုံး တိတ်ဆိတ်သွားသည့်တိုင် မအိပ်နိုင်သူက မေဦး။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို သတိရနေမိသည်။ ကိုကိုရှိလျှင် မောင်နှမနှစ်ယောက် သား အိပ်မပျော်လျှင် စကားထိုင်ပြောကြသည်။ သီချင်းနားထောင်ကြ သည်။ လိုက်ဆိုကြသည်။ ကိုကိုက Bryan Adam သီချင်းများကို ကြိုက်သည်။ မေဦးကတော့ ဘာရယ်မဟုတ်။ ကြုံရာ နားထောင်တတ်သူ။ ကိုကိုက နေမကောင်းဖြစ်နေလျှင်ပင် မေဦးကို မသိစေရ။ သူ့ဘာသာသူ ကြိတ်ခံတတ်သည်။ အတော်ကြီးနေမကောင်းဖြစ်မှသာ မေဦး သိရ၏။ ဆေးခန်းဘာညာ လိုက်ပို့ပေးလျှင်လည်း မကြိုက်။ သူ့ဘာသာသူ မေဦး မသိအောင် သွားပြတတ်သည်။ ဘာပဲပြောပြော ထိုစဉ်ကတည်းက ရေချမ်းက ကိုကို့နောက်က တစ်ကောက်ကောက်လိုက်ကာ ကိုကို့ကိစ္စ မှန်သမျှ ကူညီပေးခဲ့သူဖြစ်သည်။ တစ်ခါတစ်ရံ ကိုကိုကပင်...

"ငါ့မှာ အဲဒီလို ညီတစ်ယောက်ရှိရင် အရမ်းကောင်းမှာပဲ"

...ဟု တောင့်တဖူး၍ မေဦး စိတ်ကောက်ရသေးသည်။ မေဦး စိတ်ကောက်လျှင်တော့ ကိုကိုက ချော့ပါသည်။

"ငါ့ညီမကို မတော်ဘူးပြောတာ မဟုတ်ပါဘူး။ ရေချမ်းကိုပါ ညီတော်ချင်တာကိုပြောတာ၊ ညီလေးတစ်ယောက်၊ ညီမလေးတစ်ယောက် ဆိုတော့ ပိုပျော်စရာကောင်းတာပေါ့"

"ကိုကို့စကားက ဘာလဲ"

"ရိုးရိုးသားသားပြောတာပါ"

"ဩော်...ညီမလေးက ဆန်းဆန်းပြားပြား တွေးနေလို့လား"

"ဒါတော့ မသိဘူးလေ"

...ဟုဆိုကာ တဟားဟား ရယ်နေတတ်ပြန်သည်။ တကယ် တော့ ကိုကိုလည်း သူ့ဘာသာသူ ဒီလောက်စောစောကြီး လူ့လောကမှ ထွက်ခွာသွားလိမ့်မည်ဟု ထင်မထားခဲ့ချေ။ သူ့ရောဂါသည် 'ဆေးမဲ့ကာ' ဟု သူ ထင်ထားခဲ့ပုံရသည်။ ဒါက မေဦးအထင်လည်း ဖြစ်နိုင်ပါသည်။

www.burmeseclassic.com



ကိုကိုက မေဦးရှေ့မှာ ဟန်ဆောင် နေထိုင်သွားလာနေတာလည်း ဖြစ်နိုင်သည်ပဲ။

ကိုကို့အကြောင်းတွေးရင်းက မဆီမဆိုင် ကားတိုက်မိသည့် ပုဂ္ဂိုလ်ကျော်ကို သွားသတိရသည်။ နောက်တစ်ခါ ဆိုင်လာလို့ကတော့ ကြိုးကြိုးချိတ် ရအောင်ရောင်းလိုက်ဦးမည်ဟုတွေးကာ မေဦးတစ်ယောက် တည်း ပြုံးမိ၏။ ထိုအခါကျမှ ထိုလူပေးသွားသော ကဒ်ကလေး ရေချမ်း ဆီမှာရှိနေမှာကို သွားသတိရမိသည်။ ထိုပုဂ္ဂိုလ်၏အမည်ကိုပင် ခုထိ မသိသေး။ သိစရာလည်း မလိုတော့ပါ။ အလကား နေရင်းထိုင်ရင်း ဆေီမဆိုင် သွားသတိရသည့် ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်ကာ ကြိုးစားအိပ်ရ တော့သည်။ ရကားမရ။

တစ်ဘက်ခန်းမှ ညှိုကတော့ အိပ်မက်များပင် မက်နေလောက်ပြီ။

မေဦးမှာသာ သန်းခေါင်၏ အစွန်နားရောက်သည့်တိုင် မအိပ်နိုင်သေး။

မကြာခင် အရုဏ်လာတော့မည့် ထင်သည်။ အချိန်အခါမဲ့ မောင်းနှင်သွားသော ကားသံတချို့ကို ကြားနေရသည်။

မေဦးအိပ်ပျော်သွားသောအခါ အိပ်မက်ထဲတွင် ကားတိုက်မိပြန်သည်။ ဒေါသနှင့် ဆင်းကာရန်တွေ့မည်ကြံဆဲ ရှေ့ကားမှဆင်းလာသူက ကိုကိုဖြစ်နေသဖြင့် မေဦး ပြေးဖက်မိသည်။ မျက်ရည်များစိုလျက် အိပ်မက်မှ လန့်နိုးလာသောအခါ အလင်းရောင်ပင် မြင်နေရချေပြီ။

ထိုအလင်းရောင်ကတော့ အိပ်မက်မဟုတ်တော့ သေချာပါသည်။

✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



# [၅]

ဒီနေ့ ညို ဆိုင်မလိုက်ပါ။ မနက်ကတည်းက နုံးနေ၍ဟုဆိုကာ နေခဲ့သည်။ တော်ရုံတန်ရုံလောက်တော့ ညို နေခဲ့မှာမဟုတ်တာကိုသိသည့် မေဦးက ဆေးခန်းသွားဖို့ပြောသော်လည်း နောက်နေ့မှ ဟုဆိုကာ မလှုပ်...။ ဒီတော့ ဆိုင်ကို လူကာသာရောက်နေသည့် စိတ်စေအခြေအနေမှာ ကျန်ခဲ့သော မေဦးက စိတ်နှင့်လူနှင့်မကပ်။

"မမ...မေဦး"

"ဟင်"

"ဝေခေါ်နေတာ သုံးခါရှိပြီ၊ ဟိုလူလေ...ဟိုလူ"

မေဦးထိုင်ရာခုံက တစ်ဆစ်ချိုးအကွယ်မှာရှိသည်မို့ ဝေသွန်ပြရာကို ကိုင်းကြည့်လိုက်တော့ မဟာပုဂ္ဂိုလ်ကျော် ဖြစ်နေသည်။ ကမန်းကတန်း ဦးနှောက်ကို အလုပ်ပေးလိုက်တော့ သူ ဇာဝယ်သွားတာ နှစ်ပတ်ကျော် ကျော်ပဲ ရှိသေးသည်။

"အင်း...ဘာဖြစ်လဲ"

"ပိုးနဲ့ကြိုးချိတ် လိုချင်တာတဲ့"

"ပြပေးလိုက်လေ"

"ပြပြီးပြီ၊ အရောင်က မမရွေးမှတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓါ"

မေဦးရင်ဘတ်လေးကို ဖိပြီး မျက်နှာကို တမင်မဲ့ရွဲ့ပြလိုက်တော့ 'ဝေ'က ကြိတ်ရယ်သည်။ မတတ်နိုင်၊ ကိုယ်က ဂဏန်း (၅)လုံး (၆)လုံးလောက် ရောင်းရဖို့အရေး ထတော့ရောင်းရပေဦးမည်။

"ဘာလိုတာလဲဟင်"

မေဦးက ထမေးတော့ မဟာပုဂ္ဂိုလ်ကျော်က ပိုးချိတ်များကို တစ်လှည့် မေဦးကို တစ်လှည့် စက္ကန့်အနည်းငယ်ကြည့်နေပြီးမှ နည်းနည်းမှ မလျော့သော မျက်နှာသေနှင့်ပင်...

"ခင်ဗျားနဲ့ လိုက်မယ့်ကြိုးချိတ်...အဲ...Sorry စကားလော သွားလို့၊ ခင်ဗျားလို အသားအရည်ရှိတဲ့ သူနဲ့လိုက်မယ့်ကြိုးချိတ်"

"နတ်ကမှာလား"

မေဦးကလည်း မျက်နှာသေလေးနှင့် ပြန်မေးလိုက်သည်။

"ဟင့်အင်း...မင်္ဂလာဆောင်မှာ"

သေစမ်း...။ သူကမိုးရိုးသားသားဖြေတာ ဖြစ်နိုင်သော်လည်း မေဦး ဒေါသထွက်သွားရသည်။ သို့သော် ပညာရှိအမျက် အပြင်မထွက်စေနှင့် ဟူသော စကားအတိုင်း ဒေါသကို မျိုသိပ်ကာ အစွမ်းကုန်ပြုံးပြလိုက်ရင်း...

"သတို့သား၊ သတို့သမီးဆင်တူလား"

"တူတယ်"

"ဘယ်နှစ်စုံယူမှာလဲ"

"ဈာ"

သတို့သား၊ သတို့သမီးဆိုမှတော့ တစ်စုံပဲပေါ့။ မေဦး[illegible]မင်ရွဲ့ မေးလိုက်ခြင်းပါ။ ဒီတစ်ခါတော့ အောင်မြင်ပါသည်။ 'ဇွဲ'တဲ့။

"ဩော်...ဘယ်နှစ်ပွဲလုပ်မှာလဲ လို့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"တချို့က တစ်မြို့မှာ တစ်ပွဲလုပ်ကြတယ်၊ သတို့သား၊ သတို့သမီး တစ်မြို့စီဆိုရင်လေ၊ တချို့ကျ ညပွဲပါ ချိတ်ကို fashionable ဖြစ်အောင် ချုပ်ဝတ်တတ်ကြလို့"

"ဩော်..."

ဩော်သာ ဩော်လိုက်သည်။ မအီမသာဖြစ်သွားဟန်က ရိပ်ခနဲ မို့ မေဦးကြိတ်ပြုံးလိုက်မိ၏။

"တစ်စုံထဲပါ...သတို့သားသတို့သမီးကလည်း တစ်မြို့တည်းပါပဲ၊ သတို့သားဝတ်လို့ လိုက်မှာပါ ရွေးပေးပါနော်"

"ကောင်းပြီလေ...သတို့သားပုံစံနဲ့ အသားရောင်ကို ပြောပါဦး"

"ကျွန်တော့်အတိုင်းပါပဲ"

"ဘာရှင့်"

"ကျွန်တော့်အတိုင်းပဲ...လို့"

"ရှင့်ဟာက ဟုတ်သေးရဲ့လား"

မေဦး ခပ်ရဲရဲ စူးစူးလေးစိုက်ကြည့်ကာ မေးပစ်လိုက်သည်။ သို့သော် သူ့ဟန်က ရိုးတိုးရှန့်တန့်ဖြစ်မသွား။ ကြည့်ပါဦး...စတုန်းကတော့ ခင်ဗျားနဲ့လိုက်မယ့်ချိတ်တဲ့၊ ခုကျ သတို့သားက 'ကျွန်တော့်အတိုင်းပဲ'ဆို တော့။ မေဦး စိတ်တိုတာ ဆန်းသလား။ သို့သော် သူ့ပုံစံက ဒေါသ ဖြစ်စရာ မမြင်ရဘဲ စိတ်ရှုပ်သွားဟန်ဖြင့်...

"ဆောရီး...တိုက်ဆိုင်သွားတာ၊ ခင်ဗျား အဆင်ပြေသလို ရွေး ပေးပါ"

"လောလောဆယ် မရှိဘူးရှင့်"

"ဗျာ"

"မှာရမှာ...ရှင်မှာချင်တဲ့ အရောင်အဆင်သာ ရွေးသွား အဲ...



www.burmeseclassic.com

www.burmeseclassic.com



"သူက ကဒ်ပေးခဲ့တယ် မမရဲ့၊ အဲဒီစာအုပ်ကြားမှာပဲ၊ ပြီးမှ တွဲချုပ်ထားလိုက်မယ်"

ဘောက်ချာစာအုပ်ကို ခါချလိုက်တော့။ ကဒ်အဖြူလေးတစ်ခု ထွက်ကျလာသည်။ မေဦးကောက်ကြည့်လိုက်တော့...

| အဂ္ဂမော် |
|---|
| Office .......................... |
| Res: .......................... |

မေဦးမျက်နှာလေး ရှုံ့မဲ့သွားကာ တိုးတိုးလေး ရေရွတ်မိ၏။

"အလကား...အာဂမော်ပဲ ဖြစ်မှာ"

ချိတ်ကို ရွှေဖလားရှောင်တောက်တောက် (ခေါ်တောရှောင်ဟု မေဦးကခေါ်သည်)ကြီး မှာပေးလိုက်ရ မကောင်းရှိဟုန်တော့မည်။ ကိုယ်က ဈေးသည်၊ သူက ဈေးဝယ်ပဲဟူသော စိတ်ကလေး ပြန်ဝင်လာ၍ အာဘ လူကြီး ကံကောင်းသွား၏။

ညနေစောစောပြန်သွားတော့ မရွှေညိုက ကုတင်ပေါ်မှာ လှဲကာ ကဒ်လှလှလေးတွေကို ကြည့်နေသည်။ ဘယ်လောက်တောင် စွာန်ဝင် နေလဲ မသိ။ မေဦး ဝင်လာတာပင် မသိ။ Bed side table ပေါ်မှာ လည်း အရုပ်ဘူးတွေပွလို့...။

"ဟော့...ဘာလုပ်နေတာလဲ"

ညို့ အလန့်တကြားဖြစ်ကာ ကဒ်ကလေးတို့ ဖုတ်ချိုမြင် သော်လည်း မမီတော့။ ရက်ပြုံးလေးပြုံးကာ ကြုံးထရင်းက နှုတ်ဆက်၏

"မေဦးတောင် ပြန်လာပြီ"

"ဟုတ်တယ်...ညို့ကို စိတ်မချလို့ စောစော ပြန်လာတာ"

www.burmeseclassic.com



အမြန်လိုချင်ရတော့ ကျွန်မ အာမမခံဘူး''

''ရပါတယ်၊ အမြန်မလိုပါဘူး၊ ကျွန်တော်က ကြိုမှာထားတာပါ။ တိုလေ ခင်ဗျားပဲ အရောင်နဲ့ဒီဇိုင်းရွေးပြီး မှာပေးလိုက်၊ ကျွန်တော် စရန်ပေးခဲ့ပါ့မယ်''

''အနည်းဆုံး (၆)လစောင့်ရမှာနော်''

''ရတယ်...ရတယ်''

ဝေဝေက စရန်ကို လက်ခံကာ နှင်းပွင့်က မှတ်ပေး၏။ သူ ထွက်သွားမှ...

''သူ့ဟာက မှန်ဆီကြော်ကဖြင့် ကောက်ညင်းဘဝမှာပဲ ရှိဦးမယ့် ပုံပဲ''

''အင်းလေ''

နှင်းပွင့်က မဲ့ရွဲ့ပြောကာ ဝေဝေက ထောက်ခံသဖြင့် မေဦး ပြုံးမိလေသည်။ သို့သော် ဒီလူ့ကို သိပ်တော့ မသက်ာချင်တာ အမှန်ပါ။ ခက်တာက ခိုတိတိလေးလှုပ်နေသော မျက်နှာပေးနှင့်လည်း မတူ။ ကိုယ့်စိတ်နှင့်ကိုယ်နှိုင်းရလျှင် မေဦးသာဆို ဒီလောက် အကုန်အကျခံကာ ဆိတ်ကာရ မလုပ်။ ထို့ကြောင့် မဖြစ်နိုင်ဟု တွေးကာ စိတ်ကို လျှော့ ချပစ်လိုက်သည်။

ပြီးမှ တစ်ခု သတိရသွားကာ...

''ဝေ''

''ရှင်''

''လာဦး...ခုနက လူရဲ့ဘောက်ချာ ယူခဲ့''

ဝေဝေ ဘောက်ချာစာအုပ်ယူလာ၏။ နာမည်နေရာမှာ ဘာမှ ရေးမထား။

''ဟဲ့...နာမည်ကော''



www.burmeseclassic.com

www.burmeseclassic.com


"ညို လန်းလာပါပြီ"

"ဟုတ်လား...ဆေးသောက်ထားလား"

"ဟင်း ဟင်း...ဒီမှာဆေးလေ"

ကဒ်များကို ထောင်ပြရင်း ပြောသဖြင့် မေဦး စိတ်ဝင်စားသွားရသည်။ မေဦးကို ဖွက်ရန် အချိန်မရလိုက်တော့၍ ဖွင့်ပြောခြင်းလည်း ဖြစ်နိုင်သည်။

"အံမယ်...တယ်ဆိုတဲ့ စာပါလား၊ ပြစမ်းပါဦး"

ညို ကမ်းပေးသော ကဒ်များကို ယူကြည့်တော့...

"အလဲ့...(၁၄) ဖေဖော်ဝါရီ ကဒ်တွေပါလား၊ ညို့ကို ဘယ်သူကပေး...အဲ..."

မေဦးစကားလုံးများ ရပ်သွားရသည်။ ကဒ်တွင် ဘာမှ ရေးမထားဘဲ အောက်ခြေထောင့်တွင် Tweety ပုံ Sticker လေးတစ်ခုစီ ကပ်တိုင်း၌ ကပ်ထားသည်ကိုသာ တွေ့ရ၏။ မေဦး ပြုံးချင်ချင် ဖြစ်သွားရသည်။ မေဦးကိုကိုလည်း Tweety ကောင်လေးကြိုက်သည်ကို သွားသတိရမိ၍ ဖြစ်သည်။

"ညိုလည်း ဘယ်သူကပေးလဲ သိချင်နေတာ မေဦးရဲ့"

"မြတ်စွာဘုရား...ညိုက ဘယ်သူပေးမှန်း မသိဘူး"

"မသိဘူး...မေဦးရဲ့"

"စာတိုက်က လာတာလား"

"ဟင့်အင်း...ခြံထဲမှာ အရုပ်ဘူးလေးနဲ့အတူ လာ,လာချထားတာ။ နှစ်တိုင်းပဲ"

"နှစ်တိုင်းပဲ..."

"ဟုတ်တယ်၊ ညို (၁၈)နှစ်ကတည်းက ခုဆို (၅)နှစ်ကျော်လာပြီ"


www.burmeseclassic.com

www.burmeseclassic.com



"ညီ့...ဟိုတစ်ခါပြောတဲ့ အရုပ်တွေ ချစ်လာတယ်ဆိုတာ ဒါကြောင့်ကိုး"

ညီ့က ရှက်ဝဲဝဲလေးရယ်ရင်း...

"ဒါပေါ့မေဦးရဲ့"

"ဒါဆို မေဦးကို အရုပ်လေးတွေ ပြပါဦး"

"ဒီမှာလေ..."

ညီ့က ဘူးတစ်ဘူးကို အရင်ဆွဲယူဖွင့်လိုက်၏။ ပြီးမှ...

"ဒါက ပထမဆုံးရတဲ့ အရုပ်လေး..."Patridge in a pear tree" တဲ့"

မှန်ပါသည်။ မြင်ဖူးနေကျ အရုပ်မျိုး မဟုတ်ပါ။ ကြံကြံဖန်ဖန် သစ်တော်ပင်ပေါ်က ခါငှက်တဲ့။ အရုပ်ကလေးက လက်ရာတော့ မြောက်ပါသည်။ ပလာစတာရုပ်ဖြစ်နိုင်သည်။ သစ်တော်ပင်က သစ်တော်သီးလေးများပင် ပါလိုက်သေးသည်။

"နောက်ကော..."

"ဒါက ဒုတိယနှစ်မှာ ရတာ "Two turtle doves" တဲ့ ဒါကတော့ ကြက်ကလေးသုံးကောင်၊ ချစ်စရာလေးနော်၊ "Three french hen" တဲ့၊ လေးနှစ်မြောက်မှာရတာက ဒီငှက်ကလေးတွေ မေဦးမြင်ဖူးလား၊ ညီ့တော့ မမြင်ဖူးဘူး၊ "Four collic birds" တဲ့ တော့ စာတမ်းပါလာတာပဲ"

"မေဦးလည်း ခုမှ မြင်ဖူးတာ၊ အရုပ်လေးတွေအကုန် အသက်ပါပြီး ချစ်စရာ ကောင်းကြတယ် ညီ့ရဲ့၊ အင်း...ညီ့ချစ်မယ်ဆိုရင် ချစ်စရာပါပဲ"

"ဟင်း ဟင်း...ဒါကတော့ ဒီနှစ်ရထားတာ [illegible] လေ၊ ထူးထူးဆန်းဆန်း ညီ့လက်ငါးချောင်းနဲ့ တိုင်းလုပ်ထားသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကွင်းမှ မများဘူး၊ အကုန် အတော်ပဲ သိလား''

မေဦးကို ညိုက တစ်ကွင်းချင်း စွပ်ပြနေသေးသည်။ မေဦးမှာတော့ ဇဝေဇဝါနှင့်။ ဒီလက်စွပ်မျိုး ပုံစံကွဲတာကလွဲလျှင် မေဦးမှာလည်း ရှိသည်။ မေဦးက ကက်တလောက်ထဲမှာတွေ့၍ ပန်းတိမ်မှာ ပုံစံပြကာ သေသေချာချာ တိုင်းအပ်ခဲ့ခြင်းဖြစ်သည်။ ညို့ကွင်းကလေးများကတော့ လက်ထပ်လက်စွပ်များပမာ ပြောင်ကွင်းလေးများ ဖြစ်နေသည်။

''အင်း...ညို့အဖြစ်ကလည်း ဆန်းသား''

''ဟုတ်ပ...မေဦးရယ်၊ ညိုဖြင့် အဲဒီလူကို သိချင်လိုက်တာ''

''ညိုက စိတ်ဝင်စားလို့လား''

''စိတ်ဝင်စားတာပေါ့၊ ညို့ကို သူ တကယ်ချစ်တာလို့လည်း ညို့ရင်ထဲက သိနေတယ်''

မေဦးလည်း ယုံပါသည်။ ဒီလောက်ဖွဲ့ဖွဲ့ကောင်းကောင်းနှင့် စိတ်ကူးထဲကတောင် နှင့်နေအောင် ချစ်တတ်သူသည် ရှားပါးလိမ့်မည်။ ရေချမ်းအတွက်ကတော့ အလားအလာ သိပ်မကောင်းပါ။ စိတ်မကောင်းပါဘူး ရေချမ်းရယ်။

''အဲဒီလူကို ညိုကရော ချစ်လို့လား''

''အင်း...ညိုမသိဘူး၊ ချစ်တယ်လို့တော့ ထင်တာပဲ၊ ခက်တာက ညို သူ့ကို မြင်လည်း မမြင်ဖူးဘူး၊ သိလည်း မသိဘူးလေ၊ ညိုစဉ်းစားနေတာက သူ ဘာလို့ ပုန်းနေလဲဆိုတာပဲ၊ ညိုက ရောဂါသည်လေးမို့လို့ လားမသိဘူးနော်''

ပြောရင်း ညို့မျက်ဝန်းတွင် မျက်ရည်စကလေးများ တွဲခိုလာသည်။ မေဦးလည်း ဘယ်လိုဖြေဆေးပေးရမှန်း မသိ။ ဆေးကထွေ့ side effect လည်းချေပြီ။ ထိုစဉ်မှာပဲ ကယ်တင်ရှင်က ရောက်လာသည်။

''မေညိုရေ...ညှော်သည်ချမ်းချမ်းလေး ရောက်နေတယ်''



www.burmeseclassic.com

www.burmeseclassic.com



မသီတာစိုး၏ အသံကြောင့် မေဦးနှင့် ညို၏ တိတ်ဆိတ်မှုကာ လေလွင့်ပျက်သွားခဲ့ရသည်။ ထိုတာဒင်္ဂအတွက် ရေချမ်းကိုရော မသီတာ့ကို ပါ ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ၉

ခြောက်လအတွင်း မမြင်ရဟု အပိုင်တွက်ထားသော မဟာပုဏ္ဏလှိုက်ကျော် ဦးအဂ္ဂမော်က တစ်လကျော်ကျော်မှာပင် ဆိုင်ထဲဝင်လာပြန်သည်။ ဒီတစ်ခါတော့ ဆိုင်ဝမှာ ရပ်နေသော ညိုနှင့်မေဦးကို တည့်တည့်ကြီး တွေ့သွားသည်။ လူကြီးဆန့်ဆန့် တစ်ချက်ခေါင်းဆတ်ပြရင်း အထဲ တန်းဝင်သွား၏။ ပြီးမှ အဝမှာ ဆက်ရပ်နေသေးသော မေဦးကို...

"ခဏ..."

"ဘာလိုချင်လို့လဲ"

"ကြိုးကြိုးချိတ်"

"ဟင်...မင်္ဂလာထပ်ဆောင်မလို့လား"

ဘေးက နှင်းပွင့်က တအံ့တသြဝင်မေး၍ မေဦးကို ကြိတ်ရယ်မိကြသည်။ သူကတော့ 'ဒီကလေးတွေ' ဟူသော မျက်နှာပေးနှင့်...

"ကျွတ်...ဒုက္ခပါပဲ၊ လှေနံ့ဓားထစ်တွေနဲ့ လာတွေ့နေတယ် လက်ဆောင်ပေးဖို့...နိုင်ငံခြားသားကို လက်ဆောင်ပေးမလို့"

"အဲဒီ နိုင်ငံခြားသားရဲ့ အသားအရည်ကတော့ ကျွန်မအသားလိုပဲလား"

မေဦးက တမင်မျက်နှာလှလှလေးကို ခပ်ရှေ့ဆေ့ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



မြှင်ရှင်း မေးလိုက်ခြင်းဖြစ်သော်လည်း အာဂပုဂ္ဂိုလ်အကျော်အမော်က ခပ်တည်တည်ပင်...

"အင်း...မင်းအတိုင်းမဟုတ်တောင် မင်းရွေးပေးရင် လုမှာ သေချာပါတယ်"

"ကျွန်မက ဆိုင်ကပ်တစ်ထည်ထိုးထည့်ပေးလိုက်ရင် ဘယ့်နှယ် လုပ်မလဲ"

"မင်း ဥပဓိရုပ်ကြည့်ရတာ အဲဒီလိုလုပ်မယ်လို့ မထင်ရဘူးနော်"

"ဘာရှင့်"

"မထင်ရဘူးပြောတာပါ၊ ကဲပါဗျာ...ခပ်မြန်မြန်လေး ရွေးပေးပါ၊ လေယာဉ်ချိန်အမီ ပြေးပို့ရမှာ"

မနေနိုင်သော ညီမ့်က ထုံးစံအတိုင်း ကြားဝင်သည်။

"ကဲ ကဲ...ဟိုနေ့က မေဦးကြိုက်တယ်ဆိုတဲ့ ဖက်ဖူးစိမ်းလေး ထည့်ပေးလိုက်မယ်နော်"

"အာ...ညီမ့်ကလည်း မေဦးကြိုက်လို့ ဖယ်ထားတာကို..."

အာဂလူသားက မေဦးကို တစ်ချက်ကြည့်ကာ...

"ကျွန်တော် ဝယ်သွားလည်း ခင်ဗျားရမှာပါပဲ"

"ဘာရှင့်"

ဒီတစ်ခါ 'ဘာရှင့်'က မေဦးတစ်ယောက်တည်း မဟုတ်ပါ။ နှင်းမွှင့်နှင့်ညီမ့်ပါ ပါသည်။ ထိုပုဂ္ဂိုလ်ကတော့ အေးအေးဆေးဆေးပင်။

"ဘာပြောမိလို့လဲ၊ ကျွန်တော်ဝယ်သွားလည်း ဆိုင်ရှင်က ခင်ဗျားပဲ ခင်ဗျားထပ်မှာရင် ရမှာလို့ ဆိုလိုတာပါ"

"အြော်...ဂလိုလား"

ဝေက ရွဲ့တဲ့တဲ့ ဝင်မှတ်ချက်ချတော့လည်း သူ့မျက်နှာက ပျက် မသွားပါ။ မင်သေသေ ခပ်တည်တည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ရိုးရိုးသားသားပြောတာပါ"

ဖြစ်ရတယ်။ သူကပဲ ရိုးသားပြီး တစ်ဆိုင်လုံးက မရိုးမသားဖြစ်နေပုံ။ ညိုကတော့ ကပျာကယာ ချိတ်ကို အိတ်ထဲထည့်ကာ ကျသင့်ငွေတောင်း၏။ ခုမှ ဆယ့်ရှစ်နှစ်သာရှိသေးသော နှင်းပွင့်က လက်ညှိုးကလေးထောင်ကာ အနားကပ်သွားရင်း...

"အား...မှန်း ကိုက်တတ်လားလို့"

"အမ်..."

နှင်းပွင့် အပြုအမူကြောင့် မဟာပုဂ္ဂိုလ်ကျော် အတော်လေးအောင့်သီးအောင့်သက် ဖြစ်သွားရတာ သေချာသည်။ သို့သော် မျက်နှာကို ပြန်တင်းလိုက်ရင်း...

"ဘာလုပ်တာလဲ"

"ဘာမှ မလုပ်ပါဘူး။ ရိုးသားတယ်ဆိုလို့ ပါးစပ်ထဲ လက်ထည့်ကြည့်မလို့၊ ကိုက်တတ်လားလို့"

ဒီတစ်ခါတော့ ညိုရော၊ မေဦးပါ မနေနိုင်စွာ ရယ်မိတော့သည်။ ဦးအဂ္ဂမော်ကတော့ ရှုံ့ရှုံ့ရှားရှား ဖြစ်ချင်နေသောပုံကို ထိန်းရင်း ကျသင့်ငွေကို ချကာ လစ်ထွက်သွားတော့သည်။ ဒါတောင် ဇေဇေက နောက်က မကြားတကြား လှမ်းအော်လိုက်သေးသည်။

"ကြည့်စမ်း သိပ်ရိုးသားတာပဲ၊ ပါးစပ်တောင် တသွေးသွေး"

တစ်ဆိုင်လုံး ပွဲကျကျန်ခဲ့တော့၏။

တစ်ဆိုင်လုံး တဟီးဟီးတခစ်ခစ်ဖြစ်နေပလားဆိုမှဖြင့် တံခိုးရှင်မောင်ရှင်က ရောက်လာမြဲ။ ရေချမ်းက တံခါးကို တွန်းဖွင့်ဝင်လာရင်းက ဘယ်လိုမှ အပိုးမသေသော မျက်နှာများကို တွေ့သွားကာ အကြီးအကျယ် သံသယဖြစ်သွားရတော့သည်။ သူ့ကိုယ်သူ သံသယဖြစ်ခြင်းပါဘဲများ မှားနေလဲဟု ငုံ့စမ်းရှာဖွေမိပြီးမှ ခပ်တည်တည်နှင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူ ဘာလာလုပ်တာလဲ"

"ဘယ်သူလဲ"

"အဂ္ဂမော်လေ"

"ဟင်...နင် တွေ့လိုက်တယ်"

မေဦးက တအံ့တသြမေးတော့ ရေချမ်းက မသင်္ကာ ပိုဖြစ်သွားကာ...

"အေး...တွေ့တယ်၊ ဘယ်သူ့ဆီလာတာလဲ"

"ဝေ့ဆီ"

"ဟင့်အင်း...နှင်းပွင့်ဆီ"

ဝေနှင့်နှင်းပွင့်က တစ်မျိုး။ ညို့က တစ်ခွယ်။

"မေဦးဆီ"

မေဦးကလည်း ငြိမ်မနေပါ။

"ငါ့ဆီထင်တာပါပဲဟယ်"

လက်ညှိုးလေးကိုက်ကာ မနိုတရိုပြောတော့ ရေချမ်း ချာချာလည်သွားတော့သည်။ မေဦးသာဝင်မပြောလိုက်တော့ ညို့စကားက အတည်ဖြစ်မှာ သေချာသည်။ ဘယ်သူ့ဆီဖြစ်ဖြစ် သူက ညို့ဆီမဟုတ်ရင်ပြီးတာပဲဆိုသော လူမျိုးပါ။ အင်း...ဘယ်လိုလူမျိုးမှန်း မသိတာက အဂ္ဂမော်ပဲ ဖြစ်သည်။

"ဒါက ဘယ်လိုဖြစ်နေကြတာတုန်း"

ရေချမ်းအော်ထည့်လိုက်သံက နှင်းပွင့်နှင့်ဝေပင် ဇက်ကလေးများပုကာ အသံတိတ်သွားကြသည်။ ကိုအကင်းပါးလေးက ခုကျတော့လည်း ဘာမှ မဟုတ်သလိုပါလား။ ညို့ကတော့ ရေချမ်း တကယ်ဒေါသထွက်ကာ ဆူတော့မည်ထင်ပြီး လျှောက်လဲချက်ပေး၏။

"နောက်တာပါ ရေချမ်းရယ်၊ သူ့ဘာသာသူ ပစ္စည်းလာဝယ်



www.burmeseclassic.com

www.burmeseclassic.com



တာပါ''

"ဟင်...ဒီပစ္စည်းတွေနဲ့ သူနဲ့ ဘာဆိုင်လဲ"

"ရော်...ခက်နေပါပြီ၊ ဒါဆို နင်နဲ့ဒီဆိုင်ကရော ဘာဆိုင်လို့လဲ"

မေဦးက တမင်ဝင်ကလိ၏။

"နင် ဝင်မပါနဲ့၊ ဒီဆိုင်က နင့်အစ်ကိုအပ်ထားလို့ ငါလာနေရတာ၊ ငါက ပစ္စည်းလာဝယ်တာ မဟုတ်ဘူး"

"ပစ္စည်းလာကြည့်တာ"

နားနားကပ်ကာ တိုးတိုးလေးကပ်ပြောလိုက်သဖြင့် ရေချမ်းမျက်နှာကြီး တင်းနေရာက လျှော့ချင်ချင်ဖြစ်သွားရကာ လေသံနှင့် ပြန်ပြော၏။

"ငါက တကယ်ဝယ်မှာ"

"ဟိုကလည်း တကယ်ဝယ်တာပါပဲ"

လေသံပုံမှန် ပြန်ဖြစ်သွားကြသည်။

"ဘာဝယ်တာလဲ"

'ဇာ...ချိတ်...etc:...ပေါ့"

"သူ ဘာလုပ်ဖို့လဲ မသိဘူး"

ရေချမ်းက မဆီမဆိုင် တွေး၏။

"နတ်ကဖို့"

မေဦးက ရွဲ့ဖြေသော်လည်း ရေချမ်းက 'ဖြစ်နိုင်တယ်'ဟု ခေါင်းညိတ်၏။ ပြီးမှ...

"ရှိစေတော့...သူ့ဆီက ကားတစ်စီး တန့်တန့်မြက်မြက်ကလေး ရထားတဲ့ ကျေးဇူးနဲ့ ခွင့်လွှတ်လိုက်တယ်"

ထိုအခါကျမှ မျက်လုံးပြူးရသူက မေဦး...

"ဟင်...ကား ဟုတ်လား၊ ဘာကားလဲ"

"နင့်ကားလေ...သူ ရောင်းတာ"

www.burmeseclassic.com

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



"ဟင်...ဝယ်တာကရော"

"သူပဲထင်တာပဲ"

"မြတ်စွာဘုရား"

မေဦး ဘုရားတမိ၏။ သူ့လုပ်ပုံကိုင်ပုံတွေက သံသယဝင်ချင်စရာတော့ အကောင်းသား။ ခက်တာက ဘယ်နားကစပြီး သံသယဝင်ရမှန်း မသိခြင်းပင်။

သံသယဝင်ရမှာကို မေဦးက လိပ်ပြာမလုံချင်သလို ဖြစ်နေရသေးသည်။

"သူက ဘာလို့ ငါ့ကားကိုဝယ်ပြီး သူ့ကားကို လာရောင်းတာလဲ"

"နင်ပဲ ဝယ်နိုင်ရင် လာဝယ်သွားဆို"

"ဟင် ပြောမိလို့လား..."

"နင်ပဲပြောတာ၊ စွာတုန်းက စွာပြီး ခုမှ မေ့လား..."

"ကဲပါ...ပြောမိတယ်ထားပါဦး။ သူရောင်းတဲ့ကား၏ နင်က ဘာလို့ ပြန်ဝယ်ရတာလဲ"

"ဟင်...သူရောင်းတဲ့ကားက နင့်အကြိုက်နဲ့ကိုက်တယ်လေ၊ ပြီးတော့...ဈေးကလည်း တန်တယ်"

"တန်ရင်ပြီးတာပဲဟာ"

မေဦး စကားကို တိခနဲနေအောင် ဖြတ်ချပစ်လိုက်၍ ရေချမ်းပင် အူကြောင်ကြောင် ဖြစ်ကျန်ခဲ့ရသည်။ သို့သော် ခဏပါ။ မေဦးက အဂ္ဂမော် အကြောင်း ခေါင်းခြောက်စွာ စဉ်းစားမိနေချိန်မှာ ရေချမ်းက ညို့အနား ရွေ့ခနဲ ရောက်သွားပြီ ဖြစ်သည်။ သတိရလို့ လှမ်းကြည့်မိတော့ ရေချမ်းက ရေချိန်ကို အတော်လေးကျော်နေပြီဖြစ်သည်။ ရေချမ်းအကြည့်များက ညို့ သတိထားမိလောက်အောင် မိတာတက်လာပြီမို့ မေဦးက သက်ပြင်းကို အသာချမိရင်း ညို့ကိုပါ အကဲခတ်မိသည်။ ညို့ အနေကြပ်တာကလွဲလျှင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောင့်အယှက် ဖြစ်ပုံမရပါ။

ညဘက် အဆောင်ပြန်ရောက်တော့ မေဦးကပဲ...

"ညို"

"ဟင်"

"ရေချမ်းတော့ ရေပူဖြစ်နေပြီ ထင်တယ်"

ပထမတော့ ညိုက ကြောင်နေသေး၏။ ပြီးမှ မေဦး ဆိုလိုရင်းကို သဘောပေါက်ကာ ရယ်၏။

"ဟုတ်ပါရဲ့ မေဦးရယ်...ညို့ကြောင့် သူ စိတ်ပင်ပမ်းနေမလား မသိဘူး"

"မြတ်စွာဘုရား"

ကြားလိုက်မှဖြင့် အဆန်းချည်းပဲ၊ စိတ်ကောင်းရှိသူ အပျိုခံလေးရို သူ အနေကျဉ်းကြပ်အောင်ထက် သူများ သူ့ကြောင့် စိတ်ပင်ပမ်းမှာကို ပူနေရသေးသည်။

"ဘာလို့ဘုရားတတာလဲ၊ ညိုက စိတ်ပူတာပါ"

"ဘာလို့ ပူရတာလဲ"

"ညိုမှ ရေချမ်းကို မချစ်တာ"

"သေချာလို့လား"

"သေချာမှာပါ၊ ညို့ရဲ့သခင်လေး ရှိနေတယ်လေ"

မေဦး ညို့ကို ငေးရီကာ စိုက်ကြည့်မိသွားသည်။ ဒါကို သတိပြု မိသော ညိုက...

"ဘာကြည့်တာလဲ၊ ညိုပြောတာ မယုံလို့လား"

"ဟင့်အင်း...ယုံပါတယ်၊ ဆန်းကြယ်တာကို တွေးနေမိလို့"

"ဟုတ်တယ်နော်၊ လုံးဝ မမြင်ဘူးဘဲ ညိုက စိတ်ထဲမှာ ချစ်နေမိ ကာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက ရုပ်အရမ်းဆိုးနေလို့ဆိုရင်ကော"

"ညို ချောတာလှတာ မကြိုက်ပါဘူး၊ ညိုကလည်း ရောဂါသည် လေးပဲ၊ အလကားပါ မေဦးရယ်၊ တကယ်လို့ အဲဒီလူ့ကို သိခွင့်ရတောင်မှ ညိုတို့ဘဝက ဆုံဖို့ မသေချာပါဘူး"

"အဲဒီလူက ရေချမ်းဖြစ်နေရင်ကော..."

ထင်မှတ်မထားသော စကားမို့ ညို့ကိုယ်လေး ဆတ်ခနဲ တုန်သွား သည်။ မေဦးပင် ကိုယ့်ကိုယ်ကို အဲဒီလို တွေးမိလိမ့်မည်ဟု မထင်။

"မဖြစ်နိုင်တာ မေဦးရယ်။ ဖြစ်ရင်တော့လည်း အကောင်းဆုံးပေါ့။ ဒါပေမဲ့ မေဦးသိလား"

"ဘာလဲဟင်"

"ရေချမ်း မဟုတ်နိုင်တာ၊ ညိုသိနေသလိုပဲ"

မေဦးတို့ စကားမဆက်မိကြတော့။

အတွေးကိုယ်စီနှင့် ပြတင်းဝမှ မြင်နေရသော ကြယ်များကို အစိုးပါယ်မဲ့ ရေတွက်နေမိကြသည်။ ခုနေများ ကြယ်ကြွေခဲ့လျှင်...

မေဦးနဲ့ညို ဘာဆုများ တောင်းမိမှာပါလိမ့်။

✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



# [၄]

ထူးထူးဆန်းဆန်း ရေချမ်းဖုန်းဆက်ခေါ်ကတည်းက မေဦး ထင်သွား...။ 'ညို့'ကို မခေါ်လာခဲ့နဲ့ဆိုတော့ ပိုသေချာသွားရသည်။ မေဦးမှာသာ အမြဲတမ်း တပူးတွဲတွဲသွားနေကျ ညို့ကို လှည့်ပတ်ထားခဲ့ရတာ သိပ်စိတ်မလုံ။

"မေဦး...ဘယ်လဲဟင်"

"အန်တီအေးလေ...အိမ်မှာ ဘာဖြစ်လို့ဆိုလား ဖုန်းဆက်ခေါ်တာနဲ့"

"ညို လိုက်ခဲ့မယ်လေ"

"ရတယ် ညိုရဲ့၊ နားဦး...ဟိုမှာ အုန်းမွှေလည်း ရှိတာပဲ၊ မေဦးက သူတို့ ဘာလုပ်ရမယ်ဆိုတာ ပြောခဲ့ရုံပါပဲ"

ညို လိမ္မာစွာနေရစ်ခဲ့သည်။ ရေချမ်းချိန်းထားရာကို ရောက်တော့ ကိုယ်တော်ချောက ဘယ်တုန်းကမှ မရှိခဲ့ဘူးသော ဝိရိယနှင့် ကြိုစောင့်နေ၏။

"ဘာဖြစ်တာလဲ ရေချမ်း၊ အလန့်တကြား...အရေးတကြီး"

"အရေးကြီးတယ်ဟ"

"ဘာလဲ...ညို့ကို ရည်းစားစာ ပေးဖို့လား၊ ရည်းစားစကား ပြောဖို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အေး…ငါ နှင့်ကို အဲဒါပဲ မေးမလို့၊ ဘာလုပ်ရင် ကောင်းမလဲ ဟင်"

"သေလိုက်…အဲဒါ ငါ့လာမေးရအောင် ငါက အကြံပေးအရာရှိ မို့လို့လား"

"မဟုတ်ဘူးလေဟာ၊ မိန်းကလေးပဲဟာ…မိန်းကလေးတွေက ရည်းစားစာပေးတာ ကြိုက်လား၊ ရည်းစားစကားပြောတာ ကြိုက်လား"

"တစ်ခုမှ မကြိုက်ဘူး"

ရေချမ်း စိတ်ညစ်သွား၏။ သို့သော် မလှပသော မျက်နှာကို အစွမ်းကုန် ရှုံ့မဲ့ပစ်လိုက်ကာ…

"နှင့်ကိုယ်နှင်နဲ့တော့ မနှိုင်းနဲ့ပေါ့ဟာ၊ နင်က စာလည်း အပေးမခံရ၊ အပြောလည်း မခံရဘူးတော့ ဘာကြိုက်မှန်းသိမှာ မဟုတ်ဘူး"

ကူညီချင်စရာ အဖော်ကောင်းပါသည်။

"နင် ငါ့ကို အကူအညီတောင်းနေတာလား၊ ငါက နှင့်ကို အကူအညီ တောင်းနေတာလား၊ လေသံနဲ့ စကားကြောကို ပြင်လိုက်ပါ ရေချမ်း"

မေဦးကလည်း ကိုယ့်အလှည့်မို့ တစ်စက်ကလေးမှ လျှော့မပေး ပါ။ ထိုအခါကျမှ ရေချမ်းလေသံက ပြောင်းသွား၏။

"ကဲပါဟာ…ငါ ဘာလုပ်သင့်လဲ၊ နှင့်ကို အကြံတောင်းတာပါ"

"နင် သတ္တိရှိသလိုလုပ်ပေါ့ ရေချမ်းရယ်၊ တစ်ခုပဲ နင် စဉ်းစား ရမှာက…"

မေဦးက လက်ညှိုးကိုထောင်ကာ စကားကို ရပ်ထားလိုက်သည်။ ထို့ကြောင့် ရေချမ်းက အားမလို အားမရဖြစ်လာကာ…

"ဘာလဲဟ…ဘာစဉ်းစားရမလဲ"

"ဖြစ်နိုင် မဖြစ်နိုင်ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



မေဦး ဆိုလိုသည့်အဓိပ္ပါယ်က ညိုသည် မွေးရာပါနှလုံးရောဂါ သည်လေး။ အရမ်းကြီး မပြင်းထန်တာတစ်ခုပဲ ရှိသည်။ ဒါပေမဲ့ ညို့အနေ နှင့် အိမ်ထောင်မပြုနိုင်ကြောင်း ညို နားလည်နေပုံရသည်။ သို့သော် ရေချမ်းနားလည်ပုံက တစ်မျိုး။

"ဘာမဖြစ်နိုင်တာလဲ၊ ညို့ဘက်က သေချာမှုကို ပြောတာ လား၊ ငါက ထိပေါက်မှာသေချာမှ ထိထိုးမယ့်ကောင်မဟုတ်ဘူး မေဦး။ ဘယ်လိုပဲဖြစ်ဖြစ် ညို့ကို ငါချစ်တာက ချစ်တာပဲ၊ ညို့ကို ဖွင့်ပြောမှာက ပြောမှာပဲ၊ ညို ပြန်ချစ်တာ မချစ်တာ ငါ့အလုပ် မဟုတ်ဘူး"

"ကျွတ်...လွဲပြန်ပြီ"

မေဦး စိတ်ပျက်လက်ပျက် ညည်းလိုက်တော့ ရေချမ်းက...

"ကဲ...ဘာလွဲတာလဲ ပြော"

"ဖြစ်နိုင် မဖြစ်နိုင်လို့ ငါပြောတဲ့ အဓိပ္ပါယ်က အဲဒါမဟုတ်ဘူး"

"ဒါဆို ဘာလဲ ရှင်းရှင်းပြော"

"ညို့ကျန်းမာရေးကို နင် ထည့်တွက်ရမယ်၊ ညိုနဲ့နင်နဲ့ ချစ်ကြပြီ ဦးတော့ အိမ်ထောင်ပြုကြဖို့ ဖြစ်နိုင်မဖြစ်နိုင် ဒါကို ငါဆိုလိုတာ၊ ဘယ်သူ မဆို ကိုယ့်ချစ်သူတော့ ကိုယ်ပိုင်ဆိုင်ချင်မှာပဲလေ"

မေဦးစကားကြောင့် ရေချမ်းတစ်ချက် ငြိမ်သက်သွားသည်။ အလေးအနက်လည်း စဉ်းစားနေပုံရသည်။ ထိပေါက်ပေါက် မပေါက် ပေါက် မသေချာဘဲ ထိဖိုး ငွေရင်းထိုးရတာကမှ စွန့်စားတယ်ဆိုပေမဲ့ ဒါက ဆုကြီးရပြီးကာမှ မထုတ်ဘဲ နေရမည့်ဒုက္ခကိုတော့ ရေချမ်း ခံနိုင်ရည် ရှိပါမည်လား မသိ။ ရေချမ်း၏ ငြိမ်သက်နေမှုက မေဦးကိုပင် ခြောက်ခြား လာစေသည်။ မေဦး သူ့ကို စိတ်မသက်မသာနှင့် တိတ်တိတ်လေး ထိုင်စောင့် ပေးနေလိုက်သည်။

အတော်လေးကို ကြာမှာ မေဦးကို တည်တည်ငြိမ်ငြိမ်ကြည့်တာ...

www.burmeseclassic.com

www.burmeseclassic.com



မချိသွားဖြဲသလို စိတ်မသက်မသာ ရယ်ပြသည်။

"မေဦး"

"ဘာလဲ"

"လောလောဆယ် ဒါကို မစဉ်းစားလို့ မရဘူးလားဟင်"

"ဟင်...ခု မစဉ်းစားလည်း နောင် စဉ်းစားရမှာပဲ"

"နင်က ခုတည်းက ငါ့ကို တပ်ခေါက်ခိုင်းနေတာလား"

"ငါက ခိုင်းတော့ရော နင်က လှည့်ပြန်မယ့်လူလား"

"မဟုတ်ဘူး"

"မဟုတ်လို့ကို စဉ်းစားခိုင်းတာ"

"နောက်မှ မီးစင် ကြည့်ကရင်ကော"

မေဦး သက်ပြင်းကို ရှိုက်ပစ်လိုက်သည်။ လောလောဆယ် သေချာတာကတော့ ရေချမ်းက ညို့ကို အတိအလင်း ဖွင့်ပြောတောင်မှ ညို့ဆီက တိကျသောအဖြေကို ရေချမ်းရမှာ မဟုတ်။ ညို့မှာက ညို စွဲလန်းနေသော သူလေးရှိနေသည်။ သို့သော် အားနာတတ်ကာ ရေချမ်းကို လည်း အတော်သံယောဇဉ်ကြီးနေသော ညိုက ယတိပြတ်လည်း ငြင်းပစ် မှာ မဟုတ်။ စဉ်းစားပေးမှာကတော့ သေချာသည်။ ထိုအချိန်အတိုင်းအတာ လေးအတွင်းမှာ မီးစင်ကြည့်ကဖို့။ 'ဟူး' မေဦး မောလာသည်။

"နင်က ဘာဖြစ်နေတာလဲ"

ရေချမ်းက မျက်မှောင်လေးကြုတ်ကာ မေး၏။

"ဘာဖြစ်ရမှာလဲ ရင်မောတာပါ"

"အလဲ့...ကိုယ်ချင်းစာတတ်တယ်ပေါ့"

အရေးထဲ ရေချမ်းက ရိနေသေးသည်။ ဘာဆိုဘာမှ ပြန်ပြော ချင်စိတ် မရှိတော့သဖြင့် မျက်စောင်းကြီးကြီးတစ်ချက်သာ ထိုးလိုက်ရင်း...

"အပိုတွေ ပြောမနေနဲ့ ငါတို့အတွက် ညစာဝယ်ကြည့်ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်း မျက်နှာကို တစ်ဝက်ရှုလိုက်ကာ...

"ငါတို့ဆိုလို့ပေါ့ကွာ၊ မဟုတ်လို့ကတော့ ငါ့ကို အကြံမပေးတဲ့ အပြင် မီးမွှေးသွားတဲ့နင့်ကို ဘာမှ မသထာဘူး သိလား"

"သိတယ်...ငါကတော့ မသထာရေစာလည်း မှိုကျတယ်"

မေဦး ပြန်ထွက်လာတော့ အဆောင်မရောက်ခင်မှာ ကားက ထိုးရပ်သွားသည်။

မြမှန် စာပေ

'မြတ်စွာဘုရား'

ဆီဂိတ်က အောက်ရောက်နေပြီ။ ဆီတစ်စက်မှ မရှိတော့။ အပိုလည်း ပါမလာ။ အချိန်ကလည်း ခုနစ်နာရီကျော်ပြီမို့ မှောင်နေပြီ။ အနီးအနားမှာကလည်း ဆီဆိုင်နှင့်တူတာဆိုလို့ ဘာတစ်ခုမှ မရှိ။ မေဦး ရေချမ်းကို မေတ္တာပို့လိုက်သည်။ အမှန်က ဆီက မနက်ဖြန်မှ ထုတ်ရမှာ။ ခါတိုင်း ဆိုင်ပြန်လာပြီးလျှင် ကားက သုံးဖြစ်တောင် ဟိုနားဒီနားမို့ နောက်နေ့ဆီဆိုင်ထိ ရောက်မြဲ။ ခုဟာက ရေချမ်း တမျှော်တခေါ်ခိုန်းရာသို့ ကမန်းကတန်း ထသွားရသဖြင့် ဆီဂိတ်တောင် မကြည့်မိ။ ခုမှ ဒုက္ခရောက်ပြီ။ ဖုန်းဆက်ဖို့အနီးအနားကို ကြည့်တော့လည်း ဘာဖုန်းမှ မတွေ့ရ။ မေဦး ကားပေါ်မှလည်း မဆင်းရဲ။

ဆယ်မိနစ်ခန့်အကြာတော့ မေဦးကားနားကို ကားတစ်စီး လာရပ်သည်။

"အဲ..."

မေဦး အရင်ကစီးသော ကားအဖြူလေးဖြစ်နေသည်။ မောင်းသာ သူက အဂ္ဂမော်။

"ဘာဖြစ်တာလဲ"

ဒီတစ်ခါတော့ မေဦးပေါက်ကရ ရွဲ့ပြောလို့ မဖြစ်ပါ။ မှန်ကြောင်း

"ဆီကုန်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာလား"

အဲဒီလူကို မေဦး အမြင်ကပ်တာ အဲဒါတွေပဲ ဖြစ်သည်။ ကြည့်လိုက်လျှင်တော့ မျက်နှာသေလေး။ လေအေးအေးလေးနှင့် မေးလိုက်လျှင်လည်း ကျောင်းဆရာက သူ့တပည့်ကို မေးပုံပြောပုံမျိုး။

"သေချာတယ်"

ထိန်း[illegible] ဆောင့်အောင့်ထွက်သွားသေးသည်။

"ဒါဆို ခဏစောင့်၊ ကိုယ် ဆီသွားဝယ်ပေးမယ်"

"ဟုတ်..."

ခေါင်းကို မညိတ်ချင်ညိတ်ချင်နှင့် ညိတ်လိုက်ရသည်။ သူ့ကားထဲက ဆီနည်းနည်းမျှပါးထုတ်ပေးလိုက်ရင် သေသွားမှာမို့လား...ဟု မကျေမနပ်လည်း တွေးနေမိသည်။ ဆယ်မိနစ်လောက်ကြာတော့ မိုလာပုံးတစ်ပုံးနှင့် အန္တမော် ပြန်ရောက်လာသည်။

"ဆီထည့်ဖို့ ကတော့ပါလား"

"ဟင့်အင်း..."

"ရော့...ဒါဆို ခဏကိုင်ထား"

မိုလာပုံးကို ထိုးပေးကာ ကားတံခါးကို ပြန်ဖွင့်ပြီး အထဲက ရေသန့်ဘူးတစ်ဘူး ထုတ်လာသည်။ အိတ်ထဲမှာ ပါလာပုံရသော မောင်းပြန်ဓား(ငှလက်မခန့်ရှိမည် ထင်သည်)ကို ထုတ်ကာ...ရေသန့်ဘူးကို ခါးလယ်မှ ဖြတ်ပစ်လိုက်၏။ ပြီးမှ...ကတော့အဖြစ် ဆီတိုင်ကီအဝမှာ ထိုးထည့်လိုက်ရင်း...

"ပေး...ပုံး"

ဆီပုံးကို လှမ်းတောင်းကာ ဆီထည့်ပေး၏။ ပြီးတော့...

"နှိုးကြည့်ပါဦး၊ အဲဒီလို ဆီလုံးဝမကျန်တဲ့ထိ မောင်းထားရင်

[illegible]

www.burmeseclassic.com



တစ်ခါတလေကျ ချက်ချင်း ပြန်နိုးလို့မရတတ်ဘူး”

“ဟုတ်...”

မေဦး ကားပေါ်တက်ကာ စက်နှိုးကြည့်၏။ ထိုသူပြောသလိုပင် နှိုးမရပါ။

“ကဲကဲ...ဘောနက်ဖွင့်”

အထဲမှ ဘောနက်ဖွင့်ပေးလိုက်သည်။ အဂ္ဂမော်က ခပ်တည်တည်နှင့် ဟိုဟာဖြုတ်၊ ဒီဟာဖြုတ်နှင့် လုပ်ကြည့်နေသည်။ မေဦးကတော့ လုံးဝ နားမလည်တာ သေချာ၏။ သူကကော နားလည်တာ သေချာလား မသိ။ ထိုသို့တွေးပြီးမှ မေဦး ပြုံးမိသည်။ ရေချမ်းက မေဦးကို ‘နင်က အလကားနေ သံသယပွားနေတော့တာပဲ’ဟု ပြောဖူးတာကို သတိရမိ၍ ဖြစ်သည်။

“ရပြီ...နှိုးကြည့်စမ်း”

အဂ္ဂမော်ကတော့ အပိုင်ပင်။ ဘောနက်ကိုပင် ပြန်ပိတ်လိုက်သေးသည်။ သူ့ပုံက သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ရှိပုံရ၏။ နောက်တစ်ခါ ထပ်မဖွင့်စေရဘူးဟု အာမခံနေသယောင်။

“ရှူး”

အစက်လည်း ကောင်းပါသည်။ တစ်ချက်တည်းနှင့် နှိုးသွား၏။ သူက မေဦးတံခါးဝမှာ လာငုံ့ကြည့်ရင်း...

“ရရင် သွားတော့”

“ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်”

“မလိုပါဘူး။ နောက်တစ်ခါ ကားမောင်းရင် ဆီကိုတ်ကြည့်ဖို့ မမေ့နဲ့ပေါ့။ ပြီးတော့ ဒီလိုအချိန်ထွက်ရင် အဖော်မပါဘဲမထွက်နဲ့ ကြာသား မိန်းကလေးတစ်ယောက်တည်း ဘာမှ မလုပ်တတ် မကိုင်တတ်”

သူပြောတာ မှန်နေတာမို့ ခေါင်းကို အသာညိတ်ပြလိုက်ရသည်။

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒါဆို သွားတော့၊ကိုယ် နောက်က လိုက်ကြည့်ပေးရဦးမလား"

"ရပါတယ်...ကျေးဇူးပဲ"

မဦး လီဗာကို အသာနင်းကာ သူ့ဘေးမှ ထွက်ခဲ့လိုက်သည်။ နောက်ကြည့်မှန်မှ ကြည့်လိုက်တော့ သူ မောင်းသော မဦးကားလေးက နောက်က ပါလာသည်။ မဦး အဆောင်ထဲ ကွေ့ဝင်မှ ပြန်လှည့်ထွက်သွား၏။ ခုတော့လည်း မဦးနဲ့သူက ကားချင်း လဲမောင်းနေသလို။ သူကလည်း အတိုက်ခံထားရသော သူ့ကားကို မမောင်းတော့ဘဲ သူ့ကားကို ဝင်တိုက်ခဲ့သော မဦးကားကို ဘာလို့ အကျအန မောင်းနေမှန်း မသိ။ ကားပေါ်မှ ဆင်းတော့မှပင် အန်တီအေးနဲ့အိမ်က ဘာဖြစ်တာလဲမေးရင်း ဖြေရန် အပြေးအလွှား စဉ်းစားရတော့သည်။ ညိုကတော့ မဦးကို မေးခွန်းများနှင့် ကြိုမနေပါ။ စိတ်ပူပင်နေပုံနှင့် စောင့်နေ၏။ ဆွေဇင်နှင့် အိသဲလည်း ညို့ကို အဖော်လာလုပ်ပေးရင်း T.V ကြည့်နေကြသည်။

"စောင့်လိုက်ရတာ မဦးရယ်၊ ဘာလို့ နောက်ကျတာလဲ"

"လမ်းမှာ ကားဆီ ပြတ်သွားလို့ ညို့ရဲ့"

"ဟယ်...အဆင်ပြေခဲ့လား"

"အေး...ပြေခဲ့တယ်၊ ကယ်တင်ရှင်နဲ့ တွေ့လို့လေ"

ရေချမ်းကိစ္စကို ချန်ခဲ့ကာ အဂ္ဂမော်နှင့်တွေ့ခဲ့ပုံကို ထမင်းစားရင်း ပြောပြဖြစ်တော့ ညို ရယ်သည်။ မဦး အိမ်ကိစ္စကို မေးရန်ပင် မေ့သွားတော့၏။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



# [၅]

ဆိုင်ပိတ်ရက်မို့ တော်တော့သည်။ မနက်တည်းက ဆက်တိုက်။ ညို့ဖုန်းကလေး မနားရ။ ညို့မေမေက ပထမဆုံး ဆက်သည်။ ညို့မေမေက တစ်ပတ်တစ်ခါ မဟုတ်တောင် ဆယ်ရက်တစ်ခါလောက်တော့ ဆက်တတ်မြဲ။ ညို့ဖေဖေကတော့ ဆက်ခဲလှသည်။ ညိုနှင့်အတူနေလာတာပင် ကြာပြီ။ ဒီနေ့မှ ညို့ဖေဖေထံမှ ဖုန်းဆက်တာကို ကြားရသည်။ ညိုကတော့ ခပ်တည်တည်နှင့် သူ့မေမေက ဘာတွေပို့တာ သူငယ်ချင်းတွေကို ဘယ်လို လက်ဆောင်ပေးတာနှင့် အရစ် ကြားနေသည်။ ဖုန်းလည်း ပြောပြီးရော ပြုံးစေ့စေ့နှင့် မေဦးဆီ ရောက်လာကာ…

"မေဦး"

"ဘာလဲဟင်"

"ဖေဖေကပါ ပစ္စည်းတွေအများကြီး ပို့ဦးမှာတဲ့ သိလား"

"ဟုတ်လား…ထောတာပေါ့"

"အစစ်ပဲ…မေမေ့ထက်သာအောင် သူက လေးသေတ္တာလောက်တော့ပို့မှာပဲ၊ ဒါပေမဲ့ ဖြစ်နေကျအတိုင်း သူပို့တာတွေက တစ်ဝက်လောက်က အသုံးမဝင်တဲ့ဟာတွေ ဖြစ်နေတယ်"

"ဟင်…ဒါဆို ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဈော်...မေဦးကလည်း ပြန်ရောင်းစားမှာပေါ့"

"ဘယ်မှာ ရောင်းမလဲ"

"အမလေး...အဲဒီလိုပစ္စည်း ဝယ်တဲ့ဆိုင်တွေ ရှိပ...။ ဒေါ်ကြီး ရောင်းပေးလိမ့်မယ်"

စကားမှ မဆုံးသေး ညို့ဖုန်း မြည်လာပြန်သည်။

'ဒေါ်ကြီးဆီက...'ဟုဆိုကာ ညို သူ့အခန်းထဲသူ ပြန်ဝင်သွားကာ ဖုန်းသွားပြောနေစဉ်မှာပဲ ရေချမ်းဆီက ဖုန်းလာ၏။

"မေဦး"

"ဘာလဲ"

"နင်တို့ ဒီနေ့ ဘယ်မှမသွားဘူးလား"

"ဟင့်အင်း"

"သွားပါလားဟာ..."

"ဟဲ့...ဘယ်သွားရမှာလဲ"

"ရန်ကင်းစင်တာဖြစ်ဖြစ်...ယုဇနစင်တာဖြစ်ဖြစ်"

မေဦး သဘောပေါက်ချင်သော်လည်း ရစ်ရဦးမည်။ ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်လေးကို ရည်းစားစကား ပြောမယ့်ကိစ္စကို ဒီလောက် လွယ်လွယ်ကူကူနှင့် ခွင့်မပြုနိုင်ပါ။ ခက်ခက်ခဲခဲ ခွင့်ပြုတာတောင် ဒီလူဟာ ကိုကို့လူယုံတော်၊ ကျေးဇူးရှင်ကလေး ရေချမ်း ဖြစ်နေတာကြောင့်ပင်။ မဟုတ်လို့ကတော့ ဘယ်လွယ်လိမ့်မလဲ။

"အာ...ဘာလုပ်ရမှာလဲ...ပျင်းစရာကြီး"

"တစ်ခုခုစားရင်း ဈေးဝယ်လေ"

"စားတာက ဒီနားမှာ စားလို့ရပါတယ်၊ ဈေးဝယ်တာကတော့ အင်း...လောလောဆယ် အိမ်မှာ ပိုက်ဆံမရှိဘူး၊ ထုတ်မထားမိဘူးဟ"

"အာ...ရပါတယ်၊ ငွေက ကိစ္စမရှိဘူး။ နင့်အစ်ကိုစာရင်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ငါယူလာမယ်၊ ဘယ်လောက်လိုချင်လဲပဲ ပြော...''

''အဲဒါက ထားပါ၊ အရေးကြီးတာက...''

''ဘာလဲ...''

''ငါ့ကား ပျက်နေတယ်''

''အဟုတ်''

''အဟုတ်ပါ''

''ငါ လာခေါ်မယ်လေ''

''သိပ်ကောင်းတာပေါ့၊ ဩော်...ဒါပေမဲ့''

''ဘာဒါပေမဲ့လဲ လာပြန်ပြီ''

''ဒီနေ့က ငါတို့ holiday၊ နင်က ရုံးဖွင့်ရက်...ဘယ်ကောင်းပါ့မလဲ''

''ကောင်းတယ်''

''အလုပ်ရှင်က ခွင့်ပြုချင်ပါ့မလား''

''မေဦး''

ရေချမ်းအော်တော့မှ မေဦး တဟားဟား မိန်းမဆန်စွာ ရယ်ရင်း...

''ရပြီ...လာခေါ်တော့''

''ဝင်ရှုလိုက်ပါစေ''

ရေချမ်း မကျေမနပ် ရေရွတ်ကာ ဖုန်းချသွားပါ။ ညို့ ဖုန်းပြောပြီးသည့်အထိ ထိုင်စောင့်ပြီးမှ...

''ညို့ရေ...''

''ဝေ...''

''မေဦးတို့ ဒီနေ့ ရန်ကင်းစင်တာမှာဖြစ်ဖြစ် ဖိနပ်သွားရှာမလား ဟိုတလောက ညို့ ဒေါက်ပါးပါးနဲ့ ကြိုးသိုင်းဖိနပ် လိုချင်တယ်ဆို''



www.burmeseclassic.com

www.burmeseclassic.com


"သွားလေ...မေဦးရဲ့"

"ဒါဆို ပြင်တော့နော်၊ လုလုလေး ပြင်ခဲ့သိလား"

"အာ...ဘာလို့လဲ"

"ရေချမ်းလာခေါ်မှာမို့လို့"

"ဟင်...မေဦးကားက ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး ညို၊ မေဦး မမောင်းချင်လို့...ပျင်းလို့၊ ဩော်... ရေချမ်းကိုတော့ အဲလို သွားမပြောလိုက်နဲ့နော်၊ မေဦးက ကားပျက်နေတယ် ပြောထားတာ"

"မပြောပါဘူး"

မိနစ်နှစ်ဆယ်ပင် မစောင့်လိုက်ရ၊ ရေချမ်းကား ရောက်လာသည်။ တနင်္လာနေ့မို့ အဆောင်မှာ သူ့ကို ကြည့်မည့်, စမည့်သူ မရှိ။

"မေဦး...နင့်ကားက ဘာဖြစ်တာလဲ"

"ဘာဖြစ်မှန်း မသိဘူးဟ"

"ငါ ကြည့်ပေးမယ်လေ"

"ရပါတယ်...လာပြင်ပေးမယ့်သူ ရှိတယ်"

ကားကို အတင်းနှိုးကြည့်နေလျှင် ဘာမှ မဖြစ်မှန်း သိသွားမှာ စိုး၍ ပါးစပ်ထဲရှိတာ ပြောပစ်လိုက်ခြင်းဖြစ်သည်။ ဒါကို ကိုရေချမ်းက...

"ဟုတ်လား၊ ဘယ်မက္ကင်းနစ်က အိမ်လာပြင်ပေးလဲ"

"ရှိတယ်...ပရိုက်မိတ်မက္ကင်းနစ်၊ မေဦး တစ်ဦးတည်းပိုင်"

ပြောရင်းက အဂ္ဂမော်ကို ပြေးမြင်မိ၍ နှုတ်ခမ်းကို ဖိကိုက်ထား လိုက်ရသည်။ မေဦးစကားဆို အယုံအကြည်ရှိချင်ပုံမရသော ရေချမ်းက တစ်ဦးတည်းပိုင် မက္ကင်းနစ်ဟုလည်းဆိုရော မျက်နှာကိုမဲ့ကာ ခေါင်းခါ ရင်း ဘာမှ ဆက်မပြောတော့။

ရန်ကင်းစင်တာရောက်တော့ မနက်စာ အရင်စားဖြစ်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



စားရင်းကမှ ရေချမ်းက...

"မေဦး"

"ဘာလဲ"

"မြန်မြန်စား"

"ဟင်...ဘာဖြစ်တာလဲ"

"ငါ လားရှိုးကလာတဲ့ ငါ့မိတ်ဆွေတစ်ယောက်ကို လက်ဆောင် ပေးရမှာ...အဲဒါလေး နင် သွားဝယ်ပေးစမ်းပါ"

"အာ...နင်ကလည်း ကဲ...ပြော ဘာဝယ်ပေးရမှာလဲ"

"အစုံပဲ ပုဆိုးအကွက်စိပ်စိပ်၊ အရောင်နုနု၊ ရှပ်အင်္ကျီက DG-2000 လက်ရှည်၊ အရောင်နု၊ ပုဆိုးနဲ့လိုက်ရမယ်၊ နောက်...လယ်သာပိုက်ဆံအိတ်အသေး ကောင်းကောင်းတစ်လုံး၊ ကတ္တီပါဖိနပ် နုံပါးတစ်ရုံ၊ ဆင်ခြောက်ကောင် တစ်ရုံ ခေါင်းလိမ်းဆီ code 10 တစ်ဘူး၊ လက်ကိုင်ပုဝါ ယောကျ်ားကိုင်နော်၊ အဲဒါက တစ်ဒါဇင်။

မေဦး မျက်လုံးပြူးကာ စိတ်တိုလာသည်။

"မကုန်သေးဘူးလား"

"ကုန်ပါပြီ၊ အဲဒါတွေ ဝယ်ပေး..."

"ပေး...ပိုက်ဆံ"

ရေချမ်း တစ်ထောင်တန်တစ်အုပ် ထုတ်ပေးသည်။ မေဦးက အစားကို လက်စသပ်ရင်း ထရန်ပြင်တော့ ညိုက...

"ညို့ကို စောင့်လေ၊ ညိုပြီးရင် ညို့ဖိနပ်ပါ ကြည့်မယ်"

"အာ...ညိုမလိုက်နဲ့၊ ဝယ်ရမှာက များတယ်၊ ပြီးမှ ညို့ဖိနပ် သပ်သပ် သွားရှာပေါ့နော်၊ အေးအေးစား..."

ရေချမ်းက ဝင်တားသဖြင့် ညို နေခဲ့ရသည်။ မေဦးကတော့ လွတ်လပ်ပေါ့ပါးစွာ ထွက်လာခဲ့လိုက်သည်။ ကျန်ခဲ့သော ရေချမ်းမှာသာ



www.burmeseclassic.com

www.burmeseclassic.com



နေ့မထိ ထိုင်မသာနှင့် စားလို့မဝင်၊ မျိုလို့မရ ဖြစ်နေရသည်။ ညိုကပင် ပြန်ပြီး ဟင်းထည့်ပေးကာ...

"စားလေ...ရေချမ်း မေဦးကလည်း ဘာမှ စားသွားတာ မဟုတ်ဘူး"

"အင်းပါ"

"ရေချမ်းလည်း ဒီနေ့စားတာ နည်းသလိုပဲ"

"ဟုတ်တယ်...ရင်ပြည့်နေလို့ ညိုရဲ့"

"ဟင်...ဟုတ်လား၊ ဘာတွေ စားထားလို့လဲ"

အရေးထဲ...။ ဘယ်သူမှ ကျုံ့ဖူးမည် မထင်ပါ။ ရည်းစားစကား ပြောကာနီး ဘယ်အစားအသောက်က ရင်ပြည့်စေလဲ ကမန်းကတန်း စဉ်းစားရသေးသည်။

"ဟိုလေ...ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ မုန့်ဆီကြော်"

"ဟောတော့...အဲဒါတွေ တစ်ချီတည်း စားတာလား"

"အင်းလေ...မနက်က"

"ဖြစ်ရလေ...ရော့ရော့ ညို့မှာ အစာကြေဆေးပါတယ်၊ သောက်လိုက်နော်"

ဖြစ်ရပြန်ပြီ။ ဘယ်လိုမှ မကြိုက်သော သောက်လေ့သောက်ထ မရှိသော ဗမာဆေးကို ညိုက ပေး၍ သေဆေးအဖြစ် ကပျာကယာ မျောချလိုက်ရသေးသည်။ ပြီးမှ...

"ညိုက ကိုယ့်ကို စိုးရိမ်လို့လား"

အလာလာ...။ 'ကိုယ်'ဟု ကိုယ့်ဘာသာကိုယ် သုံးနှုန်းလိုက်မိပြီးမှ ညို ရိပ်မိသွားမလား ကြည့်ရသေးသည်။ ညိုကတော့ သတိထားမိပုံ မပေါ်တာလား။ သတိမထားမိချင်ယောင် ဆောင်တာလား မသိ။

"စိုးရိမ်တာပေါ့၊ ညိုက အားလုံးအတွက် တွေးပူနေကျလေ၊ ခုလို ကိုယ့်ရှေ့မှာဖြစ်တော့ ပိုဆိုးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား...ကိုယ့်တစ်ယောက်တည်း သီးသန့်ဆိုရင်ကော"

"ဟင်...ဘာလို့လဲ"

ညိုက ခုမှ သူ့ကို သင်္ကာမကင်းသလို စကြည့်သည်။

"ကိုယ်ဆို ညို့တစ်ယောက်တည်းကို ပိုပြီး စိုးရိမ်တယ်"

"ဩော်...ဒါက ညိုက ရောဂါသည်ကိုး"

"မဟုတ်ပါဘူး၊ ဒါကြောင့် မဟုတ်ပါဘူး"

ဘာကြောင့်လဲဟုတော့ ညိုက ပြန်မမေးပါ။ သောက်လက်စ သံပရာရည်ခွက်ကို ငွေရောင်ဖွန်းလေးနှင့် အဓိပ္ပါယ်မဲ့ မွှေနေသည်။ ထို့ကြောင့် ရေချမ်းကပင် မလျှော့သော ဖွဲ့လုံ့လနှင့် ဆက်ပြောရ၏။

"ဘာကြောင့်လဲဆိုတာရော မသိချင်ဘူးလား"

ညို ဘာမှ မဖြေ၊ ရေချမ်းကိုသာ တစ်ချက် ဖျတ်ခနဲ မော့ကြည့်၏။

"မေးနေတယ်လေ"

"သိချင်တယ်...မသိချင်ဘူးလည်း မရှိပါဘူး"

ညိုက လိမ္မာပါးနပ်စွာ ဖြေ၏။

"မသိချင်လည်း ကိုယ်က ပြောမှာပဲ သိလား"

ညို ရယ်ချင်လာ၍လား မသိ။ နှုတ်ခမ်းလေးကို သေသေ ကိုက်ကာ ငုံ့ချလိုက်သည်။ ပြောမှာပဲဟုဆိုပြီးကာမှ လျှာဖျားက ထုံပေပေ နှင့် အလုပ် မလုပ်ချင်တော့။ ရေချမ်း စိတ်အိုက်လာကာ အိတ်ထဲမှ 'post it' ဝါဝါလေးကို ဆွဲထုတ်လိုက်သည်။ ပြီး...

'ညို့ကို ချစ်လို့'

...ဟု ရေးကာ အောက်မှ လက်မှတ်ထိုးပြီး ငုံ့နေသော ညိုရှေ့သို့ ထိုးပေးလိုက်သည်။ ညိုက လှမ်းကြည့်ပြီး ငြိမ်နေသည်။

"တွေ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"တွေ့ရင် ယူထားလေ၊ မေဦးလာလို့ တွေ့သွားရင် ဟားနေဦးမယ်"

ညို ရယ်ချင်နေသော မျက်နှာလေးနှင့် 'post it' ထုပ်လေးကို အိတ်ထဲ ကောက်ထည့်လိုက်သည်။ ဒါကပင် ရေချမ်းကို အားနာလို့လား၊ ရေချမ်းကို မငြင်းချင်သေးလို့လား။ ညိုဘာသာ မသေချာ။

"ညို"

"ဟင်"

"အကြာကြီး စဉ်းစားဦးမှာလားဟင်"

"အင်း..."

မေးခွန်းကိုက မှားသွားခြင်း ဖြစ်သည်။ ခုနေကျမှတော့ ဘာမှ မတတ်နိုင်တော့။ သက်ပြင်းကို မသိမသာကြိတ်ချရင်း မေဦးကိုပဲ စောင့်ရတော့မည်။ ဘယ်လိုလူကမှ ရည်းစားစကားပြောဖို့အခွင့်ရေး သူ့လောက် အကုန်အကျများလိမ့်မည် မဟုတ်ဟု ရေချမ်း တွေးနေမိသည်။ သို့သော် ဆုကြီးပေါက်ခဲ့လျှင်တော့ ရေချမ်း တန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[၃]

# မြမှုန်စာပေ

'ဝင့်ဆိုတာက ချက်ချင်းလည်သည်'ဟု တချို့က ပြောတတ်ကြသည်။ ဖြစ်နိုင်ပါသည်။ ရေချမ်းမှာသော ပစ္စည်းများကို ယူတ္တိကျကျဝယ် နေစဉ်မှာပဲ အဂ္ဂမော်နှင့် တည့်တည့်တိုးတော့သည်။

"ဟော...ခင်ဗျားတစ်ယောက်တည်းလား"

"မဟုတ်ဘူး...ပါတယ်"

သူက မေဦးနောက်ကို လှမ်းကြည့်ရင်း...

"ဘယ်သူမှ မတွေ့ပါလား"

"ဘယ်တွေ့မလဲ၊ ရေချမ်းနဲ့သို့က အောက်က ဆိုင်ထဲမှာ ကျန်ခဲ့တယ်"

"ဩော်...ခင်ဗျားက ဈေးဝယ်တာလား"

"ဟုတ်ပ...သူဝယ်ခိုင်းတာတွေ ဝယ်ပေးနေရတာလေ"

ဘာလို့မှန်းမသိ၊ ခုတစ်ခါမှာတော့ မေဦး အဂ္ဂမော်ကို တရင်းတနှီး ဆက်ဆံဖြစ်သည်။

"ခင်ဗျားကို ပစ္စည်းတွေဝယ်ခိုင်းပြီး သူတို့က ကျန်ခဲ့တယ် ဆိုတာလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟားဟား..."

အဂ္ဂမော်က ဒီတစ်ခါတော့ ဟက်ဟက်ပက်ပက်ရယ်သည်၊ ပြီးမှ...

"အဲဒါ...ခင်ဗျားကို ပထုတ်တာပဲ၊ ခင်ဗျား ခံရပြီ"

"သိသားပဲ...သိသိကြီးနဲ့ ထွက်လာရလို့ စိတ်တိုနေတာ"

"မတိုပါနဲ့...ကုသိုလ်ရပါတယ်"

"ဘာရှင့်"

"တိုးတိုး...ဒါ 'စော်ဝင်သူ'မဟုတ်ဘူး၊ ရန်ကင်းစင်တာ၊ လာပါ...ကိုယ် မင်းကို ဈေးလိုက်ကူဝယ်ပေးမယ်"

"ဟင်...တကယ်လား"

"တကယ်"

တကယ့်ကို ကျေးဇူးတင်ပါသည်။ ယောက်ျားလေး အသုံးအဆောင်ပစ္စည်းတွေ မိန်းကလေးတစ်ယောက် လိုက်ဝယ်နေရတာ ဘာလိုလိုနှင့်၊ ကိုယ်ကပဲ လက်ဆောင်ပေးရတော့မှာလိုလို၊ အလိုလိုနေရင်းကို မေဦးက ဘဝင်မကျ။ ခုမှ ကယ်တင်ရှင်က လာတော့သည်။

"ဘာတွေ ဝယ်ရမှာလဲ"

"DG - ရှပ်၊ ပုဆိုး၊ ဖိနပ်၊ ပိုက်ဆံအိတ်၊ ခု...အိတ်တစ်ခုပဲ ဝယ်ရသေးတယ်"

"ဒါဆိုလာ...ကိုယ် ဝယ်နေကျဆိုင် ရှိတယ်"

ထိုသူက သူ ဝယ်နေကျဆိုင်သို့ ခေါ်သွားသည်။ ရှပ်အင်္ကျီဆိုင်။

"DG - ရှပ်က လက်တိုလား၊ လက်ရှည်လား"

"လက်ရှည်"

"အဆင်နဲ့လား ပြောင်လား"

"ပြောင်"

"အရောင်ကရော..."

www.burmeseclassic.com

www.burmeseclassic.com



"အရောင်နု"

စိတ်ပုပ်ပြီး မလှတာ ဝယ်ပေးလို့လည်း မရပါ။ အကုန်လုံး လှနေသည်ကို။ အဂ္ဂမော်ကလည်း ခပ်တည်တည်နှင့် မေဦးကိုပင် ဆက်မမေးတော့ဘဲ သူလိုချင်သည့် အရောင်ပဲ ယူလိုက်သည်။ ပြီးမှ မေဦးက ပိုက်ဆံရှင်း။

ဟင်း...ဒါလည်း မဟန်သေးပါဘူး။ ကိုယ်က လိုက်ဝယ်ခြမ်းပေးနေသလို၊ ဒါပေမဲ့ မတတ်နိုင်။ ဒါကမှ တော်ဦးမည်။ ပြီးမှ...အကြွေရကာ ပိုက်ဆံထုတ်ကို အဂ္ဂမော်ကို ပေးထားလိုက်သည်၊ ဒါဆို သူ့ဘာသာသူ ဝယ်၊ သူ့ဘာသာသူရှင်း။ အေးရော...။

လိုချင်တာအားလုံး ရပြီးသောအခါ...

"ကဲ...အားလုံး စုံပြီလား"

"စုံပြီ...ကျေးဇူးပဲ"

"ကျေးဇူးတင်ရင် ကိုယ့်ကိုတစ်ခု ကူဦး"

"ဘာကူရမှာလဲဟင်"

သူမျှားကျ လွယ်လင့်တကူ ခိုင်းထားမိရက်သားဖြစ်နေတာမို့ ကိုယ်က ပြန်ကူရတော့မှာပင်။ ခက်ခက်ခဲခဲများ ခိုင်းလို့ကတော့ ဒုက္ခ။

"မခက်ခဲပါဘူး၊ ကျွန်တော့်ကို မေမေမှာလိုက်တဲ့ Revelon က ထုတ်တဲ့ Age defying make up ရယ် Color stay lipstick ပန်းရောင် ဖက်သန်းတာရယ် လိုက်ဝယ်ပေးပါဦး"

"ဪ...ဒါလား ရပါတယ်"

အောက်ပြန်ဆင်းကာ City mart ထဲရှိ Revelon counter သို့ ခေါ်သွားရသည်။ မေဦးဖြင့် တစ်ခါမှ ဝယ်မသုံးဘူးပါ။ ညို့မေမေ ပို့လိုက်သည့်ပစ္စည်းများထဲတွင် ပါလာရုံသော သုံးတော့ သုံးဖူးပါသည်။ Revelon counter မှ ကောင်မလေးများက

www.burmeseclassic.com



မေဦးသုံးမည့်အထင်နှင့်...

"အာ...အစ်မအသက်နဲ့ Age defying သုံးစရာ မလိုသေးပါဘူး။ Lipstick လည်း အရောင်ရင့်ရင့်သုံးပါလား၊ အစ်မအသားက ဖြူတာပဲ"

...စသဖြင့် အကြံပေးနေသေးသဖြင့် မနည်းရှင်းပြရသေးသည်။ မေဦးတို့ကိစ္စပြီး၍ ပြန်ထွက်လာတော့ အဂ္ဂမော်က...

"ကျွန်တော်က ကူညီရလို့ပဲဖြစ်ဖြစ်၊ ခင်ဗျားက ကူညီရလို့ပဲဖြစ်ဖြစ် ကော်ဖီသောက်ရအောင် ကျွန်တော်ကတော့ မောပြီ"

"အဲ..."

မေဦး ဘာပြန်ပြောရမှန်းမသိ။ ညိုက ရှိသေးသည်မဟုတ်လား။

"ဒီလိုလုပ်ပါလား၊ မေဦး ညိုတို့ကို ပြန်ခေါ်ချင်သေးတယ်"

"ဟင်...ကိုယ့်ကို ပထုတ်ထိုက်တဲ့သူတွေကို ပြန်ခေါ်ဦးမယ်ဟုတ်လား"

အဂ္ဂမော်က မေဦးကို စချင်သလိုလို မေး၏။

"သိပ်ကြာနေပြီ၊ တော်ကြာ ညို စိတ်ပူနေလိမ့်မယ်"

"ကဲပါ...ဒါဆိုလည်း သွားခေါ်ကြတာပေါ့၊ ကျွန်တော်တို့အားလုံး ကော်ဖီသွားသောက်ကြမယ်လေ"

ညိုတို့ကို ထားခဲ့ရာဆိုင်ထဲဝင်သွားတော့ ညိုက ထင်ထားသည့်အတိုင်း မေဦးကို လည်ပင်းတရှည်ရှည်နှင့် မျှော်နေပြီ။ မေဦးဘေးမှ အဂ္ဂမော်ကို တွေ့တော့ ရေချမ်းတော့ ညိုပါ တအံ့အသြ။ အဂ္ဂမော်က မေဦးအထုတ်တချို့ကိုလည်း ကူဆွဲထားသေးသည်။ အဂ္ဂမော်ကပင် ထိုအထုတ်များကို ရေချမ်းထံကမ်းပေးရင်း...

"ကိုရေချမ်းရေ ကြည့်ပါဦး၊ ပစ္စည်းတွေကြိုက်ရဲ့လားလို့၊ သူ့ထစ်ယောက်တည်း ယောင်ချာချာဖြစ်နေတာနဲ့ ကျွန်တော် ကူဝယ်ပေးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အာ...ဟုတ်လား ကိုအဂ္ဂ၊ ဆောရီးဗျာ၊ ကျွန်တော် အားနာလိုက်တာ"

"ဟင်...ငါ့ကျ အားမနာဘူးလား"

"နင့်တော့ မနာပါဘူး"

အရေးထဲ ရန်ကဖြစ်လိုက်ကြသေး၏။

"လာ...ညို...ထ ဟိုဘက်မှာ ကော်ဖီသွားသောက်ရအောင်၊ ညိုကတော့ တခြားဟာ သောက်နော်၊ မေဦးက ကိုအဂ္ဂမော်ကို ကော်ဖီ တိုက်ရမှာ"

ထိုစကားကြားမှ တရားခံရေချမ်းက ထိုင်ရာမှ ကမန်းကတန်း ထသည်။

"ဟာ...ကျွန်တော် တိုက်မှာပေါ့၊ ကျွန်တော့်ပစ္စည်းတွေ ဝယ်ပေးတာပဲ"

ခုမှ ကျေးဇူးတွေ သိတတ်နေသည်။ မေဦးကို ကျော်တာ ကျေးဇူးတင်ပြီး လူမှုရေးသိပ်ကောင်းနေသော ရေချမ်းကို မေဦး အမြင်ကပ်ကပ်နှင့်ကြည့်ကာ တိုးတိုးလေးကြိတ်မေတ္တာပို့လိုက်သည်။ ညိုကတော့ မေဦးနှင့် အဂ္ဂမော်ကို မသိမသာ အကဲခတ်နေ၏။

"ကြိုးကြီးချိတ်ကတော့ သူများလက်ထဲရောက်ဖို့ သိပ်အလားအလာ မရှိတော့ဘူး ထင်တယ် ဒေါ်မေဦး"

ခုမှ ငယ်ပေါင်းကြီးဖော်တွေလို ရှေ့ကတွဲထွက်သွားသော ရေချမ်းနှင့် အဂ္ဂမော်နောက်မှ ခွာလိုက်ခဲ့ရင်း ညိုက မေဦးကို ကပ်ပြော၏။

"မဖြစ်နိုင်တာ...သူ စာဝယ်ထားတာလည်း မေ့နဲ့ဦး"

"ဒါတွေကိုက အကြောင်းရှာလာတာဖြစ်မှာပါ"

"မဖြစ်နိုင်ပါဘူး ညိုရာ"

"ကြည့်ရသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ညို့က မျက်စလေးချီကာ ပြော၏။

ထိုနေ့က ကော်ဖီဆိုင်မှာ တွေ့ရာလေးပါး ထိုင်စကားပြောပြီး လမ်းခွဲလာခဲ့ကြသည်။ အဆောင်ရောက်မှ...

"ဟောတော့...ညို့ဖိနပ်"

မေဦး အလန့်တကြားအော်မှ ညို့ကရယ်ကာ...

"ညို့ သတိရပါတယ်၊ ဒါပေမဲ့ ရှာချင်စိတ် မရှိလို့"

"ဘာလို့ မရှိရတာလဲ"

မေဦး သိသိကြီးနှင့် မေးလိုက်ခြင်းဖြစ်သည်။

ညို့က...

"အံမယ်...မသိချင်ယောင် ဆောင်မနေနဲ့၊ ဟိုက ပထုတ်တာကို သူကလည်း သွားတယ်၊ သွားမှာပေါ့ သူ့အချစ်ကြီးနဲ့ ချိန်းထားတာကိုး၊ ညို့ကိုကျ ဖစ်သွားတယ်"

"အာ...မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ"

"ဟိုလေ...ပထုတ်တာကို ထွက်သွားတယ်ဆိုတာက ဟုတ်တယ်၊ ချိန်းထားတယ်ဆိုတာက မဟုတ်ဘူး"

"အံမယ်...ပထုတ်တာကို သိသိကြီးနဲ့သွားတယ်"

ညို့က ဖျတ်ခနဲ လှမ်းလိမ်ဆွဲကာ ပြော၏။

"ဪ...မသွားလို့ရမလား၊ ချိုချိုသာသာ ယဉ်ယဉ်ကျေးကျေး နှင်နေတုန်း ထွက်ရတာ၊ အလိုက်ကန်းဆိုးမသိ ဆက်နေရင် ဟိုက မေဦးကို တစ်စက်မှ ညှာမှာ မဟုတ်ဘူး၊ ကဲပါ...မေဦးကို အပြစ်တင် မနေပါနဲ့ ရေချမ်းက ဘာတဲ့လဲ"

ညို့က ဘာမှပြန်မပြောဘဲ အိတ်ထဲက "post it" စာရွက်လေးကို ထုတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာဟ...ညို့ကို ချစ်လို့တဲ့၊ ညိုကရော..."

"မချစ်ပါဘူး"

"အဲဒီအတိုင်း ပြောခဲ့လား"

"ဟင့်အင်း"

"ဒါဆို ဘယ်လို ပြောခဲ့လဲ"

"မပြောဘူး၊ သူက အကြာကြီး စဉ်းစားဦးမှာလားလို့မေးလို့ အင်းလို့ပဲ ဖြေခဲ့တယ်"

ရေချမ်းကိုက ညံ့ခြင်းဖြစ်သည်။

"ညိုက ရေချမ်းကို တကယ်စဉ်းစားပေးမှာလား"

"မသိပါဘူး မေဦးရယ်၊ လာမယ့် (၁၄)ဖေဖော်ဝါရီ ရက်နေ့ကျရင် ဘာရုပ်လေးရမလဲဘဲ ညိုက တွေးနေတာ၊ ရေချမ်းကိုတော့ ခင်တယ်၊ သံယောဇဉ် ရှိတယ်၊ အားနာတယ်"

"ချစ်တော့ မချစ်နိုင်ဘူးပေါ့"

"မချစ်နိုင်ချစ်နိုင် မဟုတ်ဘူး၊ ညို့မှာက ချစ်တဲ့သူ ရှိနေပြီပဲလေ"

မေဦး သက်ပြင်း ခိုးချမိသည်။ မတတ်နိုင်ပါ။ လူသားအားလုံးသည် ကိုယ့်စိတ္တဇကိုယ် ရှင်သန်နေကြခြင်း ဖြစ်သည်။

"ညို့ချစ်သူက တစ်သက်လုံး ညို့ကို အဝေးကပဲ ချစ်နေရင်ကော..."

"ညို့ထိုက်နဲ့ ညို့ကံပေါ့ မေဦးရယ်၊ ညိုတို့ နီးဖို့ကံမပါလို့နေမှာပေါ့"

ညို့မျက်နှာလေး ငေးရီသွားပြန်သည်။

စားပွဲပေါ်တွင် သပ်သပ်ရပ်ရပ် စီတင်ထားသော ထူးဆန်းသည့် အရုပ်ကလေးများ။ ညို့လက်မှာ စွပ်ထားသော ငွေချောင်းပြောင်လက်စွပ် ငါးကွင်း။ ထိုအရာများနှင့် သူ့အချစ်ကို ဖော်ညွှန်းနေပြီ ခုထိ ညို့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆောက်မလာသောသူသည် မည်သူများလဲ။ မေဦးပါ သိချင်နေတာကတော့ သေချာသည်။ ထိုသူ ညို့ရှေ့ ရောက်လာခဲ့လျှင်ကော...။ သေချာတာက တော့ ရေချမ်း ဒုက္ခရောက်မှာပဲ ဖြစ်သည်။

"အဂ္ဂမော်ဆိုတဲ့ လူကတော့ မေဦးနဲ့ ရေစက်ရှိပုံရတယ်နော်"

ငြိမ်သက်နေရာမှ ညို့က အစမရှိ အဆုံးမရှိ ပြောလာပြန်သည်။

"အာ...ဘာလို့လဲ ညို့ရဲ့"

"မေဦးနဲ့ တွေ့တွေ့နေလို့လေ"

"ကြုံကြိုက်တိုက်ဆိုင်တာ နေမှာပါညို့ရယ်"

"ဘာပဲဖြစ်ဖြစ် အဲဒီလူ ကံကောင်းပါတယ်"

"အလိုတော်...ဘာလို့လဲ"

"ဪ...သူ မေဦးကို တွေ့ချင်နေတာ တွေ့ရတာက်လို့လေ၊ ညို့မှာတော့ ညို့တွေ့ချင်တဲ့သူကို တွေ့ခွင့် မရှိဘူး"

စကားလမ်းကြောင်းက ပြောင်းသွားပြီထင်တာ။ ခုမှ တည့်တည့် ကြီးကို လာငြိနေတော့သည်။ ထုံးစံအတိုင်း မေဦးတို့ တိတ်ဆိတ်မှုတွေ ရှည်ကြာသွားစဉ်မှာပဲ ကျောင်းပြန်၊ ရုံးပြန်များတဖွဲဖွဲရောက်လာကာ ရေချိုး ခန်းလုရင်း မေဦးတို့ အိမ်လေးဆီ တချို့ရောက်လာကြကာ ပြန်စိုပြေ သွားတော့သည်။ ထိုညမှာတော့ မေဦးတို့က ညို့ကို စိတ်လည်မသွား အောင် လမ်းကြောင်းပေးရင်း ဟိုအကြောင်း ဒီအကြောင်း ရှာကြံပြောဆို ချယ်မောရင်း ညဉ့်နက်ခဲ့ရတော့၏။

မေဦးမှာတော့ ရင်တွေ မောကာ အိပ်မပျော်တော့။

✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



# [၅]

ညို့ကို အတိအလင်းဖွင့်ပြောပြီးတာကိုပင် လိုင်စင်တစ်ခု ရထားသည့်နှယ် ရေချမ်းက ရောဂါသည်းနေတော့သည်။ မနက်ဆို ဆိုင်မသောက်ခင် ဖုန်းလာနေပြီ။ နေ့လယ်ဆို ဆိုင်နှင့် သူ့ရုံးခန်းက နီး၍ တော်သေးသည်။ ထမင်းအတူလာစားတတ်သည်။ ညနေဆိုတစ်ခုခု ဝယ်ကြွေးသည်ပေးကာ ပြန်ပို့တတ်၏။

"ငါ ကားရောင်းလိုက်ရင် ကောင်းမလားမသိဘူး ရေချမ်း"

"ဟင်...ဘာလုပ်မလို့လဲ"

"ငါ့ကားက အသုံးမှ မလိုတော့တာ၊ အလှမွေးထားတဲ့ တယ်ရီယာတွေ အညောင်းမိမှာစိုးလို့ ထွက်ကျောင်းရသလိုပဲ၊ ငါ့ကား ငါ စက်နှိုးရ တစ်ပတ်ပတ်ပေးရ၊ ဆီထုတ်ရောင်းစားရနဲ့ အသော့်တို့ပျင်းလာပြီ"

ထိုအခါကျမှပင် မေဦးရွဲ့နေမှန်း ရေချမ်းက သဘောပေါက်သွားကာ...

"ငါ့လုပ်ရပ်က လွန်နေလို့လား"

"ဘုရားရေ...နင့်အတွက်တော့ မလွန်ဘူးပေါ့ ငါ့အတွက်က လွန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း...နင်က နင့်ကားနဲ့နင် သွား,ပြန်လေ"

"အောင်မာ...ညို့ကို တစ်ယောက်တည်း နင်နဲ့ မထည့်နိုင်ပါဘူး"

ထိုစကားကြောင့် ရေချမ်းက ဘာကို အဓိပ္ပါယ်ကောက်သည် မသိ။ မျက်နှာနီပြီး ဒေါသထွက်လာကာ...

"ငါက ညို့ကို ဘာလုပ်မှာမို့လို့လဲ၊ ညို့ကို နင်ချစ်တာထက် ငါက ပိုချစ်ပါတယ်"

"ဘာမှတော့ မလုပ်ဘူးပေါ့၊ အဲလို ထည့်ပေးလိုက်တော့ကော ညို့က လိုက်မယ်ထင်လို့လား"

"မထင်ပါဘူး"

"မထင်ရင် ပြီးတာပဲ"

"သာသနာ့ဖျက် ဝဋ်လည်မယ်"

"ဝေးသေး"

"မဝေးပါဘူး...ဟိုမှာလာပြီ"

ဆိုင်ထဲကို အဂ္ဂမော်က ဆိုက်ဆိုက်မြိုက်မြိုက် ဝင်ချလာသည်။ ရေချမ်းကို မြင်တော့...

"ဟာ...ကိုရေချမ်းရောက်နေတာကိုး"

"ဟုတ်တယ်...ကျွန်တော် နေ့လယ်ဆို ဒီမှာ ထမင်းလာစား တတ်တယ်"

"ဟာ...ဟုတ်လား။ ကျွန်တော်လည်း လာစားမှပဲ"

"လာလေ...ရတယ်။ ပျော်စရာကြီး"

နောက်ကနေ ခုမှ ထွက်လာသော ညို့က အဂ္ဂမော်ကို တွေ့ တော့ နှုတ်ဆက်ရင်း...

"စားပါဦး"

"စားပါ...နောက်မှ တကယ်လာစားပါ့မယ်၊ ခုဟာက..."



www.burmeseclassic.com

www.burmeseclassic.com



"ခု...ဘာလဲဟင်"

"ကျွန်တော့်ချိတ် ရပြီလားမသိဘူး၊ ၆ လ ပြည့်ပြီလေ"

"ဩော်...မေ့လို့ မေ့လို့၊ ဝေရေ...ဒီမှာ ညီ့လက်မအားလို့ အပေါ်က အံဆွဲကြီးထဲမှာရောက်နေတဲ့ ချိတ်နှစ်ထည် ချပေးဦး"

ညီကပဲ ဆိုင်ရှင်လို ပြောဆိုနေရ၍ ရေချမ်းက မေဦးကို မကျေမနပ်ကြည့်သည်။ နင်က ဘာလုပ်နေတာလဲဆိုသော သဘော။ မေဦး မမြင်ချင်ယောင် ဆောင်နေလိုက်သည်။ ညီက ရောက်လာသော ချိတ်များကို နှင်းပွင့်နှင့်ဝေအား ဖြန့်ပြစေရင်း...

"လှတယ်နော်...ကိုအဂ္ဂမော်"

"လှတယ်ဗျ"

"ရောက်တာ လေးငါးရက်ရှိပြီ၊ ညီ့ နေသိပ်မကောင်းလို့ မအားတာနဲ့ အကြောင်းမကြားဖြစ်တာ..."

ထိုစကားကြောင့် အဂ္ဂမော်က မေဦးဖက်လှည့်ကာ...

"မေဦးကကော"

"မေဦးက မေ့နေလို့"

မမေ့ပါဘူး။ တမင် ဖုန်းမဆက်ပေးခြင်းဖြစ်သည်။ ရေချမ်းကပါ ချိတ်ကို ကြည့်ရင်း...

"လှတယ်...ကိုအဂ္ဂ၊ ဘာအတွက်လဲ..."

"မင်္ဂလာဆောင်"

"ဗျာ...မင်္ဂလာဆောင် ဟုတ်လား။ ဘယ်သူလဲ ကိုအဂ္ဂလား"

အဂ္ဂမော်က ရှက်သလိုလို ရယ်ရင်း...

"ဟုတ်ပ...ကိုရေချမ်းရေ၊ ခုတော့ မဟုတ်ပါဘူး။ ကြိုစုထား တာ"

"ဗျာ...ကြိုစုထားတာ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

အဂ္ဂမော်က 'ဟုတ်တယ်'ဟုဆိုပြီး မေဦးကို တစ်ချက် ဖျတ်ခနဲ အဓိပ္ပါယ်ပါပါ လှမ်းကြည့်လိုက်သေးသည်။ ဒါကို အင်မတန်အကင်းပါးလှသော ရေချမ်းက မြင်ဖြစ်အောင် မြင်သွားရ၏။ အဂ္ဂမော် နှုတ်ဆက်ပြီး ပြန်သွားသောအခါ...

"မေဦး"

"ဘာလဲ"

"အဲဒီလူနဲ့ နင်က ဘာလဲ"

"ဘာမှ မဟုတ်ဘူး"

"ဘာမှ မဟုတ်ဘဲ ဟိုက ကြိုစုဆောင်းနေမလား"

အားလုံးက ရေချမ်းစကားကို ဝိုင်းရယ်ကြ၏။

"ဘာရယ်စရာလဲ...မရယ်နဲ့၊ ရေချမ်းအစုတ်က အဟုတ်ထင်နေဦးမယ်၊ ဟိုက သူယူမယ့်မိန်းမအတွက် သူ့ဟာသူ ကြိုစုတာ၊ ငါနဲ့ ဘာမှ မဆိုင်ဘူး"

"နင်နဲ့မဆိုင်ဘူး ဟုတ်လား"

"ဟုတ်တယ်"

"အောင်မာ...ငါ့ကို အဲဒီလို လိမ့်လို့ရမယ်ထင်လား မေဦး"

"ငါ ဘာလိမ့်လို့လဲ"

"ဟိုလူ နင့်ကို ကြည့်တဲ့ပုံက တစ်စက်ကလေးမှ မဆိုင်တဲ့ပုံ မပေါက်ဘူး၊ အရမ်းကို သက်ဆိုင်နေသလိုမျိုး ကြည့်တာ..."

"ဘယ်လို ကြည့်လို့လဲ၊ နင် ညို့ကို ကြည့်သလိုမျိုးလား"

မေဦးစကားကြောင့် တစ်ဆိုင်လုံး ဝိုင်းရယ်ကြသည်၊ ညိုကတော့ ရှက်သွားရကာ ထမင်းစားပွဲဆီ ပြန်ဝင်သွားသည်။

"နင်...ငါ့ကိုမရစ်နဲ့ မေဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ပြောင်းပြန်ကြီး၊ ခု လာရစ်နေတာက နင်လေ..."

"အေး...ငါက တာဝန်ရှိလို့ မေးရတာ"

"နင်က တာဝန်ရှိလို့ မေးပြီးပြီ၊ ငါကလည်း တာဝန်ရှိလို့ ဖြေပြီးပြီ၊ ပြီးပြီလေ"

"မပြီးသေးဘူး၊ ဒီလူ ဒီကို စလာတည်းက မသင်္ကာတာ၊ တိုတစ်ခါ ရန်ကင်းစင်တာမှာ ဆုံကြတာလည်း ငါက မသင်္ကာဘူး"

"ဒါ...နင်ခေါ်တဲ့ဆီ ငါလာတာလေ"

"ထားပါ"

"ဟင်...မသင်္ကာချင်းမသင်္ကာ ငါ့ကားကို သူကဝယ်၊ ငါကြိုက်ပါတယ်ဆိုတဲ့ကားကို ဈေးလျှော့ရောင်းကတည်းက မသင်္ကာဖြစ်ပါတော့လား၊ အဲဒီတုန်းကတော့ သူကသိပ်တော်ပြီး ဟိုက သိပ်ညံ့လို့ပဲ ဒီကားကို အချောင်ရလိုက်သလိုနဲ့ ခုမှ လာ မသင်္ကာဖြစ်နေတယ်"

နှင်းပွင့်တို့က ရယ်ကြပြန်သဖြင့် ရေချမ်း ပိုစိတ်တိုလာသည်။

"အဲဒီတုန်းက မသိလို့ပေါ့"

"ခုကော သိလို့လား"

"သိတယ်"

"ဘာသိတာလဲ၊ သူ့ဘာသာ ဘယ်မိန်းမနဲ့ယူဖို့ ဝယ်မှန်း မသိတဲ့ ဒိုတ်ကို အကြောင်းပြုပြီး ငါ့လာစွပ်စွဲနေတာ၊ ရတဲ့အမြတ်လေးနဲ့ အချောင်ရတာနဲ့တောင် မကာမိဘူး၊ အဟုတ်ပဲ"

ညီပြုပြန်ထွက်လာသည်။

"ကဲ...တော်ကြတော့။ ဒီမှာ ဟင်းတွေ အေးကုန်တော့မယ်"

ထိုအခါကျတော့လည်း ရေချမ်းက စောစောက ပြောခဲ့သော သူမဟုတ်သလို ညီ့အနားစွေ့ခနဲ ရောက်သွားတော့သည်။ ရေချမ်းတို့ အားလုံးစုကာ ထမင်းစားဖြစ်ကြသည်။ နှင်းပွင့်နှင့်ဝေဝေက သူတို့ချင်း

www.burmeseclassic.com



ကလေးများဖွင့်ကာ ဝိုင်းထိုင်စားပြီး လူလာလျှင် ဘရောင်းပေးတတ်သည်။

"ဒီမှာ..."

မေဦးက စကားမကျန်အောင် အစသိမ်းဖို့ တာဝန်ရှိနေသည် မဟုတ်လား။

"ဘာလဲ"

ရေချမ်းက သူ့နာမည်မပါသော်လည်း ဒီအသံ၊ ဒီဟန်က သူ့ကို ခေါ်တာမှန်းတော့ သိပုံရသည်။ သံပြတ်နှင့် ပြန်ထူး၏။

"စကားမကျန်အောင် ပြောရဦးမယ်"

ရေချမ်းက ဘာမှ ပြန်မပြော။ မျက်မှောင်ကြုတ်ကြည့်ကာ မေးသော ဆတ်ပြ၏။ 'ပြော'ဆိုသော အဓိပ္ပါယ်။

"စောစောက နင်ပဲ အဲ့ဒီလူကို ပြောလိုက်တယ်နော်"

"ဘာပြောမိလို့လဲ"

"ဒီမှာနေတိုင်း ထမင်းလာစားတတ်တယ်ဆိုတော့ ဟိုက လာစားမယ်လို့ပြောတော့ နင်ပဲ လာလာ...ပျော်စရာကြီးလို့ပြောလိုက်တာလေ"

မှတ်နေတာမို့ ရေချမ်း ဘာမှ မပြောသာ။

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ လာလို့က နင့်ဘာသာနင် ကြည့်ညှော်ခံ၊ ကျွေးမွေး၊ ငါတို့ကတော့ ကိုယ့်ဟာကိုယ်တောင် ဝယ်ခြမ်းစားသောက်နေရတာ မကျွေးနိုင်ဘူး"

"အဲဒါက ငါရှိတဲ့အချိန်လာတာ၊ ကိစ္စမရှိဘူး"

"ဟင်...နင်မရှိတဲ့အချိန်မလာဘူးလို့လည်း ငါက အာမခံ မပေးဘူးနော်"

"စကားထဲက ဇာတိပြလာပြီ"

ရေချမ်း၏ မကျေမနပ်ရှေ့တတ်သံက မေဦးကို အမှုက်ထိသွားစေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူပြောပုံက မေဦးကပဲ နန့်နန့်တက်ဖြစ်နေသလိုလို။ ပြန်ရှင်းပြနေလျှင်လည်း ရှင်းနေရတာကိုက သိက္ခာကျနေနိုင်ပြီမို့ မေဦး ထမင်းပွဲမှ ထ,ထွက်ခဲ့လိုက်သည်။

ကိုကိုက မေဦးကို ကြည့်ရှုစောင့်ရှောက်ထားဖို့ သူ့ကို မှာခဲ့တယ်လို့ ဘယ်သူကမှ နားလည်မပေးချင်ပါ။ မေဦးရင်ထဲမှာတော့ အလကားလာပြီး ဩဇာတွေပေးကာ သိက္ခာချနေသည်ဟုပဲ ထင်သည်၊ သူနဲ့သို့ကိစ္စကျတော့ မေဦးမှာ ညို့မှာ ချစ်နေသူရှိမှန်းသိသိကြီးနှင့် ကံကြမ္မာဖြင့် ပြောင်းလျှင် ဟူသော အတွေးနှင့် အလိုက်တသိကြီး ကူညီပေးခဲ့ရတာ။

မေဦးအတွင်းဘက်က အခန်းထဲဝင်ကာ ငြိမ်နေလိုက်တော့သည်။ ခဏနေကျ ရေချမ်းဝင်လာ၏။

"မေဦး"

"နင် ဘာလာပြောဦးမလို့လဲ"

"ငါ စောစောကပြောတာတွေ လွန်သွားရင် တောင်းပန်မလို့ပါ"

"လွန်သွားပြီးပြီ၊ ဘာလုပ်မှာလဲ၊ တောင်းပန်တိုင်း ကျေအေးလို့မရတာတွေ လောကမှာ အများကြီးပဲ"

"မဟုတ်ဘူး၊ ငါက ကိုနွေဦးမှာခဲ့တော့ နင့်ကို စိုးရိမ်လို့"

"အပိုတွေ လာမပြောနဲ့၊ ငါလည်း ဦးနှောက်နဲ့မိန်းမပဲ၊ ပညာလည်း တတ်တယ်၊ မျိုးရိုးလည်း ကောင်းတယ်၊ ခု နင် ငါ့ကိုလာပြောနေပုံက လမ်းဘေးက အပေါစားကျနေတာပဲ"

"ဟုတ်ပါပြီ၊ ဒါကြောင့် လာတောင်းပန်တာ"

"ဘာလဲ...ညှိုနှိုင်းလိုက်တာ မဟုတ်လား"

"တစ်ဝက်မှန်တယ်၊ တစ်ဝက်က ငါ့စိတ်နဲ့ငါ"

"စိတ်ချ...အဲဒီလူလာရင် ငါအတတ်နိုင်ဆုံး ရှောင်မယ်၊ နင်တို့ဘာသာ နင်တို့သာ ကြည့်ဆက်ဆံကြ"

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာ အဲလိုမဟုတ်..."

"ငါအဲဒီလိုပဲ နားလည်တယ်"

ရေချမ်း ခေါင်းခါကာ ထွက်သွား၏။

တကယ်တော့ 'အဂ္ဂမော်'ဆိုသော သူကို မေဦးက 'အဂ္ဂမော်' ဆိုသော နာမည်နှင့် အလုပ်ပဲသိသည်။ ကျန်တာ ဘာမှ မသိပါ။ ရေချမ်းက မေဦးထက်စာလျှင် 'အဂ္ဂမော်'အကြောင်း ပိုသိသူပဲ။ 'အဂ္ဂမော်' လည်း လမ်းဘေးက ကလေ ကချေမှ မဟုတ်တာ။ ကိုကိုရှိလျှင်ပင် မေဦးကို ဒီလိုဆူမှာ မဟုတ်။ မေဦးတို့ မောင်နှမက အသက်ချင်းသာကွာ သည်။ သူငယ်ချင်းတွေလိုပင် တရင်းတနှီး ပွင့်ပွင့်လင်းလင်း ဆက်ဆံကြ သည်။ လေးစားချစ်ခင်မှုက တစ်ကဏ္ဍလေ။

'ကိုကိုရေ မေဦးလေ...ကိုကိုကို အရမ်းလွမ်းတယ် သိလား'

တိုးတိုးကလေး ရေရွတ်ရင်းက မျက်ရည်တွေ ပေါက်ပေါက် ပေါက်ပေါက်ကျလာတော့သည်။ ခုတော့ လောကမှာ 'မေဦးမိုးစက်'ဆိုတာ တစ်ယောက်တည်းရယ်။ ကိုကို စိတ်ချထားခဲ့ပြီလား မသိ။

✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



# [၈]

ဒီနေ့ ကိုကိုဆုံးတာ (၈)လပြည့်သည့်အနေနှင့် ဘုန်းကြီးအပါး (၉၀)ကို ဆွမ်းကပ်ဖြစ်သည်။ ဘုန်းကြီးကျောင်းမှာပဲ ကပ်ဖြစ်သည်။ အဆောင်မှ လူများ၊ ဆိုင်မှ လူများနှင့် ကိုကို့ရုံးမှ လူတချို့သာ ဧည့်သည် အဖြစ်ပါကြသည်။

"ဟဲ့...မေဦး"

ဆွမ်းကပ်အပြီး မေဦး ဧည့်ခံနေစဉ်မှာပဲ မေဦးကျောင်းတုန်းက သူငယ်ချင်းကို တွေ့လိုက်ရသည်။ သူနှင့်မေဦးက ကျောင်းမှာ အလွန်ခင်ကြသည်။ ခုတော့ ကိစ္စရှိမှသာ တွေ့ကြတော့သည်။ ကိုကိုနှင့်လည်း သူ အတော်ခင်၏။

"ဟယ်...မင်းဇင်"

"နင် ဘာလုပ်နေတာလဲ မေဦး၊ အလှူလာတာလား"

"မဟုတ်ဘူး၊ ငါ ဆွမ်းကပ်တာ"

"ဘာအတွက်လဲ..."

"ကိုကိုဆုံးတာ (၈)လပြည့်လေ"

"အေးဟာ...ငါလည်း သတင်းစာထဲမှာ တွေ့တယ်၊ အဲဒီတုန်းက ငါက နယ်ရောက်နေလို့ဟ"

www.burmeseclassic.com

www.burmeseclassic.com



"ခုရော...နင်က ဒီကို ဘာလာလုပ်တာလဲ၊ လာလေ...ထမင်းဝင်စား"

"အေး...စားရက်ကြုံလို့ထင်တယ်၊ ငါတို့နယ်က ဘုန်းကြီးတစ်ပါး ဒီကျောင်းမှာ ရောက်နေတယ်ဆိုလို့ ငါ လာကြည့်တာ၊ အဲဒီဘုန်းကြီးက မနေ့ကဘဲ ဘုရားဖူးကြွသွားသတဲ့"

"ဒါဆိုလာ..."

ပြောပြောဆိုဆို မင်းဇင်ကို အတင်းဝင်ထိုင်ခိုင်းကာ ထမင်းကျွေးဖြစ်သည်။ မင်းဇင်က ရွှေဆိုင်ဖွင့်ထားသည်။ ပန်းတိမ်ဖိုလည်းရှိသူမို့ မေဦးတို့ လုပ်စရာရှိရင် သူ့ဆီမှာပဲ အပ်မြဲ။ ကိုကိုကလည်း မင်းဇင်ဆိုင်ကို အားပေးတတ်သူမို့ မင်းဇင်နှင့်က ပလဲနံပ သင့်လှသည်။

မင်းဇင်နှင့် စကားကောင်းနေဆဲမှာပဲ အဂ္ဂမော်ကို မြင်လိုက်ရသည်။

"မြတ်စွာဘုရား"

မေဦးက ယောင်ယမ်းကာ ဘုရားတတော့ မင်းဇင်က 'ဘာဖြစ်တာလဲ'ဟူသော အကြည့်နှင့် ကြည့်သည်။ 'အသာနေ'ဟု တိုးတိုးပြောပြီး မေဦး တစ်ဖက်လှည့်နေလိုက်သည်။ အဂ္ဂမော်ကို အပြေးအလွှားသွားကြိုသူက ရေချမ်း။ ဘာဇာတ်ညွှန်းတွေ ဖွဲ့နေပြန်ပြီလဲ မသိ။

"ဟဲ့...မေဦး"

"ဘာဖြစ်နေတာလဲလို့ မေးမလို့ မဟုတ်လား၊ ဘာမှ မဖြစ်ဘူး၊ ညော့်မခံချင်တဲ့လူ လာလို့"

"နင့်ဟာက ညော့်မခံချင်ဘဲများ ဖိတ်ထားရသေးလား"

"ငါ မဖိတ်ပါဘူး၊ သူ့ဘာသာလာတာ"

"ငါ့လို ကြုံလို့နေမှာပေါ့ဟာ...ကုသိုလ်ရပါတယ်"

"အဲဒီလူက ကုသိုလ်မရဘူးဟ၊ နင် နားမလည်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါ...ဒါနဲ့ ရေချမ်းဘေးက ကောင်မလေးက ဘယ်သူလဲ"

"ညိုလေ...နှင်းခက်ညိုတဲ့၊ ငါ့သူငယ်ချင်း"

မင်းဇင်က ညို့ကို လှမ်းကြည့်ကာ မှတ်ချက်ချ၏။

"လှတယ်၊ အဲဒီရေချမ်းနဲ့ မလိုက်ဘူး"

"နှင်လည်း မပြစ်မှားနဲ့၊ ညို့မှာ ချစ်သူရှိတယ်"

"ဒါနဲ့များ ရေချမ်းက ကပ်နေတယ်"

"အေးလေ...သူ့ကျသူများကို လိုက်ကပ်နေပြီး..."

မေဦးက စကားကို မဆက်ဘဲ ရပ်ထားသဖြင့် မင်းဇင်က...

"ဘာဖြစ်လဲ...ဆက်ပြောလေ"

"မပြောတော့ပါဘူး"

ထိုစဉ်မှာပဲ ညို ရောက်လာ၏။ ညို့ကို မင်းဇင်နှင့် မိတ်ဆက်ပေးလိုက်သည်။

"မေဦး"

"ဘာလဲ"

"ကိုအဂ္ဂမော်ကို လာညှော်ခဲ့ဦးလေ"

"ငါဖိတ်တာ မဟုတ်ဘူး"

"အင်းပါ...ရေချမ်းဖိတ်လိုက်တာတဲ့"

"ဟင်...သူက ဘာလို့ ဖိတ်ရတာလဲ"

"မနေ့က ပစ္စည်းတွေလှူဖို့ လိုက်ဝယ်ရင်း သူနဲ့တွေ့တာမို့ ဖိတ်လိုက်မိတာတဲ့"

"အဲဒါ ဘာဖြစ်လဲ"

"လာ...စကားပြောလေ၊ ဟိုက မေးနေပြီ"

"ငါ မအားဘူး၊ ဒီမှာ မင်းဇင်နဲ့က မတွေ့ရတာ ကြာပြီ စကားစမပြတ်ဘူးလို့ ပြောလိုက်"

www.burmeseclassic.com

ကြာင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



ညို ခေါင်းလေးကုတ်ကာ ထသွား၏။

"နင်က ဘာဖြစ်တာလဲ၊ သွားညှော်ခံလေ၊ ငါက အရေးမကြီးပါဘူး"

"သိတယ်၊ နင့်ကို အရေးကြီးတယ် ပြောမိလို့လား"

"မပြောပါဘူး၊ ဒါပေမဲ့ ညှော်သည်လေ..."

"နင် နားမလည်ပါဘူး"

"အေး...နားမလည်တာတော့ အမှန်ပဲ၊ ဟိုလူက နင့်ကို လှမ်းလှမ်းကြည့်နေတာ၊ ဘုရား...ဘုရား ကြာရင် ငါ့ကို စွပ်စွပ်စွဲစွဲ ရန်ရှာတော့မယ့်ပုံပဲ"

မင်းဇင်က အဂ္ဂမော်ကို ကြည့်ကာ စပ်ဖြဲဖြဲပြော၏။

"သူက အဲဒီလိုလူ မဟုတ်ပါဘူး၊ စိတ်ချနေပါ"

"အလဲ့...တယ်ဆိုတဲ့ စာပါလား"

မင်းဇင်ကပါ မေဦးကို မသက်သာသလို ကြည့်လာတာမို့ စကားစကို ဖြတ်ကာ...

"ဟဲ့...ဒီမှာ နင်လုပ်ပေးတဲ့ မြွေလက်စွပ်ငါးကွင်း၊ လှတယ်နော်"

"လှမှာပေါ့၊ ငါလုပ်ပေးတာပဲ"

"အံမာ...ကက်တလောက်ထဲကအတိုင်း လုပ်တာများ"

မေဦးလက်စွပ်ငါးကွင်းက လက်မ၊ လက်ညှိုး...လက်သန်းသေဖြင့် တစ်ချောင်းစီတွင် မြွေတစ်ကောင်ပတ်နေပုံမျိုးဖြစ်သည်။ သေးသေးလေးတွေမို့ အနုစိပ်လှသည်။ မျက်လုံးများကိုတော့ ပတ္တမြားသေးသေးလေးတွေ ထည့်ထားသေးသည်။

"ညော်...မေလို့"

"ဘာလဲ"

"နှင့်အစ်ကိုဆီက ငါ ကြွေးကျန်တာ နင့်ဆီပဲ ပေါင်းရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...ဟုတ်လား၊ ကြာလှပြီ၊ ငါ အားနာလိုက်တာ"

"ငါက အားနာတာ၊ သူလာပြီး ပစ္စည်းယူတုန်းက ငါမရှိတာနဲ့ ငွေမချေသွားရတာ၊ ဘောက်ချာက ရေးပြီးသား၊ ငါ့ဆီမှာ လက်ခံရှိတယ်၊ သူ့ဆီမှာ မူရင်းရှိတယ်၊ ငါ လက်ခံပို့ပေးလိုက်မယ်၊ နင် မူရင်းရှာလိုက်ပေါ့"

"အေး...ငါ အိမ်ပြန်ရှာထားပေးမယ်"

"ဟင်...နင်က ခု အိမ်မှာ မနေဘူးလား"

"ဟင့်အင်း...ကိုကိုဆုံးပြီးတည်းက ငါ အဆောင်မှာ ညီ့နဲ့နေတာ"

"ဩော်...ဒါကြောင့် ငါ ဖုန်းခေါ်မရတာကိုး"

တမင်တကာပင် မင်းဇင်နှင့် ထွေရာလေးပါးပါးမက ပြောနေလိုက်ဖြစ်သည်။ ကျောင်းတုန်းက သူငယ်ချင်းတွေအကြောင်း၊ အလုပ်အကြောင်း၊ စုံစုံလင်လင်ပင်။ စကားကောင်းနေလိုက်ကြသည်မှာ အဂ္ဂမော် ဘယ်အချိန်က ထပြန်သွားမှန်းပင် မသိလိုက်။ ရေချမ်းကတော့ ထိုအတွက် မေဦးကို အပြစ်တင်စကားတစ်ခွန်းမှ လာမပြောပါ။

အဆောင်ပြန်ရောက်မှ ညီ့က...

"မေဦး"

"ဟင်"

"မင်းဇင်နဲ့ မေဦးက ငယ်သူငယ်ချင်းတွေလား"

"အင်းလေ...ကိုကိုနဲ့လည်း ခင်ကြတယ်"

"ကိုအဂ္ဂမော်က မေဦးကို လှမ်းလှမ်းကြည့်နေတာ"

ရေချမ်းကကော...ဟု မေဦး မမေးတော့ပါ။ ညီ့သည် ရေချမ်းလူမှု မဟုတ်ဘဲ၊ ညီ့ကတော့ ရိုးသားအားနာတတ်သူပီပီ အလ[illegible]ချင်း ကိုအဂ္ဂမော်ကို အားနာနေပေလိမ့်မည်။ မေဦးလည်း [illegible]နာသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုယ့်သိက္ခာက ပိုအရေးကြီးနေသည်မဟုတ်ပါလား။ မေဦးက ဘာမှ ပြန်မပြောသဖြင့် ညိုက...

"မေဦး"

"ဟင်"

"ညို့ကို စိတ်ကောက်နေလားဟင်"

"အာ...မဆိုင်လိုက်တာ၊ ဘာလို့ကောက်ရမှာလဲ"

"ညို့နားမှာ ရေချမ်းက လာနေ,နေတာ၊ ညိုက နေတာမဟုတ်ဘူးနော်"

ညိုက ရှင်းပြနေပြန်သည်။ အရေးထဲ။

"မေဦးသိပါတယ်၊ ခုဟာက ညိုနဲ့ဘာမှ မဆိုင်ဘူး"

"ရေချမ်းကြောင့်လား၊ ရေချမ်းက မေဦးကို မတောင်းပန်ဘူးလားဟင်"

"တောင်းပန်တိုင်း တချို့ကိစ္စတွေက ကျေနပ်လို့မရဘူး ညို"

မေဦးစကားကို ညိုက မျက်လုံးအဝိုင်းသားလေးနှင့် နားထောင်လေသည်။ ပြီးမှ...

"ဒါဆိုရင် ကိုအဂ္ဂမော်ကိုကော မေဦး ဘယ်လို သဘောထားလဲ"

"ဘယ်လိုသဘောထားရမှာလဲ၊ ဘာမှမှ မဟုတ်တာ၊ ဘယ်လိုမှ သဘောမထားပါဘူး"

"မဟုတ်ပါဘူး၊ ကိုအဂ္ဂမော် မေဦးဆီ လာ,လာနေတာ အသိသာကြီး ဒီနေ့ ပိုသိသာတယ်"

"ဘာသိသာတာလဲ"

"မေဦးကို မင်းဖင်နဲ့ မနာလိုနေတာလေ"

"အဲဒီမျက်နှာသေကြီးကို ညိုက ဖတ်တတ်တယ်"

"အမလေး...အဲဒီမျက်နှာက ဒီနေ့ မသေဘူးရှင့်၊ ရှင်လိုက်တာမှ



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ဖျတ်ကို လက်လို့"

ညိုက ဒီလိုကျတော့လည်း စကားအတတ်သား မေဦး မနေနိုင်ဘဲ ရယ်လိုက်မိသည်။

"အဲလိုရယ်ပါ မေဦးရာ၊ ညိုကလေ ကျန်းမာရေးနဲ့ စိတ်ပျော်ဖို့ကလွဲရင် ဘာမှ မမက်မောဘူးသိလား။ ဒါကြောင့် မေဦးကိုလည်း ပျော်နေစေချင်တယ်၊ ညိုလည်း ပျော်ချင်တယ်လေ"

"ညို ခုရော ပျော်လို့လား"

"အဆောင်မှာ နေရတာရယ်၊ ဆိုင်မှာနေရတာရယ်၊ ပျော်ပါတယ်၊ တစ်ခုပဲ"

တစ်ခုပဲ ဟုဆိုကာ ညို စကားကို ရပ်ထားသော်လည်း မေဦးက ရိပ်မိပါသည်။ ရေချမ်းလာလျှင်တော့ စိတ်ကျဉ်းကြပ်မှာပေါ့။

"မေဦး သိပါတယ်"

"အင်းနော်၊ ညိုလည်း ရေချမ်းကို အားနာပါတယ်၊ ဒါပေမဲ့ သူ့ကို ကြည့်ပြီး မမြင်ဘူးတဲ့လူတစ်ယောက်ကို သတိရနေတာက ခက်တယ်"

"အင်း..."

"မေဦး"

"ဟင်..."

"ညိုလေ...အဲဒီလူကို တွေ့ရရင် ပျော်မှာပဲထင်တယ်နော်"

"သေချာတာပေါ့"

"သူ ဘာဖြစ်နေနေ ညိုချစ်တာ လျော့သွားမယ် မထင်ဘူးသိလား"

"အင်း..."

"အကယ်၍များ သူ့ဆီက ဘာမှ ထပ်ရောက်မလာတော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လေ…"

မေဦးမျက်လုံး ပြူးသွားမိသည်။ မေဦးတစ်ခါမှ ထိုသို့ တွေး မထားမိပါ။

"အာ…ညီကြလဲ"

"ဟုတ်တယ်၊ ဘာမှ ထပ်မရောက်လာရင် ညီတော့ ဒုက္ခပဲ သိလား"

"ဘာလို့ ဒုက္ခရောက်မှာလဲ ညီရာ"

"ညီသေမှာ"

"ဘုရား…ဘုရား"

မေဦး ထုံးစံအတိုင်း ဘုရားသာ ဖိတတော့သည်။ ဘာမှလည်း မပြောတတ်တော့။ (၁၄) ဖေဖော်ဝါရီ ရက်နေ့ ရောက်ဖို့က သုံးလလောက် တော့ လိုသေးသည်။ ဒီကြားထဲ မေဦးတစ်ခုခုတော့ ညီ့အတွက် ကြံစည် ထားမှ ဖြစ်ပေလိမ့်မည်။ ခက်တာက ထိုသူ ဘာမှလာမပို့ခဲ့လျှင် ထိုသူ့ ကိုယ်စား မေဦး ဘာတစ်ခုပေးရမည်မှန်း မသိခြင်းပင်။ card က ဆင်တူရှာလို့ ရတယ်ထားဦး ၆ နှစ်မြောက်အတွက် ဘာ ၆ ကောင် ရှာပေးရမှန်း မေဦး မသိ။ ထိုအရုပ်ကလေးတွေမှာ လျှို့ဝှက်ချက်တစ်ခုတော့ ရှိရမည်။ အရုပ်ကလေးများကို ညီမသိအောင် လှမ်းကြည့်မိသည်။

A patridge in a pear tree

Two turtle doves

Three French hens

Four Collie birds

Five Golden Rings

နာမည်လေးတွေက ရွတ်လို့တော့ အတော်ကောင်းတာ သိသာ သည်။ ပြောင်းပြန် ပြန်ရွတ်ကြည့်တော့ ပိုလို့တောင် ရွတ်လို့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



နေသေးတော့သည်။

Five Golden Rings

Four Collie birds

Three French hens

Two turtle doves

A patridge in a pear tree

တစ်ခုခုတော့ တစ်ခုခုပါပဲ။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



# [၅]

မေဦးဘဝတွင် လုံးဝ အကျိုးမပေးသော ဂဏန်းများ ရှိနေသည်ဟု မေဦး လက်ခံထားခဲ့သည်။ ကိုကိုဆုံးပြီးချိန်က စလို့ပေါ့။ မေဦး အသက်(၈)နှစ်၊ (၁၃)နှစ်၊ (၂၂)နှစ်များတွင် မေဦးချစ်သော မိသားစုတစ်ဦးစီနှင့် မေဦး ခွဲခွာခဲ့ရဖူးသည်။ အယူသည်းခြင်းမဟုတ်သော်လည်း မေဦး ထိုဂဏန်းများကို ရွံ့ကြောက်နေသည်ကတော့ သေချာသည်။ ဘာမှ မစွမ်းတဲ့ ဂဏန်းလုံးကလေးတွေကို ကြောက်တယ်ဆိုတော့လည်း လူရယ်စရာပေါ့။ သို့သော် တချို့သော အရာများသည် ကိုယ်တိုင်ကြုံမှ လက်ခံနားလည်နိုင်ကြသော အရာများဖြစ်သည်။

ယနေ့သည် ဒီဇင်ဘာလ (၁၃)ရက်နေ့ဖြစ်သည်။

မေဦး အိပ်ရာမှပင် မနိုးသေး။ မကောင်းဆိုးဝါးများက အလုပ်စနေကြပြီ။

"မေဦး...မေဦး"

အပြင်မှ တံခါးခေါက်သံ ခေါ်သံကြောင့် မေဦးရော ညီမှုပါ အလန့်တကြား ထခဲ့ရသည်။

"ဘာလဲ...အန့်တီ၊ ဘာဖြစ်လို့လဲ"

"အာ...အိပ်တုန်းလား၊ အန့်တီက မသိလို့၊ ဒီမှာ လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က စာလာပေးသွားလို့လေ''

''မေဦးကို''

''အင်း...ဟုတ်တယ်၊ မေဦးမိုးစက်လို့ ရေးထားတာပဲ၊ ကဲကဲ...ပြန်အိပ်ရင် အိပ်ကြဦး၊ အန်တီသွားမယ်''

အန်တီမြတ်မွန် ပြန်ထွက်သွားတော့မှ မေဦးစာကို သေချာကြည့်ရသည်။ စာအိတ်က ရိုးရိုးလေယာဉ်စာအိတ်အညှံ့စားဖြစ်သည်။ ပိတ်ထားပုံက Stepler နှင့် ၂ ချက် ချုပ်ထားခြင်းဖြစ်၏။

မေဦး ပင်များကို ဆွဲခွာလိုက်သည်။

ညိုကတော့ မေဦးကို အိပ်ချင်မူးတူးဖြင့် ကြည့်နေသည်။

အထဲမှာ စာရွက်ကလေးတစ်ရွက်မှအပ ဘာမှ မပါပါ။

မေဦး တုန်လှုပ်ခြောက်ခြားသွားကာ စာအိတ်ကို ကပျာကယာ ပြန်သိမ်းလိုက်သည်။

ညိုက...

''ဘာစာလဲဟင် မေဦး''

ဒါက မေးနေကျပင်၊ ညိုက စပ်စုတတ်သူမဟုတ်။ တစ်ယောက်နှင့်တစ်ယောက် အတူနေလာတာကြာပြီမို့ မေးရိုးမေးစဉ် မေးလိုက်ပုံမျိုး။

မေဦးပုံစံက ဖျတ်ခနဲ ညိုးသွားသလိုဖြစ်ပြီးမှ ညိုကို ရယ်ပြကာ...

''ဟဲဟဲ...ကြွေးတောင်းဘောက်ချာလေ ညိုရဲ့၊ စောစောစီးစီး ကျတ်သရေမရှိ သိလား''

စောစောက စာရွက်ပုံကလေးက ဘောက်ချာစာရွက်တစ်ရွက်နှင့် အနီးစပ်ဆုံးတူတာတော့ ညို လက်ခံပါသည်။ သို့သော် ဘယ်လိုလူဆိုက မေဦးဆီက ကြွေးတောင်းပြီး မေဦးက ဘာလို့ မျက်နှာပျက်သွားရသည်ဆိုတာကို ညို စဉ်းစားမရ။ ညိုသိသလောက် တော်ဝင်သူ၏ ကုန်ပစ္စည်းကြွေးများ ပေးစရာမရှိ။ မေဦးကလည်း သူများဆီက ဘာမှ ကြွေးယူတတ်သူ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ တစ်ခုခုမှားနေတာကတော့ သေချာပါသည်။

ညို ဘာမှ ဆက်မမေးတော့။

မျက်နှာသစ် ရေချိုးရန် ပြင်လိုက်သည်။ ရေချိုးခန်းထဲ မဝင်မီ ခြောက်ခြောက်ကပ်ကပ်နိုင်လွန်းသည်ဟု ထင်ကာ ရေဒီယိုဖွင့်ခဲ့လိုက်သည်။ ရေဒီယိုမှ လာနေသည်က music now to nine ညို ရေချိုးခန်းထဲ ဝင်သွားတော့ မေဦး ညှော်ခန်းမှာ ကျန်ခဲ့သည်။

တစ်စုံတစ်ခုကို တွေးတောနေမိကာ မေဦး ငြိမ်သက်နေမိသဲ မှာပဲ...

"On the first day of X'mas my true love sent to me, A patridge in a pear tree.

On the second day of X'mas my true love sent to me, two turtle brids and a patridge in a pear tree.

On the thirds day of X'mas my true love sent to me, three french hens, two turtle doves and a patridge in a pear tree.

On the fourthday of X'mas my true love sent to me four collie birds, three french hens, two turtle doves and a patridge in a pear tree.

On the fifth day of X'mas my true love sent to me .

Five Golden Rings

Four Collie birds

Three French hens

www.burmeseclassic.com

www.burmeseclassic.com



Two turtle doves

And a patridge in a pear tree.

'မြတ်စွာဘုရား'

မေဦး ဘုရားတမိသည်။ X'mas အချိန်နီးပြီမို့ ရေဒီယိုမှာ X'mas သီချင်းတွေ ကြိုကြားလာနေတာက မဆန်းပါ။ ဆန်းနေတာက သီချင်းလေး ဖြစ်သည်။ ညို့အရုပ်ကလေးတွေပါသော သီချင်းလေး...။

Six geeses are laying

Seven swans are swimming

Eight maids are milking

Ninc ladies dancing

Ten lords are leaping

Eleven pipers piping

Twele drummers drumming.

သီချင်းလေးက မြူးကြွနေသည်။ ပျော်စရာလေးပါ။

မပျော်နိုင်တာက မေဦးဖြစ်သည်။ ရေချိုးခန်းထဲမှ ရေတဝုန်းဝုန်းနှင့် ညို ဘာမှ မကြားနိုင်မှာသိလျက်က မေဦး ရေဒီယိုလေးကို တိုးပစ်လိုက်သည်။

ဘာဖြစ်လို့ တိုးမိတာလဲ၊ ဘာလို့မကြားစေချင်တာလဲဟု မေးလျှင် မေဦး ဖြေတတ်ပါ့မလား မသိ။ ဒါဆို ဒီနှစ်ရမယ့်လက်ဆောင်က ငန်းကလေး (၆)ကောင်ပေါ့။ လျှို့ဝှက်ချက်၏ အဖြေကို သိလိုက်ရပြီမို့ ညို့အတွက် စိုးရိမ်မှုပြေကာ အမုန်တကယ်က မေဦးပေါ့ပါးသွားရမှာ ဖြစ်သည်။ ခုတော့ မေဦးစိတ်တွေ ပို၍ လေးလံလာသော မေဦးပဲ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့...မေဦး၊ ညို့ပြီးပြီ ရေချိုးတော့၊ တော်ကြာ ဆိုင်မှာ ဝေတို့ချည်း ဖြစ်နေဦးမယ်"

ညိုသတိပေးမှ မေဦး မထချင်, ထချင်နှင့် ရေချိုးခန်းထဲ ဝင်ခဲ့လိုက်သည်။ မေဦးကို ကြည့်ကာ ညိုကတော့...

'မေဦး ဘာဖြစ်သွားလဲ မသိဘူး'

ဟု ခပ်တိုးတိုး ရေရွတ်လိုက်မိကာ စောစောကစာကို သဲသဲယ ပိုဝင်ချင်သွားရတော့သည်။ ခက်တာက ထိုစာကို မေဦးဘယ်မှာ သိမ်းလိုက်မှန်း ညိုမသိခြင်းပင်။ မေဦးအခန်းထဲ ဝေ့ကြည့်တော့ မတွေ့။ စားပွဲပေါ်မှာ ဖြစ်သလို ပစ်တင်ထားသော မေဦး၏ မြွေလက်စွပ်လေးငါးကွင်းကိုသာ တွေ့ရသည်။

မြမွန်စာပေ

'ကြံကြံဖန်ဖန် မေဦးရယ်'

ညိုက မြွေကလေးများကို ကြည့်ကာ တစ်ကွင်းချင်းထက်မှာ စွပ်ကြည့်လိုက်သည်။

"ဟောတော့...အတော်ပဲ"

တအံ့တဩ သဘောတွေကျသွားရကာ လက်စွပ်များကို ပြန်ချွတ်ထားခဲ့ပြီး အဝတ်အစားလဲနေလိုက်သည်။ မေဦးထွက်လာတော့ တစ်ဘက်ခန်းကို လှမ်းအော်ပြောလိုက်မိသည်။

"မေဦးရေ"

"ဧ..."

"မေဦး မြွေကလေးတွေလေ သိလား"

"အင်း"

"ညိုနဲ့အားလုံး အတော်ပဲ သိလား"

"..."

မေဦးထံမှ အသံမကြား၍ ညို ထပ်ပြောရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိလား...လို့"

ထိုအခါကျမှ မေဦးက ကပျာကယာနှင့်...

"အင်းအင်း...သိတယ်၊ ညိုကြိုက်ရင် ယူဝတ်လေ"

"ဟင့်အင်း...ဝတ်ပါဘူး၊ ညိုက ညို့လက်စွပ်ပြောင်ကွင်းလေး တွေပဲ ကြိုက်တယ်၊ အဆိပ်ကင်းတယ် သိလား"

မေဦးတို့ဆိုင်ရောက်ပြီး မကြာမီမှာပင်...

"ညို"

"အင်း...ဘာလဲ မေဦး"

"မေဦး အပြင်ခဏသွားဦးမယ်"

"ဘယ်သွားမှာလဲဟင်"

"ကြွေးသွားပေးရမယ်လေ ညိုရဲ့"

မေဦးက ရယ်ကာမောကာပြောရင်း ထွက်သွားတော့သည်။ ဒီနေ့ ရေချမ်းလာမခေါ်၍ မေဦးကားပါလာ၍ တော်သေးသည်။ မေဦးထွက်သွား ပြီး မကြာမီမှာပင် ရေချမ်းရောက်လာသည်။ ရေချမ်းက ဒီနေ့အိမ်က ထည့်လာသော ထမင်းချိုင့်နှင့်။

"ညို မေဦးရော"

"ပိုက်ဆံသွားရှင်းစရာရှိလို့...လို့ပြောတာပဲ"

"အင်းအင်း..."

ရေချမ်းက ဘာမှ ဆက်မမေး။ ညိုကသာ မနေနိုင်စွာ ပြောရ၏။

"ရေချမ်း"

"ဟင်...ညို ဘာလဲ"

"မနက်က မေဦးဆီ စာတစ်စောင်ရောက်တယ် သိလား"

"ရည်းစားစာလား"

ရေချမ်းက ပေါ့ပေါ့ပါးပါးပင် ပြန်နောက်နေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မသိဘူး ရေချမ်းရဲ့၊ အဲဒီစာဖတ်ပြီးကတည်းက မေဦး မျက်နှာမကောင်းဘူး"

"ဘာစာလဲလို့ ညီဂုက မမေးဘူးလား"

"မေးတယ်"

"ဘာတဲ့လဲ"

"ကြွေးတောင်းဘောက်ချာတဲ့"

"ဒါဆိုလည်း ပြီးတာပဲ ညီဂုရဲ့"

"မပြီးဘူး၊ ဘောက်ချာတစ်စောင်နဲ့ မေဦးက မျက်နှာမကောင်း ဖြစ်ပါ့မလား"

ရေချမ်းပါ ညီဂု့စကားကြောင့် တွေဝေသွားရကာ...

"ညီဂုက ဘာထင်လို့လဲဟင်"

"ညီဂု မထင်တတ်လို့မေးတာ"

"ကိုအဂ္ဂဆီက စာများလား"

ရေချမ်းအမှတ်တမဲ့ ရေရွတ်ကာမှ ညီဂု မျက်လုံးဝိုင်းသွားရ၏

"အဲ...ဟုတ်နိုင်တယ်နော်၊ ရေချမ်းရယ် မေဦးကို သိပ်ပြီး အနိုင် မကျင့်ပါနဲ့၊ ဆူလည်း မဆူပါနဲ့"

"ဟင်...သူက ပြောင်းပြန်ကြီး၊ သူ့သူငယ်ချင်းဘက်က ကိုယ်တာ တာဝန်ရှိလို့ အစ်ကိုတစ်ယောက်ကိုယ်စား ဆူရတာ၊ ဘယ်ဆူချင်မလဲ"

"ရေချမ်းက မေဦးကို ကိုအဂ္ဂမော်နဲ့ သဘောမတူလို့လား"

"ဘာမတူစရာရှိလဲ ညီဂုရဲ့"

"မတူစရာမရှိရင်လည်း အောင်သွယ်ပေးလိုက်လေ၊ မေဦးရော ကိုအဂ္ဂရော သနားပါတယ်"

ညီဂု့စကားကြောင့် ရေချမ်း တဟားဟား ထရယ်ကာ...

"ကိုအဂ္ဂဘက်က ထားပါတော့၊ ညီဂု့မေဦးကကော ကိုအဂ္ဂကို



www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားလို့လား''

"အသေအချာတော့ မပြောနိုင်ဘူး၊ ထင်တာပြောတာ၊ မနက်က စာက ကိုအဂ္ဂစာဖြစ်လို့သာ မေဦး မျက်နှာမကောင်းတာ နေမှာပေါ့''

"မေဒင်ပေါ့စားပါလား''

ညို့တွက်ချက်မှုကို ကြည့်ကာ ရေချမ်းက ကျီစယ်တော့ ညိုက အဟုတ်ထင်ကာ...

"သူ့ဌေးဖြစ်မှာပဲ စံဇာဏီဘိုတို့လို''

...ဟု ပြောကာ ရယ်နေလေသည်။

တစ်ခါတစ်ခါတော့ လောကတွင် တွက်ချက်မှု လွဲချော်မှားယွင်းနေခြင်းကပင် စိတ်ပြေရာဖြစ်နိုင်သည်ပဲ။ မှန်ကန် သေချာခဲ့လျှင်ကော ဘာတွေ ဖြစ်လာမှာလဲ မသိ။

✿✿✿✿✿


www.burmeseclassic.com

www.burmeseclassic.com



# [၁၁]

ဘယ်လိုမှ ထွက်ပြေးလို့မရအောင် ရေချမ်းက အဂ္ဂမော်ကို ထမင်းစားချိန်တစ်ရက်မှာ ရက်ရက်ရောရောကြီးကို ခေါ်လာလေသည်။ သူချစ်သော 'ညို့'၏ တောင်းဆိုမှုကြောင့်လား၊ ကိုအဂ္ဂ၏ ကြိုးစားမှုကြောင့်လား၊ မှုပျက်ချင်နေသော မေဦးကြောင့်လားဆိုတာကိုတော့ ရေချမ်းကိုယ်၌မှသာ သိပေလိမ့်မည်။

"ကိုအဂ္ဂ...လာ ထိုင်၊ ဒါက...ကျွန်တော့်အမေလက်ရာတွေ၊ ကျန်တာကတော့ ဒေါ်မေဦးနဲ့ ညိုတို့ရဲ့ လက်စွဲတော် ထမင်းဆိုင်က ဟင်းတွေပဲ"

"ကျွန်တော်က ဘာမှ ပါမလာဘူး၊ တစ်ခုခု သွားဝယ်လိုက်မယ်လေ၊ မေဦး ဘာစားချင်လဲ"

အရေးထဲမှာ သူက ရေချမ်းကို အားကျကာ မေဦးကို တည့်တည့်ကြီး လာဂရုစိုက်ပြနေသေးသည်။ မေဦးက ရေချမ်းကို လှမ်းကြည့်တော့ ရေချမ်းက မသိုမသဲ့နှင့် မျက်စိမှိတ်ပြတာမို့ မေဦး မျက်စောင်းထိုးပစ်လိုက်ရင်း...

"တော်ပါပြီ...ကိုအဂ္ဂရယ်၊ မေဦး ဘာမှ မစားချင်ဘူး၊ ဒါတွေပဲ ကုန်အောင်စားရအောင်၊ ဘာမှ ပါမလာလို့ အားနာမနေနဲ့ ရေချမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံးရှိတယ်''

မဦး၏ အငေါ်တစ်ဝက်ပါသော စကားကြောင့် ရေချမ်းက မျက်နှာကို မဲ့ပစ်လိုက်ကာ အဂ္ဂမော်ကတော့...

''အာ...မဦးတို့က ကျွေးချင်တာမဟုတ်ဘူးပေါ့၊ ရေချမ်းကျွေးတာလို့ ဆိုလိုတာလား''

ဒုက္ခပဲ၊ ဒီပုဂ္ဂိုလ်က စကားပြောလိုက်လျှင် ထရိုက်ချင်စရာချည်း။ ပြီးလို့ မျက်နှာကြည့်လိုက်လျှင်တော့ မင်သေသေလေးနှင့်။ သူပြောတာဟု လုံးဝ မထင်ရအောင် ဘဝပေးကုသိုလ် ကောင်းရှာသည်။

ညိုက ကယ်တင်ရှင် ဝင်လုပ်ရှာ၏။

''မဟုတ်ပါဘူး၊ ညိုတို့ကလည်း ကျွေးချင်ပါတယ်၊ နော့...မဦး''

''ဒါပေါ့ Customer ဆိုတာက လက်လွှတ်မခံသင့်ဘူး မဟုတ်ဘူး''

မဦးစကားကြောင့် အားလုံးရယ်ဖြစ်ကြသည်။

ရေချမ်းအမေချက်သော ဟင်းများကတော့ ထုံးစံအတိုင်း အစပ်အမွှေး၊ အပူလျှော့ ညို့အတွက်ဟင်းများ။ မဦးက မိန်းကလေးပီပီ အစပ်ကြိုက်သူမို့ ဆိုင်မှ မဦးယူထားသည့်ဟင်းများက စပ်စပ်၊ ပူပူများ။ ငါးပိရည်၊ တို့စရာများ။ ကျေးဇူးရှင် အဂ္ဂမော်က ငါးပိရည်၊ တို့စရာလုံးဝ မစား။ သူက အိမ်ရှင်လိုလို တပြုံးပြုံးနှင့် မဦးကို ဟင်းပြန် ထည့်ပေးနေတာမို့ မဦး စိတ်ကျဉ်းကြပ်လာကာ အနားရှိ ငါးပိရည်တစ်ဇွန်း ခပ်ကာ ထည့်ပေးလိုက်၏။

''စားကြည့်စမ်း ကိုအဂ္ဂ၊ ဒါ တောကလာတဲ့ သုံးဦးစပ် ငါးပိလေ၊ သေသေချာချာ ငါးရံ့မီးဖုတ်၊ ရှောက်သီးစိမ်း၊ ကြက်သွန်ဖြူနဲ့ ထောင်းနှံ့ထားတာ''

ငါးပိရည်ကို ကြိတ်မှိတ်စားရင်းက မဦးပန်းကန်ထဲ သူ့ဟင်းဇွန်း

www.burmeseclassic.com



များ ရောက်ရှိမလာတော့။ ထမင်းစားပြီးတော့လည်း တော်တော်နှင့် ထ မပြန်သေးဘဲ ရေချမ်းနှင့်စကားကောင်းနေကြပြန်သည်။

"ညို့" •

"ဟင်"

"ဒီနှစ်ယောက်က အလုပ်ကော လုပ်စားကြဦးမှာလားဟင်"

ညို့က တခွိခွိကြိတ်ရယ်၏။ သူတို့ပြန်သွားတော့မှ မေဦးက ညို့ကို မေးရတော့၏။

"ညို့ရေ"

"အင်း"

"ရွှေရေချမ်းက ဘာတွေ ကြိတ်ကြိတ်နေပြန်လဲ"

"ဘာကြံလို့လဲ"

"ကြံလို့သာ အဂ္ဂမော်ဆိုတဲ့လူကို အတင်းမကြုံကြုံအောင် ခေါ်လာလား ခေါ်လာရဲ့၊ အလှူကို သူ့အလှူလိုလို ဖိတ်လားဖိတ်ရဲ့၊ အပြင်မှာလည်း တစ်တွဲတွဲလို့ကြားတယ်၊ ဘာတွေလုပ်နေမှန်း မသိဘူး"

ညို့က အသာအယာလေး ပြုံးကာ...

"သူ မေဦးကို အဲဒီလူနဲ့ ကြည်ဖြူလို့ နေမှာပေါ့"

"အစကတော့ တစ်မျိုး"

"အင်း...ခုတစ်မျိုးပြောင်းသွားလို့ နေမှာပေါ့"

"သူပြောင်းတိုင်း မေဦးက ပြောင်းရမှာလား"

"အင်းလေ"

အလကားနေ လိုက်ထောက်ခံနေသော ညို့ကို ကြည့်ကာ မေဦး ရယ်ရသေး၏။ မေဦးရယ်တာကို ကြည့်ပြီး ညို့ မေ့သည်။ မေဦးမျက်နှာလေး ညှိုးနေတာ ကြာပြီ မဟုတ်လား။ ခုလို ပြုံးလာတော့ နှစ်မှတ်ခန့်ပင်ရှိဦးမည်။ မင်းဇင်နှင့်တော့ ကိစ္စရှိလို့ဟုဆိုကာ ဒီရက်ပိုင်း

www.burmeseclassic.com



အတွင်း နှစ်ခါသုံးခါ တွေ့ကြတာတော့ ညို သတိထားမိသည်။ တွေ့တိုင်း ညို့ကို မခေါ်။ မေဦးအပြောကတော့ မင်းဇင်က ညို့ကို စိတ်ကူးယဉ်နေ၍ ဟု ဆိုသည်။ ဒါတွေကို ညိုက စိတ်မဝင်စားပါ။ ချစ်သော မေဦးပျော်ဖို့ ပဲ စိတ်ဝင်စားပါသည်။

ညနေ အခေါက်ရောက်ပြီး မကြာခင်မှာပင် မင်းဇင် ရောက်လာ ပြန်သည်။ 'ညှော်သည်'ဆိုတော့ ထုံးစံအတိုင်း ရေချမ်းပဲ ထင်ကာ နှစ်ယောက်လုံး ထွက်လာကြပြီးမှ မင်းဇင်ဖြစ်နေသည်။

"ဟဲ့...နင်မှာထားတာရပြီ သိလား"

"နင်ရှာဝယ်တာလား၊ လုပ်တာလား"

"လုပ်တာ"

"အေး...ကျသင့်သလောက် bill ပို့လိုက်၊ ထုံးစံအတိုင်းပေါ့၊ ပစ္စည်းတော့နောက်မှ ယူမယ် သိလား။ လောလောဆယ် နင်ပဲ မပျောက် အောင် သိမ်းထားနော်"

"အေးပါ"

"ဒါဆို သွားတော့"

သူတို့ပြောတာ ညိုဘာတစ်ခုမှ နားမလည်ပါ။ နောက်ဆုံး စကားကိုတော့ အားနာစရာကောင်းတာ ညိုသိသည်။ မင်းဇင်က မကျေ မနပ်နှင့်...

"ဟင်...နင့်ဟာက ဘုရားပြီး ငြမ်းဖျက်"

"ငြမ်းလည်း ငြမ်းကသိုလ်ရပြီးပြီပဲဟာ၊ မဖျက်ပစ်ရင် ရှုပ်နေမှာ ပေါ့"

"အေးပါ...နင်က စကားတတ်တိုင်း"

"ငါ့မှာ စကားပဲတတ်ခွင့်ရှိတာပါ"

"မသနားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင့်လည်း မသနားနိုင်းပါဘူး"

"ဩော်...မသွားခင် မှာခဲ့ဦးမယ်"

မင်းဇင်မျက်နှာက မသက်ာစရာ...

"ဘာလဲ"

"ငါ့အကြွေးကို မသေခင် ဆပ်ခဲ့ဦး"

"အောင်မာ ငါ့များ နင်က..."

"အေးလေ...နင်တို့မျိုးရိုးက သက်ဆိုးမှ မရှည်ကြတာ၊ တော်ကြာ သံသရာမှာ ပါသွားရင် လိုက်ယူနေရမှာ စိုးလို့"

မင်းဇင်က အမှန်တော့ မခံချင်အောင် စခြင်းဖြစ်သည်။ သို့သော် မေဦးမှာက အရှိက်ထိသွားရသလို ဘာမှ ပြန်မပြောနိုင်တော့။ မင်းဇင် ကလည်း ပြောပြီးပြီးချင်း ပြေးထွက်သွားတာမို့ မေဦးဘယ်လို ကျန်ခဲ့လဲ သိမှာ မဟုတ်။

"လာပါ...မေဦးရယ်၊ မင်းဇင်က မေဦးကို အနိုင်ယူချင်လို့ နောက်သွားတာပါ၊ တကယ် နစ်နာစေချင်လို့ပြောတာမှ မဟုတ်တာ"

"မေဦးသိပါတယ်၊ ဒါပေမဲ့ သူပြောတာမှန်နေတယ်လေ၊ သူ မမှားပါဘူး စိတ်လည်း မဆိုးဘူး၊ စိတ်မကောင်းတာ တစ်ခုပဲ"

"ထားပါကွာ၊ ဒါနဲ့ မေဦးက သူ့ကို ဘာလုပ်ခိုင်းလို့လဲဟင်"

"ဩော်...မဟူရာလိုချင်တာနဲ့ တစ်ဆင်စာ လုပ်ခိုင်းထားတာလေ ပြီးတော့မှ ဗေဒင်ထဲမှာ မဟူရာမဝတ်ရဆိုတာနဲ့ မယူသေးဘူးပြောလိုက်တာ"

"ဟုတ်လား...မေဦးက ဗေဒင်ယုံလို့လား"

"ယုံတယ်မယုံတယ် မဟုတ်ပါဘူး၊ ဒီလိုပဲပေါ့"

"ဒါနဲ့များ မေဦးရယ်"

"ဘာရယ် မဟုတ်ပါဘူး၊ မဝတ်ရဆို မဟုတ်ဘဲနေလိုက်လို့ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ ဝတ်မိမှ တစ်ခုခု စိတ်ပင်ပမ်းနေရရင် နောင်တရနေမိမှာ စိုးလို့၊ တစ်ခါတည်း လိုက်နာထားလိုက်တာ''

"အဲဒါဆို ညီ့ပဲ အေးတယ်၊ ညီ့ကတော့ ဟိုလက်စွပ်ငါးကွင်းက လွဲရင် ဘာမှ မဝတ်ဘူးလေ''

ဟုတ်ပါသည်။ ညီ့ကိုယ်ပေါ်မှာက ထိုလက်စွပ်ငါးကွင်းမှလွဲလျှင် ဘာလက်ဝတ်လက်စားမှ မတွေ့ရပါ။ လက်ဝတ်လက်စား အကူအညီမလိုပါ ဘဲနှင့်ကို ညီ့ပုံစံက ပြီးပြည့်စုံကာ သန့်ပြန့်လှပနေပြီးနေပြီ။

"ဩော်...ခုမှ သတိရတယ်သိလား မေဦးရေ''

"အင်း...ဘာသတိရတာလဲ''

"ခုပဲ ဖေဖော်ဝါရီထဲ ဝင်ပြီလေ''

"အင်းလေ...ဘာဖြစ်လဲ''

"(၁၄)ဖေဖော်ဝါရီ ရက်နေ့ နီးလာပြီ''

ညီ့မျက်နှာလေးက မျှော်လင့်ချက်၊ ယုံကြည်ချက်တို့နှင့် ဝင်းလက် တောက်ပနေသည်။

"အင်းနော်''

"ဒီနှစ်တော့ ညီ့ တစ်ခုခုလုပ်မယ် သိလား''

"ဘာလုပ်မှာလဲ ညီ့''

မေဦး အလန့်တကြား ပြန်မေးရ၏။

"အင်းလေ...ဒါပဲ မေဦးကို တိုင်ပင်မလို့''

"ပြောလေ''

မေဦးက လန်းဆန်းချိုရီနေသော ညီ့မျက်နှာလေးကို ရင်ခုန်စွာ ကြည့်ကာ သက်ပြင်းခိုးတစ်ချက် မသိမသာချမိသည်။

"ခါတိုင်း ဖေဖော်ဝါရီ (၁၄)ရက်နေ့ဆိုရင် သူက(၁၃)ရက်ေ ည သန်းခေါင်ကျော် (၁၄)ရက်ထဲအဝင်မှာ ခြံဝမှာ ပစ္စည်းလာ,လာချထားတော့''

www.burmeseclassic.com



"အင်းလေ...ညိုပြောဖူးသားပဲ"

"ဒီနှစ်တော့ ညိုတို့ သူ့ကို သွားစောင့်ဖမ်းရအောင်နော်"

"မြတ်စွာဘုရား"

မေဦး ဘုရားဆူဆူကို ပြေးတမိသည်။

"ဘယ်...ဘယ်လိုစောင့်ဖမ်းမှာလဲ ညိုရဲ့"

ထိုအခါကျမှ ညိုက ရှက်သွားကာ...

"အာ...စောင့်ဖမ်းမယ်ဆိုတာ စကားအရ ပြောတာပါ။ ဘယ်သူလဲဆိုတာ သိရအောင် တိတ်တိတ်ကလေး သွားစောင့်ကြည့်မှာပေါ့"

"ဘယ်က စောင့်မှာလဲ"

"မေဦးကားနဲ့လေ၊ ညိုတို့ခြံပြင်ထောင့် မှောင်ရိပ်မှာ ကားထိုးထားပြီး ရပ်စောင့်ကြည့်ကြမယ်"

"သူက ကိုယ်တိုင်မလာဘဲ တခြားသူလွှတ်ရင်ကော"

"အင်းနော်...ဘာပဲဖြစ်ဖြစ် သဲလွန်စတော့ ရတာပေါ့၊ လုံးဝမလာဘဲတော့ နေမှာ မဟုတ်ဘူးလို့ ထင်တာပဲ မေဦးရယ်"

"အဲ အင်း...အင်း...ဟုတ်တယ်၊ လုံးဝ မလာဘဲတော့ နေမှာမဟုတ်ပါဘူး"

"အဟင်း...မလာရင်တော့ ညို သေမှာပဲ သိလား"

ညိုက အရယ်တစ်ဝက်နှင့်ပြောနေသော်လည်း မျက်ဝန်းထောင့်စွန်းမှ မျက်ရည်ခိုးများကို မေဦးက တွေ့ဖြစ်အောင် တွေ့လိုက်သည်။

'ညိုရယ်'

မေဦးရင်ထဲမှ ညည်းတွားမိခြင်းသာ ဖြစ်၏။

အဆောင်၏ ညှော်တွေ့ရာနေရာလေးသည် တဖြည်းဖြည်းအေးစိမ့်မှောင်မဲစပြုလာနေပြီ၊ တဖျတ်ဖျတ်လင်းလက်လာသော အဆောင်ဆောင်အတုများနှင့် ညအမှောင်ထုအတွက်တော့ အတော်အသုံးဝင်တာ သေချာပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လောကမှာ အကျိုးပြုသော အတုတော်တော်များများရှိနေတာ ရှိလာတာကို မေဦး သတိပြုမိသည်။ ထိုအတုများသည် 'အတု'ဟူသော အမည်နာမကလွဲလျှင် ကျန်စစ်မှန်မှုများအားလုံးကို ပိုင်ဆိုင်သော အတုများ ဖြစ်ကြသည်။ အစစ်မဟုတ်တာတစ်ခုတည်းနှင့်တော့ သူတို့ကို လွဲဖယ်နိုင် ခွင့်မရှိပါ။

ခြံစည်းရိုးအုတ်တံတိုင်းပေါ်မှ တွဲခိုကျနေသော နွယ်ပင်စိမ်းစိုစို များသည် အတုဖြစ်သည်။ ပန်း အိုးထဲမှ တာရှည်ခံပန်းများသည် အတုများ ဖြစ်သည်။ ဖြာကျနေသော အလင်းရောင်များသည် အတုများဖြစ်သည်။ သို့သော် ထိုအတုများအားလုံး သူ့နေရာနှင့်သူ အံဝင်ခွင်ကျကာ ထိုက်တန် သော တန်ဖိုးတစ်ခုတော့ ရှိသည်ချည်း။

မေဦးကတော့ ညို့၏ မိတ်ဆွေစစ်ဖြစ်ချင်သည်။

ညိုကလည်း မေဦးကို သူ၏ မိတ်ဆွေစစ်ပဲ ဖြစ်စေချင်ပေလိမ့် မည်။

ရင်ထဲမှ စစ်မှန်သောအရာများသည် တစ်ခါတစ်ရံ ထုတ်ဖော်ခွင့် မရှိတာကတော့ ဆိုးပါသည်။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



# [၁]

ငါ့အပေါ် တဖေါဖေါထိုးကျနေတဲ့ အရိပ်မဲ့ ရေတံခွန်တစ်ခု...
'rest mass' တစ်ခုစီနဲ့ ရပ်တံ့နေတဲ့အလင်းမှုန်များ...
သူတော်ကောင်းယောင်ဆောင်ထားတဲ့ လောဘ်ပေးလာဘ်ယူ ရာသီဥတု...
ငါ ဘာတစ်ခုမှ အဖြေထုတ်လို့မရခဲ့သေးဘူး။
အနားသပ်မထားတဲ့ ဗွာလံကြဲ ကံကြမ္မာအစအနတွေကို သစ်တင်ရင်း...
နှင်းစက်တွေ သုံ့အသွားတာကို ငေးကြည့်နေမိတယ်။
အနာဂါတ်နဲ့ ကံကြမ္မာရဲ့စီးချင်းထိုးပွဲမှာ
အနိုင်ရလိုက်သူဟာ ဘယ်သူပါလဲ။

ဖေဖော်ဝါရီ ၁၃ ရက်

ထိုနေ့တွင် လူတချို့မွေးဖွားခဲ့လိမ့်မည်။ လူတချို့သေဆုံးခဲ့လိမ့်မည်။

ထိုနေ့တွင် လူတချို့ အောင်မြင်ခဲ့လိမ့်မည်။ လူတချို့ ကျရှုံးခဲ့လိမ့်မည်။

ထိုနေ့တွင် လူတချို့ ငိုကြွေးခဲ့လိမ့်မည်။ လူတချို့ ရယ်ရွှင်ရယ်မောခဲ့လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်...

ထိုနေ့သည် မေဦးတို့အတွက်တော့ အပရိကနေ့တစ်နေ့ ဖြစ်ခဲ့သင့်သည်။

မနက်က ဆိုင်သို့ မေဦးထွက်လာတော့ ညို မလိုက်လာခဲ့။ ညို့မေမေ ဖုန်းဆက်မှာမို့ကော၊ ဒေါ်ကြီးလာမှာမို့ကော ညို ဆိုင်မလိုက်နိုင်။

"မေဦး"

"ဟင်"

"မှာရဦးမယ် သိလား"

"မှာလေ...ဘာဝယ်ခဲ့ရမလဲ၊ ညကျ စားဖို့လား"

"အာ...မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"ညကျသွားမယ့်ကိစ္စ ရေချမ်းမသိစေနဲ့နော်"

"ဩော်...ဒါလား၊ စိတ်ချ မပြောဘူး"

"ညို့ကို မေးရင် နေမကောင်းဘူးလို့ မပြောမိစေနဲ့ဦးနော်၊ တော်ကြာ လာကြည့်နေဦးမယ်"

"အင်းပါ...ဒါပေမဲ့ မနက်ဖြန်လောက်တော့ သူ မလာဘဲ နေမှာမဟုတ်ဘူး"

"ဒါက ကိစ္စမရှိဘူးလေ၊ အင်း...ရေချမ်းနဲ့တော့ ခက်တော့တာပဲ"

ညိုက ဖွဖွကလေး ညည်း၏။ ရေချမ်းကို အားနာစိုးရိမ်တာထက် ညကျတွေ့ရမည့် မျှော်လင့်မှုက ပိုနေတာမို့ ညို့မျက်နှာလေးက ခါတိုင်း ရေချမ်းကို စိုးရိမ်သလို အရမ်းကြီး ညိုးကျမသွားတော့။ ဖြူစင်လန်းဆန်းနေသည်။ မေဦးကတော့ 'ရေချမ်းရေ အမှု...အမှု'ဟုသာ အော်လိုက်ချင်တော့သည်။

ဆိုင်ရောက်တော့ နှင်းပွင့်က...



www.burmeseclassic.com

www.burmeseclassic.com



"မမမေဦး ဖုန်းလာထားတယ်"

"ဘယ်ကလဲ"

"ဦးအဂ္ဂ"

"ဟင်...ဘာကိစ္စလဲ"

"သူ ခဏနေရင် လာမယ်တဲ့"

သူက တမော့င့်ဟု မေဦး မချိုမချဉ်ပြုံးကာ ရေရွတ်မိ၏။ ကိုယ့်ဒဿကအပူနှင့်ကိုယ် မေဦးမှာ သူ့ကိုတောင် သတိမရအား။ သူကမော ဘာမှ မဟုတ်ဘဲနဲ့ ဘာတွေ ကြံစည်ချင်နေလဲ မသိ။ ရေချမ်းလည်း ခုလောက်ဆို တစ်ခုခုကြံနေမှာဟု တွေးကာ မေဦးပြုံးမိ၏။

"ဘာပြုံးတာလဲ"

"ဟာ...ရေချမ်း၊ နင့်ကို တွေးပြီး ပြုံးတာ"

"ငါ့ကို တွေးပြီးပြုံးတာ ဟုတ်လား"

"အင်းလေ"

"ဟော့...စိတ်နဲ့တောင် မပြစ်မှားနဲ့နော်"

"သေလိုက်...သေပစ်လိုက်၊ နင့်ပဲ ပြစ်မှားရဦးမလား၊ တခြား ပစ်မှားစရာရှိပ..."

"သိပ်ဝေးဝေးလံလံရှာရမှာစိုးရင် ကျွန်တော့်ကိုပဲ ပြစ်မှားလိုက်ပါ လား"

မြတ်စွာဘုရား။ မေဦး ခေါင်းနပန်းကြီးကာ ထုံးစံအတိုင်း ဘုရားပဲ ဖိတရတော့သည်။ ပုဂ္ဂိုလ်ကျော်က ရေချမ်းနောက်က ပါလာတာကို မေဦးက လုံးဝ မတွေ့။

"နစ်နာနေဦးမယ်"

မေဦး ရှက်ရှက်နှင့် မကျေမချမ်းရေရွတ်တော့ သူတို့က ဟားဟား ဟား ရယ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်တော့ အနစ်နာခံနိုင်ပါတယ်"

"ဒီလောက်တော့ ကိုအဂ္ဂက အနစ်နာခံမှာပါ"

...ဟု တပြိုင်တည်း ပြောမိကြကာ သူတို့နှစ်ကား သူတို့ သဘောကျပြီး လက်ဝါးချင်းပင် ရိုက်လိုက်သေးသည်။ ပြီးမှ...

"ညိုရော"

"ညို ဒီနေ့ ဒေါ်ကြီးလာမှာမို့လို့ လိုက်မလာတာ"

"အာ...အဲဒီအဒေါ်ကြီးက ရှုပ်လိုက်တာ"

ရေချမ်းက မကျေမချမ်းညည်း၏။

"အင်း...ဒီညတော့ ငါမအားဘူး၊ မနက်ဖြန်ကျရင်တော့ ညို့ကို တွေ့ချင်တယ်"

မေဦးက တမင်ပင် ငြင်းလိုက်၏။

"အာ...မနက်ဖြန်လည်း မေဦးရော ညိုပါ မအားဘူး၊ သွားစရာရှိတယ်"

"ဘယ်လဲ"

"ဘယ်ဖြစ်ဖြစ်ပေါ့"

မေဦးက မျက်နှာလေးချိုကာ ဖြေတော့ မျက်နှာသေမင်းသား ကိုအဂ္ဂက ရေချမ်းဘက်ကို လှည့်ကာ အကူအညီတောင်းသလို ကြည့်၏။ ရေချမ်းကလည်း မတောင်းခင်က ကူချင်ပြီးသား (သူ့အရေးပါ ပါတာကိုး) မို့-

"မေဦး...မနက်ဖြန်ကျရင် နင်ရယ်၊ ငါရယ်၊ ညိုရယ်ကို ကိုအဂ္ဂက ထမင်းကျွေးမလို့တဲ့"

မေဦးက သူ့ကို ဖျတ်ခနဲကြည့်လိုက်တော့ သူက ကဗျာကယာ ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်...ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲဟင်၊ မနက်ဖြန် ကိုအဂ္ဂမွေးနေ့လား"

မေဦး၏ တမင်ပင် မသိကျိုးကျွံဟန်လေးဖြင့်မေးတော့ အဂ္ဂမော် မငြိမ်မသက်နှင့် ရေချမ်းကို စစ်ကူတောင်းပြန်သည်။ ပြောချင်လျှင်တော့ စွတ်ရွတ်ပြောတတ်ပြီး ခုကျပြန်တော့ သူပဲ ဘာမှ မခုတ်တတ်တဲ့ ကြောင်ပျင်းကလေးလိုလို ဘာလိုလိုနှင့်။

"အာ...မေဦးရယ် မနက်ဖြန် (၁၄) ဖေဖော်ဝါရီ ရက်နေ့လေ"

"သြော်...(၁၄)ဖေဖော်ဝါရီ ရက်နေ့လား၊ အင်းအင်း...သူတော် စင်ကြီးရဲ့ မေတ္တာတရားကို ဂုဏ်ပြုကြမယ်ပေါ့ဟုတ်လား"

မေဦး ငေါ့တော့တော့လေးမေးတော့ နှစ်ယောက်သား ခေါင်းကုတ် လက်ကုတ် ဖြစ်သွားကြသည်။ ပြီးမှ...

"အဲဒီသဘောပဲပေါ့ မေဦးရယ်"

...ဟု ရောချလိုက်လေသည်။ မေဦးမှာသာ ရယ်ချင်လျက်နှင့် မရယ်ရဲဘဲ ကြိတ်မှိတ်မျိုချထားရသည်။ နှင်းပွင့်နှင့်ဝေကတော့ ကြိတ်ရယ် ကြ၏။ ပြီး...နှင်းဆီပန်းစည်းလေးတစ်စည်း ယူလာပြကာ...

"ဦးအဂ္ဂ...ကိုရေချမ်း"

"ဗျာ"

"ခင်ဗျာ"

"ဒီမှာကြည့်စမ်း...နှင်းပွင့်တို့ကို လက်ဆောင်ပေးတာ (၁၄) ဖေဖော်ဝါရီ လက်ဆောင်လေ"

"ဟုတ်လား"

"ဦးအဂ္ဂရော မပေးဘူးလား"

ဝေဝေက မျက်နှာပိုးလေးသပ်ကာ ရှုပ်တည်လေးနှင့်တော့ အဂ္ဂမော်လှုပ်လှုပ်ရှားရှားဖြစ်သွားကာ...

"ဘယ်...ဘယ်သူ့ကိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညော်...ပေးချင်တဲ့သူကိုပေါ့၊ ရိုးချင်ယောင် ဆောင်ပြန်ပါပြီ"

နှင်းပွင့်က ဝင်ပြောတော့ ပိုဆိုးသွားတော့သည်။ မေဦးကတော့ ဖွဲ့ကြည့်ပရိတ်သတ်ပင်။ ဝေက ခပ်တည်တည်နှင့် ထပ်ပြော၏။

"နှင်းပွင့်လေး လူကြီးကို အဲလို မနောက်နဲ့လေ၊ ဦးအဂ္ဂပေးချင် တယ်ဆိုရင် အလုပ်ဖြစ်သွားအောင် အဲဒီပန်းကို ပြန်ရောင်းလိုက်လေ"

"အာ...ခင်ဗျားလေးတို့ကို သူများပေးထားတာဆို"

"အင်းလေ...မေတ္တာမှ မမျှနိုင်တာ ဦးအဂ္ဂရယ်၊ ရောင်းစားလိုက် တာ အေးပါတယ်"

နှင်းပွင့်က မင်သေသေနှင့်ဆို၏။ ဝေကတော့...

"ရော့...ဦးအဂ္ဂ လျှော့ဈေးနဲ့ပေးမယ်၊ တစ်ဝက်ဆုံး၊ တစ်ဝက် ဆိုင်း၊ ကြိုတိုင်းတောင်း၊ တွေ့တိုင်းပေးပေါ့"

အဂ္ဂမော် ယောင်တောင်တောင်နှင့် ပန်းစည်းကို လှမ်းယူ၏။ တချိန်လုံး ထိုင်ရယ်နေသော ရေချမ်းက...

"ကိုအဂ္ဂ တကယ်ပေးတော့မှာလား"

"ဟာဗျာ"

"ရော်...တကယ်ပေးရင် ကျွန်တော်တို့ ရောင်းပေးမလို့ပါ"

အားလုံး တဟားဟား ဝိုင်းရယ်ကြ၏။ မထူးတော့ပြီမို့လား မသိ။ အဂ္ဂမော်က မေဦးကို အားလုံးရှေ့မှာပင် ပန်းစည်းကို ကမ်းပေးလိုက် တော့သည်။

"ဝေး...ဦးအဂ္ဂကွ"

နှင်းပွင့်တို့က နောက်သော်လည်း သူက မမှုတော့။ အိတ်ထဲမှ တတ္တိပါဘူးအနီလေးတစ်ခုပါ ထုတ်ကာ ပေး၏။

"မေဦးဖို့"

"အာ...ဟင့်အင်း မယူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ယူပါ၊ မယူရင် ဝိုင်းအော်နေကြဦးမယ်"

မေဦး ရက်ရက်နှင့် ကောက်သိမ်းထားလိုက်ရသည်။ အထဲမှာ ဘာမှန်းတော့ မသိ။ သေချာတာက ငန်းကလေး(၆)ကောင် မဟုတ်နိုင်တာပါပဲ၊ ရေချမ်းကို ဘုကြည့်ကြည့်မိတော့ အလိုတူအလိုပါ။ (ခုမှ ရက်ရက်ရောရော)ခေါ်လာသော ရေချမ်းက စပ်ဖြဲဖြဲနှင့်၊ သူ့ကံကြမ္မာ သူ သိသေးပုံ မပေါ်။

"မနက်ဖြန် ကိုယ် အဆောင်မှာ လာခေါ်မယ် သိလား"

အရေးထဲ သူက ငှက်ကိုင်းကာ မှာနေသေးသည်။ ရေချမ်းကတော့ အပိုင်ပုံစံနှင့်...

'ညီ့ကိုလည်း ပြောထားလိုက်'တဲ့။

လောကမှာ ဘာမှ မသေချာတာ သူတို့ သိကြသေးပုံ မပေါ်။

(၁၃)ရက်တကာ (၁၃)ရက်တွေထဲမှာတော့ ဒီ(၁၃)ရက်က နည်းနည်း ထူးခြားနေသည်။ အဂ္ဂမော်၏ ပန်းစည်းလေးနှင့် ကတ္တီပါဘူးနီကလေးကပင် မေဦးအတွက် အဆိုးများကို ချေဖျက်ကာ ကောင်းခြင်းများ ယူဆောင်လာလေသလား။

ကံကြမ္မာကတော့ မျက်လှည့်ဆရာ ဆန်နေလေသည်။

တစ်ခုပါပဲ။ အားလုံးကို မျက်ရည်ပေါက်ကြီးငယ်ကျရင်း အံ့ဩပေးလိုက်ဖို့အင်အား မေဦး မွေးထားခဲ့ပါသည်။

Tarot (၇၈)ချပ်တွင် ပထမဆုံး နံပါတ် (၁)အချပ်သည်...

Magician ဖြစ်လေသည်။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



# [ ၈ ]

ညနေ မေဦးပြန်ရောက်တော့ ညိုက ပြင်ဆင်ထားတာ အဆင်သင့် ဖြစ်နေပြီ။

"ဟင်...ညို အစောကြီး ပြင်ထားတယ် ဟုတ်လား"

"အင်းလေ...ညို ဒီနေ့ညဲ့ မေဦးကို ထမင်းကျွေးမလို့"

"ဒါများ ညိုရယ်...အဆန်းလုပ်လို့"

"မဟုတ်ဘူး...ဒီညက စပယ်ရှယ်ကျွေးမှာ"

"ညို...ပျော်နေလား"

"အင်း...ရင်တောင် ခုန်နေသေးတယ်"

ညိုက ပြုံးစိစိလေးနှင့် မေဦးလက်ကိုဆွဲကာ သူ့ရင်ဘတ်ကို စမ်းခိုင်းနေသေးသည်။

"အိုကေ...ဒါဆို ခဏစောင့်၊ မေဦး ရေချိုး၊ အဝတ်လဲဦးမယ်"

ရေချိုး၊ အဝတ်လဲရင်း မေဦးက ဒီနေ့ အဂ္ဂမော်ရောက်လာတာကို ပြောပြသည်။ ညိုက သဘောကျစွာ ရယ်မောရင်း...

'အဲဒီ ကိုအဂ္ဂကလေ ရယ်ရတယ် သိလား' တဲ့။

ရေချမ်း မှာလိုက်တာကို ပြောတော့ သိပ်စိတ်ဝင်စားဟန်မပြ။

'ဒီည ဘာဖြစ်မလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး မီးစင်ကြည့်ကတာ ပေါ့' တဲ့။

www.burmeseclassic.com

www.burmeseclassic.com



မေဦးနှင့်ညို my other place မှာ ညစာစားဖြစ်ကြသည်။ ပြီး...အချိန်ဖြုန်းသည့်အနေနှင့် ကားလျှောက်မောင်းကြကာ မြို့ထဲ မြို့ပြင် အကုန်နှံ့သည်။ ထိုအခါကျမှ ရန်ကုန်၏ ညရှုခင်းကို မေဦးတို့မြင်ခွင့်ရကြတော့သည်။

ဆယ့်တစ်နာရီထိုးတော့မှ...

"ညို ဆယ့်တစ်နာရီထိုးပြီ"

"အင်း...သွားကြတာပေါ့"

"သွားတာက ဟုတ်ပါပြီ၊ ညို့အိမ်ကို ပြောဦးလေ။ မေဦးမှ မသိတာ"

"အဲ...ဟုတ်သားပဲ။ ညို လမ်းပြမယ်။ ညိုလမ်းပြမယ်"

ညိုက လမ်းပြ၏။ ထိုအခါကျမှ အဆောင်ထဲမှာ ဆိုင်ထဲမှာပင် ဘဝကို မြှုပ်နှံထားမိသော မေဦးလည်း ကိုယ့်အိမ်ကိုယ် သတိရတော့၏။ မေဦး ညို့အိမ်ကို မသိသလို ညိုလည်း မေဦးအိမ်ကို မသိသေးပါ။ နောက်မှ ညို့ကို အလည်ခေါ်ရဦးမည်။ လောလောဆယ်တော့ မကုန်ဆုံးသေးသည့် (၁၃)ရက်ညသည် အရေးကြီးနေသည်။

ဆယ့်တစ်နာရီမခွဲခင်မှာပင် မေဦးနှင့်ညို ညိုတို့ခြံဘေး မှောင်ရိပ်ထဲတွင် ကားထိုးရပ်ပြီးသွားကြပြီ။ ကံကောင်းသည်က ဒေါ်ကြီးတို့ အိပ်နေကြခြင်းပင်။ မဟုတ်လျှင် ကားသံကြားကာ ထွက်ကြည့်နိုင်သည်။

"ညို ဖုန်းပါလာတယ် မဟုတ်လား"

"အင်း...ပါတယ်"

"ခဏလောက်"

"ဘယ်ဆက်မလဲ-ကိုအဂ္ဂဆီလား"

ညိုက အမျှော်စဉ်နှင့် နောက်၏။

"မဟုတ်ပါဘူး၊ မွင်းဇင်ဆီပါ၊ အလုပ်ကိစ္စ..."

www.burmeseclassic.com

www.burmeseclassic.com


"ဟင်...ဒီအချိန်ကြီး"

"အင်း...သူက ဒီအချိန် အိပ်လေ့အိပ်ထ မရှိဘူး"

မေဦး ဖုန်းဆက်၏။ မေဦးဘက်က ဘာမှ သိပ်ထွေထွေထူးထူး မပြော။ မင်းဇင်ပြောတာ နားထောင်ပြီး ဖုန်းပိတ်လိုက်သည်။

ဆယ့်နှစ်နာရီထိုးပြီ။

'ဟူး... (၁၄)ရက်ထဲ ရောက်ပြီ'

မေဦး သက်ပြင်းကြီးချကာ စိတ်ထဲက ရေရွတ်မိ၏။

အမှောင်လမ်းလေးထဲမှာတော့ ဘာ အရိပ်အရောင်မှ မတွေ့ရ။

၁၂း၁၅။

ညို နာရီလေးကို ကြည့်ကာ သက်ပြင်းကြိတ်ချသည်ကို တွေ့ရ၏။

၁၂း၃၀။

ညို့ထံမှ လှုပ်ရှားသံပင် မကြားရတော့။ စတီယာရင်ကို အကြောင်းမဲ့ တင်းနေအောင် ဆုပ်ထားမိသော မေဦးလက်များ နာကျင်လာသည်။

၁၂း၄၅။

"ဟော..."

ညို လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကားသံသဲ့သဲ့ ကြားရခြင်း ဖြစ်သည်။ ညို့တို့ခြံက ထောင့်ခြံ။ လမ်းသွယ်ထဲ ချိုးကွေ့လာမှ ဂိတ်ရှေ့ ရောက်မည်ဖြစ်သည်။ သို့သော် ကားသံက ရပ်သွား၏။ ခြံထောင့်မှာပင် ရပ်သွားသံမျိုးမို့ မေဦးရော ညိုပါ အသက်ပင် မရှူမိဘဲ စောင့်ကြည့် နေမိကြသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဖျတ်...ဖျတ်"

ကတ္တရာလမ်းနှင့် ဖိနပ်အောက်ခံ ထိခတ်သံမျိုး ကြားလိုက်ရသည်။ ခြံဂိတ်မှ ဖြာကျနေသော မီးရောင်ပြာလဲ့လဲ့အောက်သို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့ရ၏။

"မြတ်စွာဘုရား"

မေဦး ထုံးစံအတိုင်း ဘုရားတမိသည်။ ထိုအရိပ်ကို မေဦး သံသယဝင်မိသောကြောင့် ဖြစ်သည်။ ဝင်လာသူက ဂိတ်ရှေ့သို့ရောက်သောအခါ ရပ်ပြီး လွယ်လာသော ကျောပိုးအိတ်ထဲမှ အထုတ်တစ်ထုတ်ကို ထုတ်ကာ စာတိုက်ပုံးပေါ် တင်လိုက်၏။ ပြီး...အိမ်မဆီ တစ်ချက်လှမ်းမျှော်ကြည့်သည်။

"ဖုတ်"

"ညောင်"

ကြောင်တစ်ကောင် မြူတ်ကျလာပြီး ဖြတ်ပြေးသဖြင့် ထိုသူ လန့်ရှောင်လိုက်ရာ အလင်းတည့်တည့်သို့ ရောက်သွားတော့သည်။

"ဟင်"

"ဟာ"

မေဦးကို လာရောက်ဆုပ်ကိုင်သော ညို့လက်ကလေးများ အေးစက်တုန်ရီနေသည်။ မေဦးလက်များလည်း အေးစက်နေသည်ကိုတော့ ညို သိနိုင်မည် မထင်ပါ။

ညို့က ပြန်လှည့်ထွက်သွားသော သူကို ကြည့်ပြီး...

"မေဦးရယ်...ညို အံ့သြလိုက်တာ ထင်မထားခဲ့ဘူး"

မေဦးကတော့ ဆွံ့အနေသူပမာ။ ကားစတီးရာရင်ကို တင်းတင်းဆုပ်ထားမိသည်။

ကားနောက်မှီကို လျှော့ထိုင်ရင်း ညို အံ့သြမှု မယုံကြည်နိုင်မှု



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာမှုတို့နှင့် ပျော်ရွှင်နေချိန်တွင် မေဦးကတော့ အမှောင်ထဲမှာ ညို့မသိအောင် မျက်ရည်ကျနေမိသည်။

1:00 AM

တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သော ကားစက်သံက မေဦး၏ ရင်ထဲမှ တော်လဲသံများကို မီလိမ့်မည် မထင်ပါ။

ဘာပဲ ဖြစ်ဖြစ် မေဦး ကျေနပ်ပါသည်။

ကံကြမ္မာပတ်မသံသည် ရင်ကွဲမတတ်ဆူညံနေစေဦးတော့...

ညို့အတွက် မေဦး ကျေနပ်ပါသည်။

2:00 AM

တစ်ခါတစ်ရံတွင်တော့...

မျက်လှည့်ဆရာများသည်

ပန်းများကို ပွင့်စေနိုင်တတ်သည်လေ။

ဒါကို မေ့ထား၍ မဖြစ်သေးပါ။

3:00 AM

အဝေးဆီမှ ဝင်ရောက်လာသော...

အလင်းရောင်များသည်

နံနက်ခင်း၏ အလင်းစစ်များလား

ည၏ မိတ်ဆွေ အလင်းတုများလား။

5:00 AM

မိုးသောက်လာသော နံနက်ခင်းအသစ်တစ်ခုသည်

www.burmeseclassic.com

www.burmeseclassic.com



ရေတံခွန်အတုတစ်ခုနှင့် ခပ်ဆင်ဆင်တူနေခဲ့လိမ့်မည်ဟု မေဦး တစ်ခါမှ မတွေးထားခဲ့ဘူးပါ။

✿✿✿✿✿

www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး

ပိုးတဝါးအလင်းရောင်အောက်တွင် မေဦး ရပ်နေသည်။

ခဏနေတော့ ကားတစ်စင်း မေဦးနား ဆိုက်လာ၏။

"ရေချမ်း"

"အစ်ကြီး နင်ခေါ်တာ အရေးကြီးလို့လား။ ငါ တစ်ညလုံး မအိပ်ရသေးဘူး"

"ငါသိပါတယ်"

"နင် သိတယ်၊ နင် ဘယ်လိုသိတာလဲ"

"ငါကိုယ်တိုင် နင့်ကို တွေ့ခဲ့တာလေ"

"ဘာ..."

ရေချမ်း အံ့ဩတုန်လှုပ်သွား၏။ ပြီးမှ...

"နင်...နင် ဘယ်လို တွေ့တာလဲ"

"အဲဒီခြံဘေးက အမှောင်ရိပ်ထဲမှာ ငါရှိနေတယ်"

"ဟာ...မဖြစ်နိုင်တာ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ညီတောင် အတူပါလာသေးတယ်"

"ဘာ...ဟာ...တကယ်လား သွားပါပြီ"

ရေချမ်း ယူကြုံးမရဖြစ်ကာ နဖူးကို ဖျတ်ခနဲရိုက်၏။ ဦး—

www.burmeseclassic.com



ဘာလုပ်ရမှန်း မသိသလို ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

"နင်...ဘာဖြစ်နေတာလဲ ရေချမ်း။ ကိုကိုခိုင်းခဲ့လို့ နင် လုပ်ရတာ ထဲ ဘာမှ ကိစ္စမရှိဘူး"

ရေချမ်း မျက်လုံးပြူးသွားပြန်သည်။

"နင်...နင်...သိတယ် ဟုတ်လား။ ကိုရွှေဦးက နင့်ကို..."

"ကိုကို ငါ့ကို ဘာမှ မပြောသွားခဲ့ဘူး"

"ဒါဆို...နင် ဘယ်လို သိတာလဲ"

"မနှစ်က မင်းဇင်ဆီမှာ လုပ်သွားတဲ့ ရွှေလက်စွပ်ငါးကွင်းကို ပြီးခဲ့တဲ့ ဒီဇင်ဘာကမှ ငါ ငွေချေလိုက်ရတာ"

"ဘာဆိုင်လဲ"

"ဆိုင်တယ်။ အဲဒီလက်စွပ်ကလေးတွေ ဘယ်သူ့ဆီ ပို့ခဲ့လဲဆိုတာ ငါ သိနေတယ်"

"နင် သိတယ်"

"အင်း...ဒီနှစ်လက်ဆောင်ကကော ငန်းကလေး(၆)ကောင်မှ ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ နင် ဘယ်လို သိနေတာလဲ"

"အဲဒီ အရုပ်လေးတွေအားလုံး ငါမြင်ဖူးတယ်၊ ပြီးတော့...လက်စွပ် လေးတွေက ငါ့အတိုင်းနဲ့လုပ်ထားပြီး မင်းဇင်ရဲ့ဆိုင်တံဆိပ် အတွင်းမှာ ပါတယ်၊ ဒီလက်စွပ်လေးတွေပိုင်ရှင်ကိုလည်း ငါသိတယ်လေ"

"သိရင်ပြောပါဦးဟာ၊ ငါတောင် ကိုရွှေဦးခိုင်းလို့ လုပ်ရတာ၊ ဘယ်သူမှန်း မသိဘူး"

"ငါပြောပြပါ့မယ်၊ ဒါပေမဲ့ နင် ငါ့ကို ကတိပေးရမယ်"

"ဘာကတိလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ငါပြောပြပါ့မယ်၊ နင်ပေးချင်မယ့် ကတိမျိုးပါ”

မေဦးက စကားကို ခဏရပ်ပြီးမှ ပြန်ဆက်၏။

“ငါလေ တစ်ချိန်က သိပ်စိုးရိမ်ခဲ့ရတယ်၊ ခုတော့လည်း ကံကြမ္မာက အားလုံးကို မျက်နှာသာပေးလိုက်သလိုပဲ”

ရေချမ်းက မေဦးကို နားမလည်သလို ကြည့်၏။

“ရှင်းအောင်ပြောစမ်းပါဟာ”

“ပြောမှာပေါ့၊ နင် ညကသွားတဲ့အိမ်မှာ ညို့အိမ်ပဲ”

“ဘာ...”

ရေချမ်း တအံ့တဩနှင့် မေဦးကို မယုံနိုင်သလို ကြည့်သည်။

“ဟုတ်တယ်၊ ညို့ဆီ လက်ဆောင်တွေ တစ်နှစ်တစ်ခု ပို့ခဲ့တာ နင် မဟုတ်ဘူး၊ ကိုကိုပဲဆိုတာလည်း ငါသိတယ်၊ ညိုက အဲဒီလူကို အရမ်းသိချင်နေတာလည်း ငါသိတယ်၊ ပြီးတော့ ကုန်ကုန်ပြောမယ်ဟာ၊ ကိုကိုမရှိတော့တာ သိနေတဲ့ငါက အဲဒီလက်ဆောင်ကို ကိုယ်စားပေးပေးဖို့ တောင်ကြဲပြီး မင်းဇင်ကို မှာခဲ့သေးတယ်၊ ၁း၀၀ နာရီထိုးလို့မှ ဘယ်သူမှ မလာရင် ရုပ်ဖျက်ပြီး လာထားပေးဖို့၊ အဲဒါဘာလို့လဲ သိလား”

ရေချမ်း ထုံပေပေနှင့် မေဦးကို ကြည့်နေသည်။

“တစ်ခုခုသာ ရောက်မလာရင် ညို တစ်ခုခုဖြစ်မှာ သေချာနေလို့ပဲ”

အခြေအနေမှန်ကို ရိပ်စားမိသွားသော ရေချမ်း ခေါင်းငိုက်စိုက် ကျသွားသည်။

“ဒါပေမဲ့ ရေချမ်းရယ်၊ ငါတို့ကို ကံကြမ္မာက မျက်နှာသာ ပေးတယ်၊ သိလား”

ရေချမ်း ခေါင်းပြန်မော့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညက နင့်ကိုမြင်တော့ ညို အရမ်းပျော်သွားတယ်၊ နင်သိလား"

ရေချမ်း မျက်စိကို စုံမှိတ်ကာ ခေါင်းမော့ထားလိုက်သည်။ တစ်ခါတစ်ရံ ဘာကြောင့်မှန်းမသိ လျှံတက်လာတတ်သော မျက်ရည်စများကို အားလုံး ခေါင်းမော့ဖယ်ရှားဖူးကြပေလိမ့်မည်။ ရေချမ်းလည်း ထို့အတူပဲလားမသိ။

"ရေချမ်း"

"ဟင်"

"နင် ကတိပေးမလား"

"အင်း...ဘာလဲ"

"ညို့ကို ဘာမှ ပြောမနေပါနဲ့တော့၊ ညို သိထားတဲ့အတိုင်း သူ့ဆီ (၆)နှစ်ဆက်တိုက် လက်ဆောင်ပို့ခဲ့သူဟာ နင်ပဲလို့ သိနေပါစေ"

ရေချမ်းထံမှ ချက်ချင်း ပြန်တုံ့ပြန်သံ မကြားရ။

ခပ်လှမ်းလှမ်းမှာ မြင်နေရသော ရေတံခွန်အတုလေးကို လှမ်းကြည့်နေသည်။

"ညို ငြိမ်းချမ်းပျော်ရွှင်နေဖို့ နင် ကူမယ်မဟုတ်လား ရေချမ်း"

ရေချမ်း အံတစ်ချက်တင်းတင်းကြိတ်ပစ်လိုက်သည်။

ပြီးမှ...

"အင်းလေ...ငါတို့ လက်ခံချင်သလို ဖြစ်မလာတဲ့လောကကြီးကို သူဖြစ်လာသလိုပဲ လက်ခံလိုက်ကြတာပေါ့"

"ကျေးဇူးပဲ ရေချမ်း"

နွေဦးဟု မပီပြင်သေးသော်လည်း မင်းလွင်တချို့ယှက်သန်းနေသည့် တဝေါဝေါထိုးကျနေသော ရေတံခွန်လေးသည်...

ဘယ်လိုပင် အတုဟု ဆိုစေ...

အေးမြနေမှာကတော့ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေတံခွန်အာတု ၁၆ရ

အလင်းများပိပြင်တောက်ပလာနေပြီ။

မကြာမီ...

ညီုတစ်ယောက်

အပျော်များနှင့်အတူ နိုးထလာပေတော့မည် ။

မနော်ဟာရီ

၁၉/၁/၀၃

[illegible]

[illegible] (၄၀၀)ကျပ်

[illegible] 70 [illegible]

[illegible]

www.burmeseclassic.com